ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့၊ (26-4-2015) (၈၁၈၂)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှဲ့မမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်



ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင်ကျေးရွာရှိ အပန်းဖြေစခန်းသို့ရောက်ရှိလာစဉ်။ (ဓာတ်ပုံ-ရဲသူရအောင်)

# ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ အပန်းဖြေစခန်းများသို့ ရောက်ရှိလာ

**ပုသိမ် ဧပြီ ၂၅**

မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ရန်ကုန်မြို့သို့ရောက်ရှိနေသည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန် လူငယ်များသည် အုပ်ချုပ်သူနည်းပြ ဆရာ ဆရာမများလိုက်ပါ၍ ယနေ့ နံနက် ၆ နာရီက စုရပ်ဖြစ်သော ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ အထက(၁)လမ်းမတော်မှ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းသို့ ခရီးဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘက်စုံပညာထူးချွန်လူငယ်များသည် ရန်ကုန်မြို့၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

## ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်) တည်ဆောက်ရေး စီမံကိန်း ဘိုးပိုင်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

သတင်း စာမျက်နှာ - ၃





ကြေးမုံ စာတည်းရှုထောင့် ၂၆-၅-၂၀၁၅၊ တနင်္လာနေ့

# အပြုသဘောပူးပေါင်းဆောင်ရွက်ကြပါစို့

ယနေ့လောကတွင် အားနည်းချက်များ၊ ချို့ယွင်းချက်များ၊ လိုအပ်ချက်များ များပြားလှပါ၏။ ကြည့်လျှင် မြင်သည်၊ ရှာလျှင် တွေ့သည် ဆိုသည့်အတိုင်း အဆိုပါလိုအပ်ချက်များကို နေရာတိုင်းနီးနီးမှာ တွေ့နိုင်၊ မြင်နိုင်၊ သိနိုင်ကြပါသည်။ ယင်းတို့ကို မကောင်းသောအမြင်ဖြင့်သာ ကြည့်မည်ဆိုလျှင် နေစရာပင်ရှိမည်မဟုတ်ချေ။ ထို့ကြောင့်လိုအပ်ချက်များအား မြင်တွေ့လေတိုင်းထောင့်ပေါင်းစုံမှရှုမြင်ပြီး အပြုသဘောဆောင်၍ ကောင်းသောအမြင်ဖြင့် ကြည့်ရှုကာ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ခြင်း၊ ဝိုင်းဝန်းတည့်မတ်ထောက်ပြခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း စသည့်အမှုတို့ကို ပြုကြရမည်သာ ဖြစ်သည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမတွင်လည်း အကောင်းမြင်ကြည့်ပါဟု ဆိုထားပါသည်။ အစွန်းတရားနှစ်ပါးကိုရှောင်၍ မဇ္ဈိမပဋိပဒါ-အလယ်အလတ်ကျင့်စဉ်သည်သာ အကောင်းဆုံးဖြစ်သည်ဟု မှတ်သားဖူးပါသည်။ "ယောနိသော မနသိကာရ-သင့်တင့်မျှတစွာ နှလုံးသွင်းခြင်းသည် မွန်မြတ်၏"ဟု အဆိုရှိပါသည်။ ယင်းတို့ကိုအခြေခံကာ အကောင်းဘက်သို့ရောက်အောင် အားထုတ်ကြဖို့သာဖြစ်ပါသည်။

ဥပမာအားဖြင့် လက်တစ်ခုကိုကြည့်မည်ဆိုလျှင် လက်ဖဝါးနှင့် လက်ဖမိုးဟူ၍ နှစ်ဖက်ရှိမည်ဖြစ်သည်။ ထိုနှစ်ဖက်စလုံးကို ကြည့်မှသာလျှင် လက်အကြောင်းကို အမှန်သိနိုင်မည်ဖြစ်သည်။ ယခုအခါ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလဖြစ်၍ အင်းအိုင်၊ ကန်ချောင်းတို့ ရေခန်းခြောက်သည်မှာ သဘာဝပင်ဖြစ်သည်။ သို့သော် ယခုနှစ်အဖို့ ယခင်နှစ်နှင့်မတူ အပူချိန်မြင့်တက်သောကြောင့် ပို၍ရေခန်းခြောက်သည်ကို အနယ်နယ်အရပ်ရပ်တွင် မြင်တွေ့လာရပါသည်။ အထူးသဖြင့် အင်းလေးကန်ကြီး ရေနည်းလာမှုကို ထင်ရှားစွာမြင်တွေ့ရပါသည်။

ယင်းကို ရှုမြင်ရာတွင် တစ်ဦးက သိသာထင်ရှားသော ခန်းခြောက်မှုကို တင်ပြပြီး တစ်ဦးကမူ မသိသာသော မခန်းခြောက်မှုကို တင်ပြသဖြင့် အမြင်နှစ်မျိုးဖြစ်လာရာ လက်တွေ့မသိသူများအဖို့ မည်သည်ကိုယုံရမှန်းမသိဖြစ်နိုင်ပါသည်။ ယထာဘူတကျကျ အမှန်ကိုအမှန်အတိုင်း မျှတစွာတင်ပြခြင်းသည် အများယုံကြည်လက်ခံမှုတိုးပွားကာ ပူးပေါင်းဆောင်ရွက်မှုရရှိလာနိုင်ပြီး ကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

အမှန်တွင် လူအများအားထားရာ၊ အသုံးပြုရာ အဆိုပါနေရာများမှာ လုံးဝတိမ်ကောပျောက်ကွယ်နိုင်သည့်အခြေအနေသို့ မရောက်ရှိသေးပါ။ လက်ရှိအခြေအနေအရ ရာသီဥတုပြောင်းလဲမှုကို တစ်ကမ္ဘာလုံးရင်ဆိုင်ကြုံတွေ့နေရသော ကာလဖြစ်ပါသည်။ မိမိတို့၏အားနည်းချက်မှာ အသုံးပြုရန်သာနားလည်ကြပြီး ထိန်းသိမ်းစောင့်ရှောက်ရန်မှာမူ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအားနည်းလှသည်။

ယမန်နှစ်က ကြုံတွေ့ခဲ့ရမှုများကြောင့် ယခုနှစ်တွင် ထိုသို့မဖြစ်စေရန်၊ ယင်းကို အတတ်နိုင်ဆုံးကာကွယ်ထားရန်၊ ပိုမိုဆိုးရွားမလာစေရန် ကြိုတင်ဆောင်ရွက်ထားရမည့် အစီအမံများ အားနည်းသည်ကို ဝန်ခံရမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းတစ်ခုတည်းက ဆောင်ရွက်၍မရနိုင်ဘဲ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် သဘာဝပတ်ဝန်းကျင်အရေးကိစ္စမှာ အထူးအရေးကြီးသော ကိစ္စဖြစ်လာ၍ ဝိုင်းဝန်းအသိပေးထောက်ပြခြင်းများကို ကြိုဆိုရမည်ဖြစ်သည်။ သစ်တောများပြုန်းတီးသောကြောင့် နုန်းပို့ချမှုများပြားလာမှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုဆေးအလွန်အကျွံသုံးစွဲမှု၊ တည်ဆောက်ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများမှ မြေအသုံးချမှုများကြောင့် ရေထုညစ်ညမ်းမှု၊ လူတို့မဆင်ခြင်မှု၊ နှစ်စဉ်မထိန်းသိမ်းမှု စသည်တို့ကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများမှာ ရေရှည်ကုစားရမည့်အချက်များဖြစ်သည်။ လတ်တလော ဝိုင်းဝန်းထိန်းသိမ်းကြရမည်မှာ လက်ရှိအခြေအနေကြောင့် အဆိုးဘက်သို့ ပိုမရောက်အောင်၊ အခြားထိခိုက်မှုများမရှိအောင် လမ်းမှန်ညွှန်ပြ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ ဖြစ်ပါသည်။

သို့ဖြစ်ရာ လောကတွင် အားနည်းချက်များ၊ လိုအပ်ချက်များ အမြောက်အမြားရှိရာ အကောင်းမြင်၊ အပြုသဘောဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်အောင် ဓမ္မဓိဋ္ဌာန်ကျကျ အသိပေးခြင်းဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ကြပါစို့ဟု တိုက်တွန်းချင်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် သံလွင်မြစ်ကူးတံတား(ဖားဆောင်း)နှင့် မယ်စဲ့ကုန်သွယ်ရေးစခန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ကယားပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်အောင်နှင့် တာဝန်ရှိသူများနှင့်အတူ မေ ၂၄ ရက် နံနက် ၈ နာရီတွင် ကယားပြည်နယ် ဖားဆောင်းမြို့သို့ရောက်ရှိပြီး အထူးစီမံကိန်းများတည်ဆောက်ရေးအဖွဲ့ (၄)မှ တာဝန်ယူတည်ဆောက်နေသည့် သံလွင်တံတား(ဖားဆောင်း) တည်ဆောက်ရေး ရှင်းလင်းဆောင်တွင် သံလွင်တံတား(ဖားဆောင်း)တည်ဆောက်ရေးအင်ဂျင်နီယာမှူး ဦးကျော်ကျော်ဝင်းက အရှည် ၁၂၆၄ ပေရှိသံလွင်တံတား(ဖားဆောင်း)တည်ဆောက်မှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ မော်တော်ယာဉ်များစတင်ဖြတ်သန်းအသုံးပြုနေမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဘော်လခဲခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မယ်စဲ့ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ရခြင်းမှာ ဒေသခံကုန်သည်လုပ်ငန်းရှင်များ၏ တောင်းဆိုမှုကြောင့်လည်းကောင်း၊ ကယားပြည်နယ်ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း မယ်စဲ့နယ်စပ်စခန်း ဖွင့်လှစ်ပေးနိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ITC ကတ်ဖြင့် တစ်ဦးချင်းကုန်သွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းပြောကြားပြီး တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ဘော်လခဲခရိုင် မယ်စဲ့မြို့တွင် ဖွင့်လှစ်မည့် နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်းတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့သည်။ ထို့နောက် ဆက်လက်ထွက်ခွာလာရာ မြန်မာ-ထိုင်း နယ်နိမိတ်မျဉ်း BP-13 သို့ရောက်ရှိပြီး ဒေသမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူနှစ်နိုင်ငံ ကုန်သွယ်မှုဆောင်ရွက်နိုင်မည့်အခြေအနေတို့ကို ညှိနှိုင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ရေယာဉ်နှင့်ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေး သရုပ်ပြ

**ရန်ကုန် မေ ၂၅**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ ပန်းဆိုးတန်း-ဒလကူးတို့ခရီးလမ်းတွင် ပြေးဆွဲလျက်ရှိသော ချယ်ရီကူးတို့ရေယာဉ်များပေါ်တွင် ရေယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်ပေါ် လိုက်ပါစီးနင်းကြသည့် ခရီးသည်များ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ယမန်နေ့နံနက် ၉ နာရီကချယ်ရီကူးတို့ရေယာဉ်ပေါ်၌ ရေယာဉ်ဝန်ထမ်းများက သရုပ်ပြလေ့ကျင့်ခဲ့သည်။

ပန်းဆိုးတန်း- ဒလကူးတို့ ချယ်ရီ(၃)ရေယာဉ်ပေါ်တွင် ရေယာဉ်ဝန်ထမ်းများက အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်ခြင်း၊ ရေယာဉ်ပေါ်၌ လိုက်ပါစီးနင်းလာသည့် ခရီးသည်များက အသက်ကယ်အင်္ကျီလက်တွေ့ဝတ်ဆင်ခြင်း၊ ဒလဘက်ကမ်းတွင် ရေယာဉ်မထွက်ခွာမီ ရေယာဉ်ဝန်ထမ်းများက အသက်ကယ်အင်္ကျီများ စနစ်တကျဝတ်ဆင်ပြီး ရေထဲသို့ သရုပ်ပြခုန်ချလေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြသည်။

ရေယာဉ်နှင့်ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေး သရုပ်ပြလေ့ကျင့်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရေကြောင်းဌာနမှူးချုပ် ဦးဝင်းသိန်းက ဖြေကြားရာတွင် "ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်တွေမှာ အသက်ကယ်အင်္ကျီတွေကတော့ ပါပြီးသားဖြစ်ပါတယ်။ အသက်ကယ်အင်္ကျီတွေကို ဘယ်လိုဝတ်ဆင်ရတယ်၊ ဘယ်လို အသုံးပြုရတယ်ဆိုတာ ခရီးသည်အတော်များများက မသိသေးပါဘူး။ အခုဝန်ထမ်းတွေအနေနဲ့ လက်တွေ့ဝတ်ဆင် သရုပ်ပြနေတာဖြစ်ပါတယ်။ လေယာဉ်တွေမှာဆိုရင်လည်း လေယာဉ်ပေါ်မှာ ခရီးသည်တွေထိုင်တဲ့ ထိုင်ခုံတွေအောက်မှာ အသက်ကယ်အင်္ကျီတွေ ပါပြီးသားဖြစ်ပါတယ်။ ဒါကို လေယာဉ်မယ်တွေက လေယာဉ်မထွက်ခွာမီမှာ ခရီးသည်တွေကို သရုပ်ပြဝတ်ဆင်ပြပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ရေယာဉ်တွေပေါ်မှာလည်း စတင်ပြီး သရုပ်ပြ ပေးနေပါတယ်။ နောင်မှာလည်း ရေယာဉ်မထွက်ခွာမီ ပြည်တွင်းရေကြောင်းက ရေယာဉ်တွေအားလုံး ဒီလိုပဲ သရုပ်ပြဖို့ အစီအစဉ်တွေရှိပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါ ရေယာဉ်ဝန်ထမ်းများ သရုပ်ပြလေ့ကျင့်နေမှုကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဦးဇော်ဝင်းနှင့် ဌာနမှူးများ၊ ဌာနခွဲမှူးများနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**




ရွှေထီပ်တန်း * ချောင်းသာ(နေ့စဉ်)
ကျိုက်ထီးရိုး (နေ့စဉ်) | ငွေဆောင် (သောကြာ) | ဇွဲကပင် ပြည်တော်ပြန် (တနင်္ဂနွေ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်းစမ်းလှိုဏ်ဂူ | ခရီးသွားလက်ခံသည်
01-701015,01-710436,09-5403844,09-5044830

POST မူလတန်းပြဆရာမဝင်ခွင့်
PPTT 09420129333
● တန်းခွဲသစ်(၂၆.၅.၂၀၁၅ မှ ၃.၅.၂၀၁၅)နေ့စဉ်တက်
● စာအုပ်ဝယ်ထားသူများ ၅လပိုင်း (၂၊၃၊၄)တက်နိုင်သည်။ ၁၂၀၀ မှ ၃၀၀
၁၆၅၊ဆိပ်ကမ်းသာလမ်း(လယ်)၊ကျောက်တံတားမြို့နယ်။ ပန်းဆိုးတန်းမှတ်တိုင်

ပြည့်ကျော် စာသင်ဝိုင်း
ဆရာကြီး သချာ ဦးအောင်သောင်း၊ ပါမောက္ခဒေါက်တာနိုင်မေဦး (ငြိမ်း) ဓါတုဗေဒ၊
တွဲဖက်ပါမောက္ခ ဒေါက်တာစင်လှိုင် (ငြိမ်း)၊ ဦးရည်ဆန်းမွန် M.A( English)၊ ဒေါက်တာသန်းထိုက်၊
ဒေါက်တာဆွေဆွေထိုက်၊ ဒေါ်ဖြူလေးဦး (B.Ed) တို့ဦးစီးသည်။
ရည်မှန်းချက်မြင့်မြင့်မားမားထားသော မိဘများနှင့် ကျောင်းသားများအတွက်.....
၉တန်း၊ ၁၀တန်း ၁၀ ယောက်စာသင်ဝိုင်း
ခြံအမှတ် ၃၄ ဘီ + ၂၊ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၉ ၂၈၆၇၂၇၊ ၀၉ ၂၅၀၃၅၇၀၅၃

ဥတုရာသီ
တောကိုမှီ၏



## ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် မေ ၂၅**

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေး ခရီးသွားရောက်ရန် ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယန်ဟို့လန်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးစိုးသာ၊ သူရဦးအေးမြင့်၊ ဦးသိန်းဇော်၊ ဦးတီခွန်မြတ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်နှင့်ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ၏ သဘောထားထုတ်ပြန်ချက်

**နေပြည်တော် မေ ၂၅**

၂၀၁၅ ခုနှစ် မေ ၂၅ ရက်နေ့ထုတ် Daily Eleven နေ့စဉ်သတင်းစာ၏ ရှေ့မျက်နှာဖုံးစာမျက်နှာတွင် "မေ ၂၃ ရက် လောက်ကိုင်ဒေသတိုက်ပွဲဖြစ်စဉ်တွင် တပ်မတော်တပ်ရင်းတစ်ခု ကိုးကန့်အဖွဲ့၏ နယ်မြေအတွင်း ကျွံဝင်သွားပြီး ထိခိုက်သေဆုံးမှုများပြားဟု အတည်မပြုနိုင်သေးသော သတင်းများထွက်ပေါ်နေ"ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ် ဖော်ပြခဲ့ပါသည်။

ယင်းသတင်းဓာတ်ပုံတွင်လည်း Zhengyi Kokang အမည်ရှိ Facebook စာမျက်နှာမှ ဖော်ပြထားချက်အချို့ဟု ပုံစာတပ်ပြီး တပ်မတော်မှ လက်နက်၊ ခဲယမ်းများ၊ တပ်မတော်သားသုံ့ပန်းဓာတ်ပုံများအား ဖော်ပြထားပြီး ယင်း Facebook ပါ အကြောင်းအရာအချက်အလက်များကိုပါ ထည့်သွင်းရေးသားဖော်ပြထားပါသည်။

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့အနေဖြင့် လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်စဉ်များအပါအဝင် ထုတ်ပြန်ပေးနိုင်သည့် တပ်မတော်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မြဝတီရုပ်မြင်သံကြား၊ သဇင်ရေဒီယို၊ သဇင် FM၊ မြဝတီသတင်းစာ၊ မြဝတီ Webportal အပါအဝင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ နိုင်ငံပိုင်သတင်းမီဒီယာများ၊ ပုဂ္ဂလိကသတင်းမီဒီယာများနှင့်ပါ ဆက်သွယ်ထုတ်ပြန်ပေးလျက်ရှိပါသည်။ ယခုကဲ့သို့ ခိုင်မာမှုမရှိသော ပြည်ပ Facebook တစ်ခုအား ကိုးကား၍ Daily Eleven နေ့စဉ်သတင်းစာတွင် ထည့်သွင်းဖော်ပြမှုသည် သတင်းစာကျင့်ဝတ်နှင့် ကိုက်ညီမှုမရှိသည့်အပြင် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးတာဝန်များကို ပေးဆပ်မှုများစွာဖြင့် ထမ်းဆောင်နေသည့် တပ်မတော်သားများ၏ ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်ကို ထိခိုက်စေသဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်၊ မိသားစုများကိုယ်စား ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့**

## ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)တည်ဆောက်ရေးစီမံကိန်းဘိုးပိုင်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ရန်ကုန် မေ ၂၅**

မင်္ဂလာတောင်ညွန့်မြို့နယ်နှင့်ဒေါပုံမြို့နယ်ကို ဆက်သွယ်ပေးထားသည့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)တံတားသစ်တည်ဆောက်ရေးစီမံကိန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တံတားသစ်၏ ဘိုးပိုင်လုပ်ငန်းနှင့် Pile Cap လုပ်ငန်းမှာလည်းရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်သည်။

အဆိုပါငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)ပင်မတံတား၏အကြမ်းထည်လုပ်ငန်းမှာ မေလကုန်တွင်ဆောင်ရွက်ပြီးစီးမည်ဖြစ်ပြီး ဇွန်လကုန်တွင် အချောထည်လုပ်ငန်း လုံးဝဆောင်ရွက်ပြီးစီးမည်ဖြစ်ကာ တံတားသစ်တစ်ခုလုံး၏ စီမံကိန်းမှာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)တံတားသစ်၏ပင်မတံတားအရှည်မှာ ၃၀၅ မီတာရှိပြီးတံတားအကျယ်မှာ ၁၁ ဒသမ ၅ မီတာရှိကာ အသွား၊အပြန်နှစ်လမ်းသွားဆောင်ရွက်ထားရှိကြောင်းနှင့် တစ်လမ်းလျှင် ၃ ဒသမ ၅ မီတာ အကျယ်ရှိသောယာဉ်သွားလမ်းနှစ်လမ်းအား ဘေးအလျှို ၁ မီတာနှင့် စုစုပေါင်း ၈ မီတာဆောင်ရွက်ထားရှိကြောင်းသိရသည်။ တစ်ဖက်လျှင် ၁ ဒသမ ၇၅ မီတာစီရှိသောတံတားသစ်ပေါ်ရှိလူသွားလမ်းပလက်ဖောင်းကို စုစုပေါင်း ၃ ဒသမ ၅ မီတာဆောင်ရွက်ထားရှိသည်။

ရေသွားလမ်းကင်းလွတ်အမြင့် ၁၆ ပေနှင့်၅လက်မဆောင်ရွက်ထားရှိပြီး တံတားသစ်အမျိုးအစားမှာ အုတ်မြစ်ဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်သည်။ ရေလမ်းကင်းလွတ်အကျယ် ၅၃ ဒသမ ၅ မီတာရှိပြီးအစွန်းထွက်ရက်မများဖြစ်သောမီတာ ၂၀ နုတ်လျှင် စုစုပေါင်း ၃၅ မီတာကျန်ရှိမည်ဖြစ်ကာ ယင်းကဲ့သို့သော ပုံစံ ၃၅ မီတာ နှစ်ခန်းရှိသည်။ တံတားသစ်၏အောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီးအပေါ်ထည်မှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မများနှင့်သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ချဉ်းကပ်တံတားမှာ တစ်ဖက်လျှင်မီတာ ၅၀စီရှိမည်ဖြစ်ပြီးချဉ်းကပ်တံတားနှင့်ပင်မတံတားအရှည်အပါအဝင်စုစုပေါင်း ၄၀၅ မီတာရှိကြောင်း သိရသည်။

လက်ရှိအနေအထားအရ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မအခန်းသုံးခန်းဖြစ်သော P13နှင့် P12 ကြား၊P12 နှင့် P11 ကြား၊ P6 နှင့် P7 ကြားရှိအခန်းများအား တင်ပြီးဖြစ်ပြီး P7 နှင့်P8 ကြား၊P8 နှင့်P9 ကြား၊P9 နှင့် P10 ကြား၊P10 နှင့် P11 ကြားရှိအခန်း လေးခန်းတင်ရန်အတွက်ကျန်ရှိနေသေးသည်။လက်ရှိဆောင်ရွက်ချက်အရ ချဉ်းကပ်တံတားနှစ်ဖက်စလုံးဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး P8 ကိုလည်းကော်လံတိုင်ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ Cross beam လောင်းရန်သာကျန်ရှိကြောင်း၊ P9 မှာလည်းကော်လံတိုင်နှင့် Cross beam လောင်းရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

P10 မှာ ကော်လံတိုင်ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး Cross beam ဆောင်ရွက်လျက်ရှိကာ P8ပြီးလျှင် ကွန်ကရစ်ရက်မ ငါးချောင်းတင်ပြီး ဆောင်ရွက်မည်ဖြစ်သည်။တံတားသစ်၏ခံနိုင်ဝန်အားမှာတန် ၆၀ ရှိပြီးလက်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှဌာနမှူး၊ ဒုတိယဌာနမှူး အပါအဝင် စုစုပေါင်း ခြောက်ဦးနှင့် လုပ်သားအင်အား ၁၅၀ ဦးတို့မှနေ့ညဆောင်ရွက်လျက်ရှိသည်။

အဆိုပါငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)တံတားသစ်စီမံကိန်းမှာ ယခင်အင်္ဂလိပ်ခေတ်ကာလကတည်းက တည်ဆောက်ထားသောသံပေါင်တံတားဟောင်းနှင့် ၈ ဒသမ ၅ မီတာအကွာအဝေးတွင်တည်ဆောက်နေခြင်းဖြစ်ပြီး တံတားအသစ်နှင့်ယခင်သံပေါင်တံတားဟောင်းမှာအရှည်မီတာ အကွာအဝေးနှင့်တိုင်အရေအတွက်တူညီနေကြောင်းသိရကာလက်ရှိ တည်ဆောက်နေသောတံတားသစ်စီမံကိန်းအတွက်ငွေကျပ် ၅ ဒသမ ၉ ဘီလီယံလျာထားသုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

တံတားအသစ်ပြီးစီးပါကယခင်သံပေါင်တံတားဟောင်းကိုလည်း အနေးယာဉ်၊ ဆိုင်ကယ်၊လူသွားလျှောက်လမ်းအဖြစ်အသုံးပြုစေမည်ဖြစ်ပြီး မော်တော်ယာဉ်များဖြတ်သန်းသွားလာခွင့်ပြုတော့မည်မဟုတ်ကြောင်းငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)တံတားသစ်တည်ဆောက်ရေးစီမံကိန်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**



မေ ၂၄ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် ချစ်ကြည်ရေး လက်ရည်စမ်းဘိလိယက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာဘိလိယက်အဖွဲ့ မေ ၂၄ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ မထွက်ခွာမီ လေဆိပ်၌တွေ့ရစဉ်။ (ကြေးမုံ)

## မီးပွိုင့်တွင်ရပ်စောင့်နေသည့် ယာဉ်ငယ်နှစ်စီးကို ခရီးသည်တင် ဘီအမ်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ တိုက်မိ

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြို့ထဲသို့ ပြေးဆွဲနေသည့် အမှတ်(၂၄၅) ယာဉ်လိုင်းမှ ယာဉ်မောင်း သန်းကျော်ဌေးမောင်းနှင်သည့် ခရီးသည်တင် ဘီအမ်အမျိုးအစား ယာဉ်အမှတ်(X/-----)သည် ယနေ့ နံနက် ၇ နာရီ ၁၅ မိနစ် ခန့်က မြောက်ဘက်မှ တောင်ဘက်သို့မောင်းနှင်လာစဉ် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်း မီးပွိုင့်အရောက်တွင် အဆိုပါ မီးပွိုင့်၌ မီးနီ၍ရပ်စောင့်နေသော အငှားယာဉ်(BB/----)ယာဉ်ငယ်နှင့် ကိုယ်ပိုင်ယာဉ်ငယ်(5F/----) ယာဉ်ငယ်နှစ်စီးတို့ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဆင့်ကဲဝင်တိုက်မိသည်။

အဆိုပါ ယာဉ်သုံးစီးဆင့်ကဲ တိုက်မိခြင်းကြောင့် အငှားယာဉ်ပေါ်ပါ ခရီးသည် နိုင်ငံခြားသားတစ်ဦးနှင့် ကိုယ်ပိုင်ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာအနည်းငယ်စီရရှိပြီး ဆင့်ကဲတိုက်မိသည့် ယာဉ်သုံးစီးစလုံး အနည်းငယ်ပျက်စီးသွားသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်မှုစစ်ရဲအုပ်ဇော်မျိုးကျော်က ကျောက်တံတားမြို့နယ် မြို့မရဲစခန်းတွင် အမှုဖွင့်ပြီး ဘီအမ်ယာဉ်နှင့် ယာဉ်မောင်း သန်းကျော်ဌေးတို့အား စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဥမ္မာသန့်)**



ဆူးလေမီးပွိုင့်တွင် ယာဉ်တိုက်မှု ဖြစ်ပွားစဉ်။

ဓာတ်ပုံ-အင်တာနက်



# နီပေါ၌ အင်အားပြင်းမြေငလျင်လှုပ်၊ လူပေါင်း ၁၀၀၀၀ ကျော် သေဆုံး

**ခတ္တမန္ဒူ မေ ၂၅**

နီပေါနိုင်ငံ၌ အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လက်ရှမီဒါကားလ်က မေ ၂၅ ရက်တွင် ပြောကြားသည်။ မြို့တော်ခတ္တမန္ဒူနှင့် ပိုခါရာမြို့အကြား ဒေသတစ်နေရာတွင် ပြင်းအား ၇ ဒသမ ၉ ရှိမြေငလျင်လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနက ပြောကြားသည်။ မေ ၂၅ ရက် မွန်းတည့်ချိန်တွင် အဆိုပါမြေငလျင်ကြီးလှုပ်ခဲ့ပြီး အင်အား ၄ ဒသမ ၅ ရှိ နောက်ဆက်တွဲ မြေငလျင်ငယ် ၁၅ ကြိမ်ထက်မနည်း လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အင်အားပြင်းမြေငလျင်ဖြစ်ခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့ရှိနယ်မြေဒေသအချို့တွင်ပင် တုန်ခါမှုကို ခံစားကြရသည်ဆို၏။ မြေငလျင်ဗဟိုပြုရာဒေသ၌ အကြီးအကျယ် ပျက်စီးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း နီပေါဝန်ကြီးတစ်ဦးက ပြောကြားသည်။မြို့တော်ခတ္တမန္ဒူရှိပြည်သူများက မြေငလျင်ထပ်မံလှုပ်ခတ်မည်ကို စိုးရိမ်သောကရောက်နေကြပြီး အဆောက်အအုံအပြင်ဘက် လေဟာပြင်နေရာများတွင် စောင့်ဆိုင်းလျက်ရှိကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ မြေငလျင် ကယ်ဆယ်ရေးလုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ၏ အကူအညီကို မိမိတို့ရယူရန်လိုအပ်ကြောင်း ပြန်ကြားရေးဝန်ကြီး မိန်ဒရာရီဂါးက ပြောကြားသည်။ယခုအချိန်အထိ မြေငလျင်ကြောင့် လူပေါင်း ၁၀၀၀ ကျော်သေဆုံးသည်ဟု အစိုးရတာဝန်ရှိသူများက ပြောကြားသည်။ မြို့တော် ခတ္တမန္ဒူ၌ ပြိုကျခဲ့သော အဆောက်အအုံများ၏ အပျက်အစီးများအတွင်း ပိတ်မိနေသူများကို ရှာဖွေတွေ့ရှိနိုင်ရန် ကယ်ဆယ်ရေးဝန်ထမ်းများက တူးဖော်မှုများ ပြုလုပ်လျက်ရှိကြသည်။ မြေငလျင်လှုပ်ခတ်မှုကြောင့် သမိုင်းဝင်အဆောက်အအုံ အများအပြား ပျက်စီးခဲ့ရသည်။ မြို့တော်ခတ္တမန္ဒူသည် ဟိမဝန္တာတောင်တန်းက ဝန်းရံထားသော တောင်ကြားဒေသတစ်နေရာတွင်တည်ရှိပြီး လူဦးရေ တစ်သန်း နေထိုင်သည်။

မြေငလျင်လှုပ်ခတ်ပြီးနောက် ပြည်သူများမှာ ကြောက်အား လန့်အားဖြင့် လမ်းများပေါ်သို့ ပြေးထွက်လာခဲ့ကြသည်။ မိုဘိုင်းဖုန်းများနှင့် ဆက်သွယ်ရေးကိရိယာများ အဆက်အသွယ်ပြတ်တောက်သွားခဲ့သည်။ သမိုင်းဝင် ဒါရာဟာရာမျှော်စင် ပျက်စီးခဲ့ပြီး လူအများအပြားမှာ ယင်းမျှော်စင် အဆောက်အအုံ၏ အပျက်အစီးများအောက်တွင် ပိတ်မိနေသည်ဟု ယူဆရသည်။ယင်းမျှော်စင်ကို ၁၈၃၂ ခုနှစ်ကတည်ဆောက်ခဲ့ပြီး အထပ်ကိုးထပ်ရှိကာ ၂၀၃ ပေခန့်မြင့်သည်။ မြို့တော်ရှိ လေဆိပ်မှာလည်း ပျက်စီးထိခိုက်မှုရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။ ထိခိုက်ဒဏ်ရာရသူ များပြားပြီး ဆေးရုံအပြင်ဘက်မှာပင် အရေးပေါ် ဆေးဝါးကုသပေးနေရကြောင်း သတင်းတွင်ဖော်ပြသည်။ **[ရိုက်တာ]**




## ဆီးရီးယားဒုက္ခသည်များအား ကူညီပေးရန် ပျက်ကွက်မှုများရှိဟု ကုလလုံခြုံရေးကောင်စီ စွပ်စွဲခံရ

**ကုလသမဂ္ဂ မေ ၂၅**

ဆီးရီးယားနိုင်ငံအတွင်းရှိ အဓိကရုဏ်းများကြောင့် ဘေးဒုက္ခရောက်နေကြသည့် အပြစ်မဲ့ပြည်သူများအား ကာကွယ်စောင့်ရှောက်မှုများပြုလုပ်ပေးရာတွင် လိုအပ်မှုများ ရှိနေသေးကြောင်း ကုလသမဂ္ဂအထူးသံတမန် တစ်ဦးဖြစ်သည့် ရုပ်ရှင်သရုပ်ဆောင် အင်ဂျီလီနာ ဂျိုလီက ဆိုသည်။

ထို့အပြင် လေးနှစ်ကြာဖြစ်ပွားနေသည့် ဆီးရီးယားပြည်တွင်းစစ်ဘေးသင့် ဒုက္ခသည် သန်းပေါင်းများစွာကို ကူညီမှုများပေးရန် ပျက်ကွက်ခဲ့သည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ဂျိုလီက စွပ်စွဲခဲ့သည်။

ဂျိုလီသည် ၂၀၁၁ ခုနှစ်ကစတင်ပြီး ဆီးရီးယားနိုင်ငံ ဒုက္ခသည်များဆီသို့ (၁၁) ကြိမ်ခန့် သွားရောက်ကာ အားပေးကူညီထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်။

ယခင်က ဆီးရီးယားပြည်တွင်းစစ်များ ငြိမ်းချမ်းစွာ အဆုံးသတ်ရေးကို မျှော်လင့်ခဲ့သော်လည်း ယခုအချိန်တွင် အမျက်ဒေါသထွက်ကာ သံတမန်ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ဂျိုလီက အတိအလင်းပြောကြားခဲ့သည်။

ရုရှားနှင့်တရုတ်နိုင်ငံတို့က ဆီးရီးယားအရေးကို နိုင်ငံတကာခုံရုံးသို့ လွှဲအပ်ရန်ကြိုးပမ်းခဲ့မှု အပါအဝင် ပြဿနာအများအပြားကို ဗီတိုအာဏာသုံးပြီးဖြေရှင်းကြသည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများအနေဖြင့် စွမ်းဆောင်ရည် လျော့ကျနေပြီဖြစ်သည်။

ကုလလုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက်မှ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအား ဆီးရီးယားအရေးနှင့် ပတ်သတ်ပြီး နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းသည့်နည်းလမ်းသုံးပြီး အဖြေရှာရန် ဂျိုလီက တိုက်တွန်းပြောကြားခဲ့သည်။ **[စကိုင်းနယူးစ်]**

## ဂျပန်ဝန်ကြီးချုပ် ရုံးအဆောက်အအုံပေါ် ဒရုန်းမောင်းနှင်သူ ဖမ်းဆီးခံရ

**တိုကျို မေ ၂၅**

ဂျပန်အစိုးရ၏ နျူကလီးယားစွမ်းအင် တိုးမြှင့်သုံးစွဲမည့်မူဝါဒကို ဆန့်ကျင်သောအားဖြင့် ဝန်ကြီးချုပ်ရုံးပေါ်တွင် ရေဒီယိုသတ္တိကြွစေသည့် သဲလွန်စပစ္စည်းများ တင်ဆောင်ထားသော မောင်းသူမဲ့လေယာဉ်ငယ်တစ်စင်း ပျံသန်းမောင်းနှင်သူတစ်ဦး ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

အသက်(၄၀)နှစ်အရွယ်ရှိ ယာဆူအိုယာမာမိုတိုအား စီးပွားရေးလုပ်ငန်းတွင် ကဖျက်ယဖျက်လုပ်ခြင်းနှင့် ရုံးအဆောက်အအုံခေါင်မိုးပေါ်တွင် မောင်းသူမဲ့လေယာဉ်ငယ်တစ်စင်း စေလွှတ်ကာ ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ဝင်ရောက်နှောက်ယှက်မှု သံသယဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် စွပ်စွဲချက်များကို ဝန်ခံခဲ့ကြောင်း ရဲဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

နျူကလီးယားဓာတ်အား ပေးစက်ရုံ အမြောက်အမြား စုဝေးနေသည့် ဖူကူအီစီရင်စုရှိ အိုဘားမားမြို့တော်တွင် နေထိုင်သည့် ယာဆူအိုယာမာမိုတိုသည် မေ ၂၄ ရက် ညနေပိုင်းက အနောက်ပိုင်းစီရင်စုရှိ ရဲစခန်းတွင် ကိုယ်တိုင်လာရောက်ဖမ်းဆီးခြင်း ခံခဲ့ကြောင်း သိရသည်။ **[နယူးစ်]**





## ရုရှားနှင့်အာဂျင်တီးနား စီးပွားရေးနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ကြမည်

မော်စကို မေ ၂၅

**ရုရှားနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့သည် မော်စကို ဆွေးနွေးပွဲအပြီး စီးပွားရေးနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ယမန်နေ့ ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။**

အာဂျင်တီးနား သမ္မတ ခရစ်တီးနား ဖာနန်ဒက်(စ်ဒ်) ကတ်ချ်နားနှင့် ရုရှား သမ္မတ ဗလာဒီမာပူတင်တို့သည် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်ခြင်းကို ဘက်ပေါင်းစုံ မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်းအဖြစ် ကြိုဆိုကြသည်။

သဘောတူညီချက်များအရ အာဂျင်တီးနားနိုင်ငံ၌ နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံနှင့် ရေအားလျှပ်စစ်စက်ရုံတစ်ရုံ တည်ဆောက်ရေးတို့တွင် ရုရှားနိုင်ငံက ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

၎င်းအပြင် နှစ်နိုင်ငံအကြား ကာကွယ်ရေးအေဂျင်စီများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးလည်း ပါဝင်သည်။

ယူကရိန်းအရေးကြောင့် ဥရောပနှင့် အမေရိကန်နိုင်ငံတို့၏ စီးပွားရေး အရေးယူဒဏ်ခတ်မှုများနှင့် ရင်ဆိုင်နေရသဖြင့် ရုရှားအစိုးရသည် လက်တင်အမေရိက နိုင်ငံများနှင့်ကုန်သွယ်မှုတိုးမြှင့်ရန် စိတ်အားထက်သန်လျက်ရှိသည်ဟု ဆိုသည်။

အာဂျင်တီးနား နိုင်ငံအနေဖြင့် အချိန်မီ ကြွေးမြီများပေးဆပ်နိုင်ရန် ကြိုးစားနေစဉ်ကာလအတွင်း အမေရိကန်ပြည်ထောင်စု၏ ကဖျက်ယဖျက်လုပ်နေမှုခံနေရသည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေလျက်ရှိသည်ဟု ဆိုသည်။

အာဂျင်တီးနားက ပိုင်ဆိုင်မှု အငြင်းပွားနေသည့် ဖောက်ကလန်ကျွန်းများအရေးကို ဗြိတိန်နှင့် တိုက်ရိုက်ဆွေးနွေးရန် ကြိုးပမ်းမှုကို ရုရှားက ထောက်ခံကြောင်း သမ္မတ ပူတင်က ပြောကြားခဲ့သည်။ **[ဘီဘီစီ]**



## ယီမင်တွင် နိုင်ငံရေးဆွေးနွေးပွဲသို့ ပြန်သွားကြရန် တောင်းဆို

**ဒိုဟာ မေ ၂၅။ ။** ယီမင်နိုင်ငံအတွင်း လက်နက်ကိုင်တိုက်ခိုက်မှုများ အဆုံးသတ်ရေးအတွက် နိုင်ငံရေး ဆွေးနွေးပွဲဆီသို့ ပြန်သွားကြပါရန် ယီမင်သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလားက ယမန်နေ့တွင် တောင်းဆိုခဲ့ကြောင်း ယနေ့ ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ပြည်နယ်အားလုံးတွင် တိုက်ခိုက်နေကြသည့် အဖွဲ့အစည်းအားလုံး တိုက်ပွဲများရပ်ဆိုင်း၍ ဆွေးနွေးပွဲများ ပြန်လည်ကျင်းပကြရန် တောင်းဆိုကြောင်း ၎င်း၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယီမင်နိုင်ငံအတွင်း၌ တစ်လနီးပါးကြာ ဗုံးကြဲတိုက်ခိုက်မှုများကို ရပ်ဆိုင်းကြောင်း ဆော်ဒီအာရေဗျဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့က မေ ၂၁ ရက်တွင် ကြေညာခဲ့သည်။ အီရန်နိုင်ငံ၏ မဟာမိတ် ဟူသီလက်နက်ကိုင်အဖွဲ့ကို ပစ်မှတ်ထား၍ ဆက်လက်တိုက်ခိုက်မည်ဟု ဆော်ဒီပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ယီမင်နိုင်ငံကို ၃၃ နှစ်ကြာ ၎င်း၏အုပ်ချုပ်မှုကို ပြည်သူလူထုက ၂၀၁၁ ခုနှစ်တွင် အုံကြွဆန့်ကျင်၍ သမ္မတရာထူးမှ ဆင်းပေးခဲ့ရသည့် ဆာလားအား သစ္စာခံသောတပ်များသည် ဟူသီလက်နက်ကိုင်များနှင့် ပူးပေါင်းကာ သမ္မတ အဘက်ရက်ဘူးမန်ဆိုဘာဟာဒီကို ထောက်ခံသူများနှင့် တိုက်ခိုက်လျက်ရှိသည်။ **[ရိုက်တာ]**

# အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေး အထောက်အကူပြုနိုင်ရန်အတွက် အလုပ်ရှင်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန်　ဧပြီ　၂၅**

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအထောက်အကူပြုနိုင်ရန်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်ရှင်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ်ရုံးအစည်းဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ် မတ်လတွင် အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းနောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ပြီး ယနေ့အချိန်အထိ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှု (၂၈)ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲများ ကျင်းပခြင်း၊ မေးခွန်းလွှာများဖြန့်ဝေ၍ စစ်တမ်းများကောက်ယူခြင်း၊ အဆိုပြုအနည်းဆုံးအခကြေးငွေထုတ်ပြန်ခြင်းနှင့် အတည်ပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်ခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် အစည်းအဝေးမှ သိရသည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က “အနည်းဆုံးလုပ်ခဆိုတာ ဒီလောက်ပေးရမယ်မဟုတ်ပါဘူး။ ဒီအောက်လျှော့ပြီးမကျနဲ့။ အပေါ်ကို ကြိုက်သလောက်ပေး။ နေရာဒေသအလိုက် ကုန်ကျစရိတ်ရှိမယ်။ ကျွမ်းကျင်မှုအလိုက် ရမယ့်လစာရှိမယ်။ အချိန်ပိုလုပ်ရတဲ့ ကိစ္စတွေရှိမယ်။ ဒီအပေါ်မှာ အနည်းဆုံးလုပ်ခလစာ အပေါင်း လုပ်ငန်းတိုးတက်အောင် မက်လုံးပေးတာတွေပါ။ Bonusတို့၊ အချိန်ပိုကြေးတို့၊ ရက်မှန်ကြေးတို့ ဒါတွေ ထည့်ပေါင်းလိုက်ရင် အစိုးရက သတ်မှတ်ပေးထားတဲ့ လုပ်ခလစာသစ်ရဲ့ အနည်းဆုံးနှုန်းထားထက်တော့ မနည်းဖို့ လိုတယ်။ ဒါကို ဒီနေ့ လုပ်ငန်းရှင်တွေကို ချပြပြီး ဆွေးနွေးမယ်။ မနက်ဖြန်လည်း မြောက်ဒဂုံမှာရှိတဲ့ ပင်လုံခန်းမမှာ ကျွန်တော်တို့ အလုပ်သမားတွေနဲ့ ဆွေးနွေးဦးမယ်။ အလုပ်သမားတွေက တောင်းဆိုတဲ့သူတွေ၊ အလုပ်ရှင်တွေက ပေးရမယ့်သူတွေ။ ဒီတော့ အလုပ်ရှင်တွေဘယ်လောက်ပေးနိုင်မယ်ဆိုတဲ့အပေါ်မှာ မူတည်ပြီးတော့ အလုပ်သမားတွေကို မနက်ဖြန်မှာ ချပြရပါမယ်။ သဘောမတူသေးဘူးဆိုရင်တော့ ထပ်ပြီးတော့ ညှိနှိုင်းရဦးမယ်”ဟု ပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်အား အလုပ်ရှင်၊ အလုပ်သမား၊ ကျွမ်းကျင်သူပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ ပါဝင်သည့် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ပြီး ၎င်းတို့၏ သဘောထား မှတ်ချက်များကိုရယူကာ အမျိုးသားအဆင့်ကော်မတီမှ ထောက်ခံပြီး အဆိုပြုနှုန်းထားတစ်ရပ်ကို လူထုအား ထုတ်ပြန်ကြေညာကာ ရက်ပေါင်း ၆၀ ကြာ သဘောထားမှတ်ချက်ရယူမည်ဖြစ်သည်။ ထို့နောက် ဆွေးနွေးပွဲ ထပ်မံပြုလုပ်မည်ဖြစ်ပြီး အပြီးသတ်ဆွေးနွေးမှုရလဒ်ကို အစိုးရအဖွဲ့သို့တင်ပြပြီး အနည်းဆုံးအခကြေးငွေကို ကြေညာမည် ဖြစ်သည်။ သို့ရာတွင် ဥပဒေအရ အနည်းဆုံး လုပ်ခကြေးငွေအား နှစ်နှစ်လျှင် တစ်ကြိမ်ပြန်လည်သုံးသပ် ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က စက်ရုံတည်ဆောက်ရန် မြေနေရာ၊ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်နိုင်ရန် လိုအပ်သည့် စက်ကိရိယာများ ဝယ်ယူနိုင်ရေး၊ လုပ်ငန်းခွင်တွင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရခြင်း၊ ထုတ်ကုန်များကို ဈေးကွက်သို့ တင်ပို့ခြင်း၊ ဝယ်သူရရှိရန် ဈေးကွက်ရှာဖွေခြင်း၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်စရိတ် အစရှိသည့် မလိုလားအပ်သည့် ကုန်ကျစရိတ်များပြားနေမှုများကို လျှော့ချရန်လိုအပ်ကြောင်း၊ သို့မှသာ ပိုမိုရရှိလာမည့်အမြတ်များဖြင့် အလုပ်သမားများအတွက် လုံလောက်သည့် လုပ်ခလစာပေးချေနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။



နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦးက အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ခြင်းကြောင့် ဆင်းရဲမွဲတေမှုသည် မြင့်တက်လာနိုင်(သို့) လျော့ကျလာနိုင်ကြောင်း၊ မညီမျှမှုများသည် မြင့်တက်လာနိုင်(သို့) လျော့ကျသွားနိုင်ကြောင်း၊ အလုပ်လက်မဲ့များ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အနိမ့်ဆုံးအခြေခံလစာကို မတန်တဆမြှင့်တင်လိုက်ပါက စီးပွားရေးဆုံးရှုံးမှုများနှင့် GDP growth ကို လျော့ကျသွားစေနိုင်ကြောင်း၊ အနိမ့်ဆုံးအခြေခံလစာကို မတန်တဆမြှင့်တင်လိုက်ပါက ငွေကြေးဖောင်းပွမှု ဖြစ်လာနိုင်ကြောင်း၊ တရားဝင်လုပ်ငန်းများအနေဖြင့် တရားမဝင်လုပ်ငန်းများအဖြစ်သို့ ပြောင်းလဲသွားနိုင်ပြီး ယင်းအခြေအနေသည် နိုင်ငံတော်နှင့် အလုပ်သမားများအပေါ် ဆိုးကျိုးအဖြစ် သက်ရောက်နိုင်ကြောင်း၊ နှစ်စဉ် Bonus ထောက်ပံ့ကြေးများနှင့် အခြားဝင်ငွေမဟုတ်သည့် အကျိုးခံစားခွင့်များ ဆုံးရှုံးမှုဖြစ်ပေါ်လာနိုင်ကြောင်း၊ သို့ရာတွင် အနိမ့်ဆုံးအခြေခံလစာကို မတန်တဆ လျှော့ချလိုက်ပါကလည်း လူမှုရေးပြဿနာနှင့် စက်မှုလုပ်ငန်းများတွင် မငြိမ်သက်မှုများဖြစ်လာနိုင်ကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက “တစ်ခုသတိပြုရမယ့်ကိစ္စကတော့ ကုန်ဈေးနှုန်းတိုးမြင့်မှုပဲ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို ဘဏ္ဍာရေးနှစ်သစ်မှာ လစာငွေ ပိုမိုတိုးမြှင့်တဲ့အစီအစဉ်ကြောင့် ကုန်ဈေးနှုန်းတွေက ပိုမိုပြီးတက်နေတာတွေ့ရတယ်။ ကုန်ဈေးနှုန်းတိုးမြင့်မှုနဲ့ပတ်သက်ရင် ဈေးနှုန်းထိန်းချုပ်ရေးပေါ်လစီတွေကို ဆောင်ရွက်ထားရမှာ ဖြစ်ပါတယ်။ ဈေးနှုန်းထိန်းချုပ်မှုကြောင့် ဆိုးကျိုးတွေ အများကြီးဖြစ်လာနိုင်တယ်။ အထူးသဖြင့် မှောင်ခိုဈေးကွက် ပေါ်လာခြင်းဖြစ်ပါတယ်။ ဒါပေမယ့် လုပ်ခလစာ တိုးမြှင့်လာတာနဲ့ အမျှ ကုန်ထုတ်စွမ်းအား မြင့်တက်လာခြင်းဟာ သော့ချက်ဖြစ်ပါတယ်”ဟု ထောက်ပြဆွေးနွေးသည်။

နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်(ILO) မှ Mr. Christopher LanoKaziauskas (Chief Technical Adviser)က “အကြံပြုလိုတာက အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ရင် လွယ်ကူရှင်းလင်းတဲ့ပုံစံမျိုးနဲ့ သတ်မှတ်စေချင်တယ်။ အိန္ဒိယဆိုရင် ဒေသအလိုက်သတ်မှတ်တော့ အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ချက် (၂၆၀၀)ကျော်ရှိနေပါတယ်။ ဒါကို လွယ်ကူရှင်းလင်းအောင် ရှင်းပြဖို့လိုပါတယ်။ ဒါမှ အလုပ်ရှင်၊ အလုပ်သမားက ပြည့်ပြည့်ဝဝ သိရှိနားလည်မယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း သတ်မှတ်ပြီးရင် အာဏာတည်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ လိုအပ်တဲ့ နည်းပညာဆိုင်ရာ သင်တန်းတွေ ကျွန်တော်တို့ အနေနဲ့ အကူအညီပေးနိုင်တယ်။ ကမ္ဘာတစ်ဝန်းမှာ အားလုံးသဘောတူ လက်ခံတယ်ဆိုတဲ့ အနိမ့်ဆုံးလုပ်ခလစာ ဆိုတာ မရှိနိုင်ပါဘူး။ ဒါကြောင့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်လုံးက လက်တွေ့မှာ အကောင်ထည်ဖော်နိုင်မယ့် ဟာမျိုးကိုညှိနှိုင်းပြီး ပြဋ္ဌာန်းဖို့လိုတယ်။ အလွယ်ကူအရှင်းလင်းဆုံးပုံစံစဉ်းစားကြရာမှာ နာရီပိုင်း၊ ရက်ပိုင်း၊ လပိုင်း ဘယ်ဟာကိုကြည့်မလဲ စဉ်းစားရပါမယ်။ လွယ်ကူရှင်းလင်းတယ်ဆိုတာ တွက်ချက်ရာမှာလည်း လွယ်ကူရပါမယ်။ ဥပမာ တစ်နာရီ ဘယ်လောက်ရတယ်ဆိုတာ သိချင်ရင် တစ်ရက်စာကို ၈ နာရီနဲ့စားပြီး ထွက်လာနိုင်တဲ့အထိ ရိုးရှင်းရပါမယ်” ဟု အကြံပြုပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းရင်းသားရေးရာနှင့် အလုပ်သမားဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦး၊ MMRD Research Services မှ ဦးအောင်မင်း၊ နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် (ILO) မှ Mr. Christopher LanoKaziauskas (Chief Technical Adviser)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်စက်မှုဇုန်များရှိ ကဏ္ဍအသီးသီးမှ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အနည်းဆုံး အခကြေးငွေကို သတ်မှတ်ရခြင်းမှာ လက်ရှိရရှိနေသော ငွေကြေးထက် မလျော့သော အခကြေးငွေကို ရရှိစေရန်နှင့် အလုပ်ခွင်အေးချမ်းသာယာရေးကို အထောက်အကူပြုနိုင်ရန်အတွက် အလုပ်ရှင်များက အလုပ်သမားများအား မမျှတသော သို့မဟုတ် အလွန်နည်းပါးသော လုပ်အားခပေးခြင်းမှ ကာကွယ်ရန်ဖြစ်ကြောင်း သိရသည်။

ဥပဒေအရ အနည်းဆုံး အခကြေးငွေသည် အလုပ်သမားများ၏ စားဝတ်နေရေးအတွက် အနည်းဆုံးရပ်တည်နိုင်ရန် လိုအပ်သည့် အနိမ့်ဆုံးလုပ်ခ သို့မဟုတ် လခနှုန်းထားကို ဆိုလိုသည်။ အလုပ်သမားတစ်ဦး နေထိုင်စားသောက်နိုင်ရန်အတွက် အလုပ်ဝင်သည်နှင့် အနည်းဆုံးသတ်မှတ်ပေးသည့် ငွေကြေးနှုန်းထား ဖြစ်သည်။ အနည်းဆုံးအခကြေးငွေကို နာရီ၊ တစ်ရက်(သို့)တစ်လ ဖြင့်သတ်မှတ်သည်။ ထို့အပြင် တိကျသောအလုပ်ချိန်အား အမြဲမူတည်သည်ဟု အနည်းဆုံး အခကြေးငွေ ဥပဒေ၌ပါရှိသည်။

အနည်းဆုံး လုပ်ခကြေးငွေသတ်မှတ်ရာတွင် နိုင်ငံတစ်ဝန်းလုံးအတွက် တစ်ပြေးညီသတ်မှတ်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအလိုက် သတ်မှတ်ခြင်း၊ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ခြင်းနှင့် အလုပ်ချိန်နာရီတို့ဖြင့် သတ်မှတ်နိုင်သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ မြို့နယ် ၁၀၈ မြို့နယ်တွင် အိမ်ထောင်စုပေါင်း ၂၂၀၃၂ စု အား စစ်တမ်းကောက်ယူခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်တမ်းကောက်ယူပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကောက်ယူလာသော အဆိုပြုနှုန်းထားများအရ ကြိမ်နှုန်းအရေအတွက် (၁၇)ကြိမ်ဖြင့် ငွေကျပ် ၃၀၀၀ နှင့် ၄၀၀၀ မှာ အများဆုံး၊ ကြိမ်နှုန်းအရေအတွက် (၁၅)ကြိမ်ဖြင့် ငွေကျပ် ၅၀၀၀ မှာ ဒုတိယအများဆုံးဖြစ်ပြီး ကြိမ်နှုန်းအရေအတွက် (၁၀)ကြိမ်ဖြင့် ငွေကျပ် ၂၅၀၀ မှာ တတိယအများဆုံး နှုန်းထားများဖြစ်ခဲ့သည်။

ကမ္ဘာ့ဘဏ်မှ သတ်မှတ်ထားသည့် လူတစ်ဦးချင်း၏ မရှိမဖြစ် လိုအပ်မည့် အစားအသောက်နှင့် အခြားလိုအပ်ချက်များအတွက် အသုံးစရိတ်သည် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာဟု သတ်မှတ်ထားသည်။

မြန်မာနိုင်ငံ၌ လက်ရှိတွင် ပုဂ္ဂလိကအလုပ်သမားများ အနေဖြင့် အကြမ်းအားဖြင့် တစ်ရက်တာ အလုပ်ချိန် ၈ နာရီအပေါ်မူတည်ပြီး အခြေခံလစာ၊ အချိန်ပိုနာရီ၊ အချိန်ပိုကြေး၊ အခြား(ရက်မှန်ကြေး၊ ကျွမ်းကျင်မှု ဆုကြေး၊ ထုတ်လုပ်မှုဆုကြေး၊ လုပ်သက်ဆုကြေး၊ ထောက်ပံ့ကြေး) ခေါင်းစဉ်များဖြင့် လုပ်ခလစာခံစားရရှိလျက်ရှိကြသည်။

**သတင်း » မြတ်သန္တာမောင်**
**ဓာတ်ပုံ »အငယ်လေး**



## လေပြင်းတိုက်ခတ်ရာနေရာများတွင် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ပေး

**နေပြည်တော်　ဧပြီ　၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း ဧပြီ ၂၄ ရက် မွန်းလွဲ၁၂နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် တာဝကျေးရွာ၊ ထော်သိုကျေးရွာ၊ ကျောက်စရစ်ကုန်းကျေးရွာ၊ တောင်ကုန်းကျေးရွာ၊ ပေါက်ကုန်းကျေးရွာ၊ မီးသွေးကျင်းကျေးရွာနှင့် အရှေ့အရိုးတောင်ကျေးရွာတို့ရှိ လူနေတဲအိမ် ၂၃ လုံးပျက်စီးခဲ့ပြီး တမံကြီးကျေးရွာနှင့် အထက် တမာတကောကျေးရွာကြား လှိုင်သာယာ-တွံတေးကားလမ်း မိုင်တိုင်အမှတ်(၄/၁-၅)ကြား လမ်းဘေးရှိ ဓာတ်တိုင် ၂၄ တိုင်တို့လဲကျခဲ့သည်။

အဆိုပါ နေရာများသို့ တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ပြီး လေဘေးသင့်ပြည်သူများကို နီးစပ်ရာဆွေမျိုးများထံ ရွှေ့ပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (မြန်မာ)

**အောင်စိုးဦး**

ကမ္ဘာ့အသိဉာဏ် ပစ္စည်းနေ့ (World Intellectual Property Day) မှာ မေ ၂၆ ရက်နေ့ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အထူးအဖွဲ့အစည်းဖြစ်သည့် "ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာ အဖွဲ့အစည်း" (World Intellectual Property Organization)(WIPO) ကို ၁၉၇၀ ခုနှစ် ဧပြီ ၂၆ ရက်နေ့တွင် ညီလာခံမှ တရားဝင် အသိအမှတ်ပြုခဲ့သောနေ့ ဖြစ်ပါသည်။ ထိုနေ့ကို အမှတ်တရအဖြစ် **"ကမ္ဘာ့အသိ ဉာဏ်ပစ္စည်းနေ့"**အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်၌လည်း လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအသင်းအဖွဲ့များအနေဖြင့် လည်းကောင်း မိမိတို့အသိစိတ်ဓာတ်နှင့် နယ်ပယ်အသီးသီးမှ ပညာရှင်များက ကျွန်တော်တို့နိုင်ငံ၌ အသိဉာဏ်ပစ္စည်းဖွံ့ဖြိုးရေးကိစ္စကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ယခင်)နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအသင်းတို့ကလည်း သို့ဖြစ်၍ **"ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့"** တွင် ကမ္ဘာတစ်ဝန်း၌ စာပေ၊ ဂီတ၊ ပိုစတာပြိုင်ပွဲများ၊ စက်မှုဒီဇိုင်းအပါအဝင် တီထွင်မှုများကို ပြိုင်ပွဲကျင်းပ၍ ဆုပေးသည့်အစဉ်အလာရှိပါသည်။ ထို့အတူ တစ်နှစ်အတွင်း၌ အသိဉာဏ်ပစ္စည်း(IP) လောကကို "အကျိုးပြုသူ" နှင့် "စွမ်းဆောင်သူ"များကို Man of The Year သတ်မှတ်ကာ ဂုဏ်ပြုလေ့ရှိပါသည်။ ယင်းသို့ ဂုဏ်ပြုခြင်းမှာ မျိုးဆက်သစ်များ အားကျအတုယူနိုင်ရန်နှင့် တီထွင်ဖန်တီးမှုအသစ်များ ပေါ်ထွန်းစေရန်ဖြစ်ပါသည်။

ဒေါ်တင်ဥမ္မာထွန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန IP ဌာနမှူး ဒေါက်တာ ဒေါ်မိုးမိုးသွယ်၊ ၂၀၁၄ ခုနှစ်တွင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်နှင့် ကွယ်လွန်သူ ဥပဒေပါမောက္ခ ဦးကျော်ဇောနိုင်တို့ကို ဂုဏ်ပြုဆုများ အပ်နှင်းခဲ့ပါသည်။

ယခုအခါ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း




ပြီး ၂၀၀၀ ပြည့်နှစ်မှစတင်၍ "ဝိုင်ပို" (WIPO) အဖွဲ့ကြီးမှ ကြီးမှူးကာ ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပခဲ့ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံ၌လည်း ၂၀၀၇ ခုနှစ်မှ စတင်၍ Aung Soe & Ace Top Law Firm မှ အသိဉာဏ်ပစ္စည်းဆိုင်ရာ ပညာရှင်များနှင့် ပူးပေါင်းကာ နှစ်စဉ်မပျက် ကျင်းပခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် Aung Soe & Ace Top Law Firm တို့ ပူးပေါင်း၍ ကျင်းပခဲ့ပါသည်။ ယမန်နှစ် ၂၀၁၄ ခုနှစ်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန CENTRE နှင့် Aung Soe& Ace Top Law Firm တို့ ပူးပေါင်းကျင်းပခဲ့ပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၌ အသိဉာဏ်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်း၊ တီထွင်မှုများ ဖွံ့ဖြိုးတိုးတက်ရန် အားပေးကူညီခြင်း၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများ (IP Laws) ပေါ်ထွန်းစေရန် ဆယ်စုနှစ်အတွင်း ပြည်တွင်းပြည်ပ ပညာရှင်များထံမှ အကြံဉာဏ်များရယူကာ ကြိုးပမ်းဆောင်ရွက်နေသော ဌာနကြီးဖြစ်ပါသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများ

**ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အသိဉာဏ်ပစ္စည်းများဖြစ်သော စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ဇာတ်သဘင်၊ အနုပညာရှင်တို့၏ လက်ရာများကို ကာကွယ်စောင့်ရှောက်ခြင်း၊ အနုပညာရှင်များ၏ အခွင့်အရေးကို ဖန်တီးပေးခြင်းတို့ဖြစ်။**

တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြပါသည်။

ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အသိဉာဏ်ပစ္စည်းများဖြစ်သော စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ဇာတ်သဘင်၊ အနုပညာရှင်တို့၏ လက်ရာများကို ကာကွယ်စောင့်ရှောက်ခြင်း၊ အနုပညာရှင်များ၏ အခွင့်အရေးကို ဖန်တီးပေးခြင်းတို့ ဖြစ်ပါသည်။ ထို့အတူ စက်မှုပစ္စည်းများဖြစ်သည့် စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်၊ ပထဝီဆိုင်ရာ ဒေသအညွှန်းများ အပါအဝင် တီထွင်မှုအသီးသီး၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်ပါသည်။ အဓိကမှာ မျိုးဆက်သစ်လူငယ် အနုပညာရှင်များနှင့် မျိုးဆက်သစ်တီထွင်သူ လူငယ်များ ပေါ်ထွန်းရေးဖြစ်သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံ၌လည်း မွန်မြတ်သည့် စိတ်ဓာတ်၊ ကောင်းမြတ်သည့် စေတနာတို့ကို အခြေခံ၍ ၂၀၀၉ ခုနှစ်တွင် Aung Soe & Ace Top Law Firm နှင့် မြန်မာနိုင်ငံ ပန်းရိုးရာ ပညာရှင်များအသင်းတို့ ပူးပေါင်းကာ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ကို ကျင်းပရာ၌ ထိုနှစ် ဆောင်ပုဒ်နှင့် ညီညွတ်သည့် စာရေးဆရာကြီး မောင်ဆုရှင် (ဦးမျိုးသန့်)နှင့် စာရေးဆရာမ ဂျူးတို့ကို ဂုဏ်ပြုဆု နှင်းအပ်ခဲ့ပါသည်။

ထို့အတူ ၂၀၁၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါ်သန်းနွဲ့၊ ၂၀၁၁ ခုနှစ်တွင် သံအမတ်ကြီး(ငြိမ်း)ဦးမြသန်း၊ ၂၀၁၂ ခုနှစ်တွင် တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်ဝင်း၊ ၂၀၁၃ ခုနှစ်တွင် အာဆီယံအသိဉာဏ်ပစ္စည်းအဖွဲ့၏ ဥက္ကဋ္ဌတရားလွှတ်တော်ရှေ့နေ (IPPAM)တို့ ပူးပေါင်းကာ ကျင်းပခြင်းဖြစ်ပါသည်။ အသိဉာဏ်ပစ္စည်းဆိုင်ရာ အသင်းကြီးကို စေတနာရှင်များက ပါဝင်ကူညီကြသည်မှာလည်း ကျေးဇူးအထူးတင်စရာ ဖြစ်ပါသည်။

ကျွန်တော်တို့မြန်မာနိုင်ငံ၌ ယခုနှစ်မှစတင်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ နိုင်ငံတော်အဆင့်မြှင့်တင်ကာ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် အနှစ်သာရပြည့်ဝစွာ ခမ်းနားစည်ကား၍ မေ ၂၅ ရက်နှင့် ၂၆ ရက် နှစ်ရက်တိုင် ကျင်းပမည်ဖြစ်ပါသည်။ ထိုအခမ်းအနားတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဗဟုသုတများကို နယ်ပယ်အသီးသီးမှ ပညာရှင်များက ဆွေးနွေးတင်ပြဟောပြောကြမည်ဖြစ်ပြီး ဂီတပညာရှင်များကလည်း ယခုနှစ်၏ ဆောင်ပုဒ်မှာ "Get Up, Strand Up, For Music" ဖြစ်သဖြင့် ဂီတပညာရှင်များကလည်း အင်တိုက်အားတိုက် ပါဝင်ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပါသည်။

သို့ပါ၍ ယခုနှစ် ကျင်းပသော "ကမ္ဘာ့ အသိဉာဏ်ပစ္စည်းနေ့"ကို တက်ရောက်အားပေးကြပါရန်နှင့် အနုပညာများနှင့် တီထွင်မှုများဖြင့် နိုင်ငံ့ကောင်းကျိုးကို ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်အပ်ပါသည်။ ။

# မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်

**စစ်ကိုင်း မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ထနောင်းဝန်းကျေးရွာအုပ်စု ရွာလည်ဘုန်းတော်ကြီးကျောင်းတွင် မိုးပွင့်(အထူး)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၁၀ ပေးအပ်ပွဲကို မေ ၂၁ ရက် နံနက် ၁၁ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသား စုစုပေါင်း အင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မောက်ကြိုးကျေးရွာ ပြည်ခေမာဓမ္မာရုံ စာကြည့်တိုက်တွင် မိုးပွင့်(အထူး)စီမံချက်ဖြင့် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေအား စစ်ဆေးကြည့်ရှုခြင်းနှင့် မိဘပြည်သူများအား မေ ၂၁ ရက် ညနေ ၃နာရီခွဲတွင် အသိပေးဟောပြောခဲ့သည်။

ဝက်လက်မြို့နယ်ရုံးဝန်ထမ်းများမှ သင်္ကြန်ကာလ ရုံးပိတ်ရက်များအတွင်း လုပ်ငန်းများ ရပ်နားမှုမရှိဘဲ ကျောင်းပိတ်ရက်အတွင်း မိဘရပ်ထံသို့ ပြန်လာသော ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာသူ ကျေးရွာသားများအား မိုးပွင့်(အထူး)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ လာရောက်ပြုလုပ်သူများအား တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က မိုးပွင့်အထူးလုပ်ငန်းဆောင်ရွက်ရခြင်း အကြောင်းအရင်းများ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား လက်ဝယ်ရရှိခြင်းတန်ဖိုးများအား ရှင်းလင်းပြောကြားပြီး ပြည်သူများက လုပ်ငန်းနှင့် ပတ်သက်၍ နားမလည်သည်များကို မေးမြန်းခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် စည်ပုတ္တရာအုပ်စု ပေကုန်းကျေးရွာ အမကကျောင်းတွင် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်နေမှုအခြေအနေအား စစ်ဆေးကြည့်ရှုခြင်းနှင့် မိဘပြည်သူများအား မေ ၂၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် အသိပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသား စုစုပေါင်း အင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ပြုလုပ်သူများအား တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က မိုးပွင့်အထူးလုပ်ငန်းဆောင်ရွက်ရခြင်းအကြောင်းအရင်းများ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား လက်ဝယ်ရရှိခြင်းတန်ဖိုးများအား ရှင်းလင်းပြောကြားပြီး ပြည်သူများက လုပ်ငန်းနှင့်ပတ်သက်၍ နားမလည်သည်များကို မေးမြန်းခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူးက ပြန်လည်ဆွေးနွေးခဲ့သည်။

**(ပြန်/ဆက်)**



**ရွှေဘိုခရိုင် ခင်ဦးမြို့နယ် စည်ပုတ္တရာအုပ်စု ပေကုန်းကျေးရွာ အမကကျောင်းတွင် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်နေမှုကို တွေ့ရစဉ်။**

# ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ စာစီစာကုံးပြိုင်ပွဲ ပထမဆုရသူအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ တီထွင်ဖန်တီးမှုနှင့်ပတ်သက်၍ မူပိုင်ခွင့်ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်လျက် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပမည့် (ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့)အခမ်းအနားဆိုင်ရာ "ဖန်တီးမှုကို မြှင့်တင်ဖို့ မူပိုင်ခွင့်များဖြင့် ကာကွယ်စို့" ခေါင်းစဉ်ဖြင့် စာစီစာကုံးတွင် ကချင်ပြည်နယ် မိုးညှင်းမြို့ ရေလည်ကျွန်းရပ်ကွက်အမှတ်(၉၇)နေ အဘ ဦးမြင့်ဖေ၊ အမိ ဒေါ်ခင်ဝင်းတို့၏သမီး အစိုးရနည်းပညာကောလိပ် မိုးညှင်း 14TC.25 မဆုဆုသဥ္ဇာမြင့်သည် ပထမဆုရရှိကြောင်း သိရသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက မေ ၁၈ ရက် နံနက် ၉ နာရီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရုံး၌ ငွေကျပ်သုံးသောင်းကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ နိုင်ငံတော်အဆင့် ပထမဆုချီးမြှင့်ဂုဏ်ပြုပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးတင်အောင်၊ ခရိုင်/မြို့နယ်ကော်မတီဝင်များ တက်ရောက်အားပေးကြကြောင်း သိရသည်။

**မင်းမာယ(မိုးညှင်း)**

■■■

**စာပေမြင့်မှ လူမျိုးတင့်မည်**

# လှေလှော်လှေကျင့်ရေးစခန်းနှင့် မြန်မာ့ရိုးရာစွန်အလှ/စွန်ဖြတ်ပြိုင်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကြည့်ရှုအားပေး



**ရန်ကုန် မေ ၂၅**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ နိုင်ငံလိုက်အဆင့်ရရှိမှုတွင် မြန်မာနိုင်ငံအတွက် အဓိကအားထားရသည့် လှေလှော်အားကစားနည်းအနေဖြင့် ရိုးရာလှေ၊ ကနူး/ကယက်၊ အပြည်ပြည်ဆိုင်ရာလှေလှော်သုံးမျိုးကို လာမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး မျှော်မှန်းရွှေတံဆိပ် (၁၇)ခု ရရှိရန် ပြင်းပြင်းထန်ထန်ကြိုးစား လေ့ကျင့်လျက်ရှိရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယနေ့နံနက် ၈ နာရီက မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အင်းလျားကန်ရှိ လှေလှော်လှေကျင့်ရေး စခန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ရုံး၌ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အုပ်ချုပ်မှုတာဝန်ခံနှင့် အမှုဆောင်များ၊ ကျန်းမာရေးတာဝန်ခံ၊ အဆောင်တာဝန်ခံ၊ ကျွေးမွေးရေးတာဝန်ခံနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး အားကစားနည်းများအလိုက် အချိန်မီပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အသေးစိတ်အောက်ခြေအထိ ဆောင်ရွက်ရန်၊ ရိုးရာလှေ၊ ကနူးကယက်၊ အပြည်ပြည်ဆိုင်ရာ လှေလှော်အားကစားနည်း သုံးမျိုးစလုံး အောင်နိုင်ရေးအတွက် ဆေးကုသရေးအဖွဲ့အား ပြိုင်ပွဲကာလအတွင်း အနီးကပ်ပြုစုစောင့်ရှောက်နိုင်ရေးအတွက် တစ်ပါတည်းခေါ်ဆောင်သွားဖို့ လိုကြောင်း၊ ဆေးကုသရေးအဖွဲ့မှလည်း ပြိုင်ပွဲမဝင်ခင်နှင့် ပြိုင်ပွဲယှဉ်ပြိုင်ပြီးသွားချိန်များတွင် ၎င်းတို့ ကုန်ခန်းသွားသော အားအင်နှင့် ကယ်လိုရီများကို ပြန်လည်ဖြည့်ဆည်းပေးနိုင်မှ ပြိုင်ပွဲတိုင်း အောင်မြင်မှုရရှိမှာဖြစ်ပါကြောင်း၊ ကုသရေးအတွက် လိုအပ်သော ဆေးဝါးများနှင့် ကုသရေးစက်ပစ္စည်းများပါ တစ်ပါတည်းယူဆောင်သွားဖို့လိုကြောင်း၊ ပြိုင်ပွဲကာလနီးကပ်လာသည်နှင့်အမျှ အုပ်ချုပ်မှုအပိုင်းနှင့် ကျန်းမာရေး၊ ကျွေးမွေးမှုများကို အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် စံချိန်/စံညွှန်းများ ဆက်လက်တိုးတက်ရန် အားကစားသမား၊ နည်းပြများကပါ ပြင်းပြင်းထန်ထန်ဆက်လက်ကြိုးစားလေ့ကျင့်သွားရန် မှာကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ကျိုက္ကဆံအားကစားကွင်းရှိ ဘော့စ်ဘော အားကစားကွင်း၌ မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော (၁၁)ကြိမ်မြောက် စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲသို့ သွားရောက် ကြည့်ရှုအားပေးရာ အဆိုပါပြိုင်ပွဲ၌ စွန်ဖြတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အားကစားသမား ၁၂၀၊ စွန်အလှပြိုင်ပွဲတွင် အားကစားသမား ရှစ်ဦး စုစုပေါင်း ၁၂၈ ဦးတို့ စွန်ဖြတ်တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများကျင်းပရာ အသင်းလိုက်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ယှဉ်ပြိုင်ကြသည်။

ယနေ့စွန်ဖြတ်ပြိုင်ပွဲအကြို အုပ်စုဗိုလ်အဆင့်ပြိုင်ပွဲ၊ အသင်းလိုက် (ရှုံး/ထွက်)အသင်းပြိုင်ပွဲများ ကျင်းပခဲ့ရာ ယင်းပြိုင်ပွဲတွင် စွန်အလှပြိုင်ပွဲ တစ်ဦးချင်းနှင့် အသင်းလိုက်စွန်ဖြတ်ပြိုင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

၂၀၁၅ ခုနှစ် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ၇-၅-၂၀၁၅ ရက်နေ့မှ ၁၃-၅-၂၀၁၅ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါ၍ အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| စဉ် | အမည် | ရာထူး | ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
| --- | --- | --- | --- | --- |
| ၁။ | ဦးထွန်းထွန်းနိုင် | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော် | ၀၆၇-၄၀၇၃၄၂<br>၀၉-၈၆၀၁၅၇၂ |
| ၂။ | ဒေါ်ချယ်ရီမာမန်း | ညွှန်ကြားရေးမှူး | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော် | ၀၆၇-၄၀၇၁၅၃<br>၀၉-၄၂၈၁၃၇၇၆၈ |
| ၃။ | ဒေါ်နွယ်နီဦး | ညွှန်ကြားရေးမှူး | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (မန္တလေး) | ၀၂-၈၆၆၆၂<br>၀၉-၇၉၅၉၆၅၇၀၅ |




○ **ကျောဖုံးမှ**

ဇွန် ၁ ရက်မှ ၁၁ရက်အထိ Jalan Beasar ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အသင်းခြောက်သင်း ပါဝင်နေသော အုပ်စု(ခ) ပွဲစဉ်များကို မေ ၂၉ ရက်တွင် စတင်မည်ဖြစ်ပြီး Bishan ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပွဲစဉ်များကို ဇွန် ၁၃ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းပွဲများကို စင်ကာပူအမျိုးသားအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်အားလုံးကို မြန်မာစံတော်ချိန် ည ၇ နာရီတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းအနေဖြင့် ဆီမီးအဆင့် တက်ရောက်ရန်အတွက် ရွှေနှစ်ပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေပြီး အုပ်စုတွင်း အင်အားအတောင့်တင်းဆုံးနှစ်သင်းနှင့် ကစားရမည်ဖြစ်သောကြောင့် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ မြန်မာအသင်း ပွဲဦးထွက်ကစားရမည့် အင်ဒိုနီးရှားအသင်းနှင့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် တွေ့ဆုံခဲ့ဖူးပြီး မြန်မာအသင်းမှာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲတွင် တတိယဆုရရှိထားသည်။

**(သတင်းနှင့်ဓာတ်ပုံ-ချစ်ကိုကို)**

## (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တယောအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

**(ယမန်နေ့မှ အဆက်)**

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
| --- | --- | --- |
| (က) | အိုသာတင့်ဆုံး | (ယိုးဒယား) |
| (ခ) | အောင်မြေမြမန်း | (ပတ်ပျိုး) |
| (ဂ) | အောင်မင်္ဂလာ | (ယိုးဒယား) |
| (ဃ) | တောမြိုင်စွန်း | (ယိုးဒယား) |
| (င) | မဲဇာတောင်ခြေ | (ပတ်ပျိုး) |
| (စ) | သာဆန်းရဂုံဗွေ | (ပတ်ပျိုး) |
| (ဆ) | မြန်ချာမြေကို | (ပတ်ပျိုး) |
| (ဇ) | ခိုင်ပန်းစုံမှုန်မာလာ | (ယိုးဒယား) |

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
| --- | --- | --- |
| (က) | တောနှင့်တောင်စွယ် | (ယိုးဒယား) |
| (ခ) | ညဥ့်သုံးယံ | (ပတ်ပျိုး) |
| (ဂ) | ဂုဏ်တော်ဖွင့် | (ကာလပေါ်) (ပြည်လှဖေ) |

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
| --- | --- | --- |
| (က) | ပြည်တော်ဝင် | (ကာလပေါ်) |
| (ခ) | ဝေဇယန္တာ | (ယိုးဒယား) |
| (ဂ) | ဘုံဆောင်မြင့် | (ကြိုး) |

**၄။ အခြေခံပညာ(၁၅-၂၀) အဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
| --- | --- | --- |
| (က) | မြနန္ဒာ | (ကာလပေါ်) (ဒေါ်စိန်ပါတီ) |
| (ခ) | ဖြေလျော့ခွေ | (ပတ်ပျိုး) |
| (ဂ) | စိမ်းလဲ့လဲ့ညိုပြာ | (ကြိုး) |

**၅။ အခြေခံပညာ(၁၀-၁၅) အဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
| --- | --- | --- |
| (က) | လွမ်းပိုအောင်ညိုမင်းလွင် | (ယိုးဒယား) |
| (ခ) | မေတ္တာဂုဏ် | (ကာလပေါ်) (ပြည်လှဖေ) |
| (ဂ) | မြန်ခန်းကျွန်းတွင်း | (ကြိုး) |

## (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မယ်ဒလင်အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

**၁။ ဝါသနာရှင်(ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
| --- | --- | --- |
| (က) | နန်းသီဟို | (ယိုးဒယား) |
| (ခ) | ရဝိန်ဒေါင်းယာဉ်ပျံ | (ပတ်ပျိုး) |
| (ဂ) | မန္တလာဘုံ | (ဘွဲ့) |
| (ဃ) | စိန်ခြယ်ဖြာရောင်လင်း | (ကြိုး) |
| (င) | ထူးမခြားနား | (သီချင်းခံ) |
| (စ) | မှုန်ပြာဝေ | (ယိုးဒယား) |
| (ဆ) | ရေယမုန် | (ပတ်ပျိုး) |
| (ဇ) | ပြည်ပြည်မင်းပေါင်း | (သီချင်းခံ) |

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
| --- | --- | --- |
| (က) | ညို့ညို့ဆိုင်းဆိုင်း | (ပတ်ပျိုး) |
| (ခ) | ရွှေဦးတေးသံ | (ကာလပေါ်) (မေလှမြိုင်) |
| (ဂ) | ဇမ္ဗူရောင်ကွန့် | (ဘွဲ့) |

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
| --- | --- | --- |
| (က) | မှိုင်းရိပ်ကယ်တည့်ဝေမှောင် | (ကြိုး) |
| (ခ) | ဂုဏ်တော်ဖွင့် | (ကာလပေါ်) |
| (ဂ) | ဆန်းရွှေဦး | (ယိုးဒယား) |

**၄။ အခြေခံပညာ(၁၅-၂၀) အဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
| --- | --- | --- |
| (က) | သည်ဆောင်းဟေမန် | (ဘွဲ့) |
| (ခ) | သုခုမ | (ကာလပေါ်) (စောင်းဦးဘသန်း) |
| (ဂ) | နန်းဘုံသီဟာဗွေ | (ယိုးဒယား) |

**၅။ အခြေခံပညာ(၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
| --- | --- | --- |
| (က) | ဝေဘာဂီရိ | (ကြိုး) |
| (ခ) | တောနှင့်တောင်စွယ် | (ယိုးဒယား) |
| (ဂ) | ဇမ္ဗူဒီပါ | (ကာလပေါ်) (စိန်ပါတီ) |

(ဆက်လက်ဖော်ပြပါမည်။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက် မြန်မာနိုင်ငံ၏ နိုင်ငံတကာရေးရာပါဝင်ဆောင်ရွက်နိုင်မှုအခန်းကဏ္ဍ ပိုမိုမြင့်မားလာ

အမေး၊ အရေး
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်၊ နေလင်း(မြန်/ဆက်)

ရန်ကုန် မေ ၂၅

၁၉၅၅ ခုနှစ်က မြန်မာနိုင်ငံအပါအဝင် လွတ်လပ်ရေးရပြီး နိုင်ငံငါးနိုင်ငံမှ ဦးစွာဖော်ဆောင်ခဲ့သည့် နှစ်(၆၀)ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် (၁၀)နှစ်ပြည့် အာရှ-အာဖရိက မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ခြင်းအခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့တို့တွင် မေ ၂၀ ရက်မှ ၂၄ ရက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

ငင်းခရီးစဉ်တွင် နိုင်ငံတော်သမ္မတကြီးနှင့်အတူ လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်နှင့် မန္တလေးမြို့တော်ဝန်များအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသား တင်ပြလိုက်ပါသည်။



ဦးအောင်မင်း
ပြည်ထောင်စုဝန်ကြီး။




ဦးဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး။



ဦးရဲထွဋ်
ပြည်ထောင်စုဝန်ကြီး။



ဦးလှမြင့်
(ရန်ကုန်မြို့တော်ဝန်)



ဦးအောင်မောင်း
(မန္တလေးမြို့တော်ဝန်)

**ဦးအောင်မင်း**
**ပြည်ထောင်စုဝန်ကြီး**

ဒီဘန်ဒေါင်းခရီးစဉ်မှာ နိုင်ငံတော်သမ္မတကြီးနဲ့အတူ အစည်းအဝေးနှစ်ခု တက်ရောက်ခဲ့သလို တက်ရောက်လာတဲ့ နိုင်ငံ့ခေါင်းဆောင်အချို့နဲ့လည်း တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ နီပေါနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က တော်တော်တူတယ်။ သူတို့လည်း နှစ်ပေါင်းရှည်ကြာစွာ တိုင်းရင်းသားလက်နက်ကိုင် ပြဿနာရှိခဲ့တယ်။ သူတို့ဆီမှာကတော့ မော်ဝါဒီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းတစ်ဖွဲ့တည်းရှိတာ။ မော်ဝါဒီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းနဲ့ သူတို့က ၂၀၀၆ ခုနှစ်က ငြိမ်းချမ်းရေးလက်မှတ်စထိုးနိုင်ခဲ့တယ်။

လက်မှတ်ထိုးပြီး နောက်ပိုင်း လက်နက်တွေ စွန့်လွှတ်တာ၊ ပြန်လည်နေရာချထားတာ၊ သူတို့ဒေသတွေကို ပြန်လည် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးတာ၊ သူတို့က အဲဒါတွေကို ကုလသမဂ္ဂအကူအညီနဲ့ တော်တော်ဆောင်ရွက်ထားပြီးဖြစ်တယ်။ သူတို့ဆီမှာ တိုင်းရင်းသားလက်နက်ကိုင် သုံးသောင်းလောက်ရှိတယ်။ တချို့လည်း တပ်မတော်ထဲဝင်၊ တချို့က အကောက်ခွန်ဌာန၊ တချို့က မှတ်ပုံတင်ဌာန၊ တချို့က ကျောင်းဆရာ၊ တချို့က ကျန်းမာရေးမှူး စတဲ့ သူတို့နဲ့ လိုက်လျောညီထွေဖြစ်မယ့် လုပ်ငန်းတွေကို ဝင်ရောက်ထမ်းဆောင်ကြတယ်။ ခုတော့ သူတို့ရဲ့ကြိုးပမ်းအားထုတ်မှုက အများကြီး တိုးတက်နေပြီ။ တကယ်တော့ နိုင်ငံတစ်နိုင်ငံရဲ့ လက်နက်ကိုင် ပြဿနာဟာ နိုင်ငံရေးနည်းနဲ့ပဲ ဖြေရှင်းရမှာပါ။ အဲဒါကြောင့် သူတို့နိုင်ငံမှာ တိုင်းရင်းသားလက်နက်ကိုင်တွေက လက်နက်တွေစွန့်ပြီး ပါတီတွေထောင်တာ၊ ရွေးကောက်ပွဲဝင်တာတွေအဆင့်ထိ ဖြစ်နေပြီ။

သူတို့ဖြေရှင်းခဲ့တာ ကမ္ဘာမှာ ကျင့်သုံးနေတဲ့ နည်းအတိုင်းပဲ ကျင့်သုံးခဲ့တယ်လို့ ပြောတယ်။ ကျွန်တော်တို့လည်း သူတို့နည်းနာအတိုင်း ကျင့်သုံးဖို့ ဆုံးဖြတ်ထားပြီးသားဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့လည်း တစ်ဆင့်ပြီးတစ်ဆင့် သွားနေတာ။ ထူးခြားတာက နီပေါနိုင်ငံဟာ လက်နက်ကိုင် ပြဿနာကို နိုင်ငံရေးနည်းနဲ့ ရှင်းခဲ့တယ်။ ဆွေးနွေးတယ်။ နောက်ဆုံးပြောရရင် သူတို့နဲ့ တွေ့ဆုံဆွေးနွေးလိုက်ရတာ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးအတွက် အများကြီး အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးဝဏ္ဏမောင်လွင်**
**ပြည်ထောင်စုဝန်ကြီး**

၂၀၁၅ ဘန်ဒေါင်းညီလာခံမှာ ကြေညာချက်နဲ့ ထုတ်ပြန်ချက်သုံးခုကို အတည်ပြုခဲ့တယ်။ အဲဒါတွေကတော့ Bandung Message 2015၊ Re-invigorating the New Strategic Partnership နဲ့ Declaration on Palestine တို့ ဖြစ်တယ်။

ကမ္ဘာ့လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းရှိတဲ့ အာရှတိုက်နဲ့ အာဖရိကတိုက်က ပြည်သူလူထုအချင်းချင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြဖို့ အလားအလာတွေ အများကြီးရှိပါတယ်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေ ညီညီညွတ်ညွတ်နဲ့ လွန်ခဲ့တဲ့နှစ်(၆၀)လောက်ကအတိုင်းပဲ စည်းလုံးညီညွတ်မှုကို ဆက်လက် ထိန်းသိမ်းသွားကြဖို့ ကောင်းမွန်တဲ့ အလားအလာတွေပဲ ဖြစ်ပါတယ်။

ဘန်ဒေါင်းညီလာခံကို ၁၉၅၅ ခုနှစ်မှာ စတင်ပြုလုပ်ခဲ့တဲ့ ကနဦးနိုင်ငံတွေကပါတဲ့ မြန်မာနိုင်ငံရဲ့ အခန်းကဏ္ဍဟာလည်း အထူးအလေးပေးခြင်းခံရပါတယ်။

ဘန်ဒေါင်းမှာ လုပ်တဲ့ နှစ် (၆၀) မြောက် အာရှ-အာဖရိက ညီလာခံရဲ့ အထိမ်းအမှတ်ပွဲမှာ နိုင်ငံတော်သမ္မတကြီးကနေပြီး အာရှတိုက်နိုင်ငံတွေရဲ့ကိုယ်စား မိန့်ခွန်းပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဦးဆောင်မှုကဏ္ဍကို နိုင်ငံတကာ ဆက်ဆံရေးမှာ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဆောင်ရွက်ခွင့်ရတဲ့ အခွင့်အလမ်းရခဲ့တဲ့ ညီလာခံတွေ၊ အစည်းအဝေးတွေဖြစ်တယ်လို့ ပြောချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ၂၀၁၄ ခုနှစ်မှာ ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်တွေကို ထမ်းဆောင်ခဲ့ပြီး ဒီနှစ်မှာလည်း မြန်မာနိုင်ငံရဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမှာ နိုင်ငံခြားရေးမူဝါဒကို တက်တက်ကြွကြွ အကောင်အထည်ဖော်ခွင့်ရခဲ့တယ်။ ဒေသတွင်းမှာလည်း ဦးဆောင်မှုအခန်းကဏ္ဍမှာ ပိုပိုပြင်ပြင်နဲ့ဆောင်ရွက်သွားနိုင်တဲ့ အနေအထားတွေတွေ့ရတဲ့အတွက် ဒီညီလာခံကို တက်ရောက်ရတဲ့ခရီးစဉ်ကလည်း အထူးအောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဦးရဲထွဋ်**
**ပြည်ထောင်စုဝန်ကြီး**

ဒီခရီးစဉ်ကတော့ ဘန်ဒေါင်းညီလာခံရဲ့ နှစ်(၆၀)ပြည့် အခမ်းအနားပေါ့။ ၁၉၅၅ တုန်းက အာရှ-အာဖရိက ထိပ်သီးညီလာခံ အများအခေါ် ဘန်ဒေါင်းညီလာခံလုပ်တဲ့အချိန်တုန်းက မြန်မာနိုင်ငံဟာ အဆိုပြုကမကထလုပ်တဲ့ ငါးနိုင်ငံထဲမှာ အဖွဲ့ဝင်တစ်နိုင်ငံဖြစ်တယ်။ အဲဒီတုန်းကတော့ ကျွန်တော်တို့နိုင်ငံရဲ့ဝန်ကြီးချုပ် ဦးနုက ပါဝင်ဆောင်ရွက်ခဲ့တာ။ အဲဒီ စစ်အေးကာလတုန်းက အရှေ့အုပ်စု၊ အနောက်အုပ်စုကြားမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အာရှ-အာဖရိက ၂၉ နိုင်ငံ တက်ရောက်ခဲ့တယ်။

အရာရာကိုငြိမ်းချမ်းစွာ ဖြေရှင်းမယ်၊ ကိုလိုနီစနစ်ကိုဆန့်ကျင်မယ်ဆိုတဲ့ ဘန်ဒေါင်း အခြေခံမူ ၁၀ ချက်ကိုချခဲ့တယ်။ ဘာပဲပြောပြော အဲဒီအချိန်တုန်းကတော့ ဒီဘန်ဒေါင်းညီလာခံဟာ မြန်မာနိုင်ငံရဲ့သံတမန်ရေးရာဆိုင်ရာ အောင်မြင်မှုပေါ့။ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာကျတော့ အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံဟာ သံတမန်မျက်နှာစာမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားနိုင်ခြင်းမရှိခဲ့ဘူး။ ခု နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ နိုင်ငံတကာဆက်ဆံရေး ပြန်လည်ကောင်းမွန်လာတာနဲ့အမျှ မြန်မာနိုင်ငံရဲ့နိုင်ငံတကာရေးရာမှာ ပါဝင်ဆောင်ရွက်နိုင်တဲ့အခန်းကဏ္ဍကပိုမြင့်မားလာတယ်။

အဲဒီတော့ ဒီနှစ်(၆၀)ပြည့်အခမ်းအနားလုပ်တဲ့အခါမှာ ပြီးခဲ့တဲ့ (၆၀)တုန်းက နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက ဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်ခဲ့သလိုပဲ ဘန်ဒေါင်းအစည်းအဝေး ဖွင့်ပွဲမှာ သမ္မတကြီးက အင်ဒိုနီးရှားသမ္မတနဲ့အတူ စင်ပေါ်တက်ရောက်ခွင့်ရတဲ့ တစ်ဦးတည်းသော နိုင်ငံ့ခေါင်းဆောင် ဖြစ်ပါတယ်။ ဒီနေ့ အခမ်းအနားမှာလည်း အာရှနိုင်ငံများ ကိုယ်စား မိန့်ခွန်းပြောခွင့်ရတယ်။ ဒါကြောင့်မို့ ဒီနှစ်(၆၀)ပြည့် ဘန်ဒေါင်းညီလာခံဟာ လွန်ခဲ့တဲ့နှစ်ပေါင်း(၆၀)က မြန်မာနိုင်ငံက ဒေသအတွင်း နိုင်ငံတကာသံတမန်ရေးရာကဏ္ဍမှာ တက်ကြွစွာပါဝင်နိုင်ခဲ့သလိုပဲ အခု အဲဒီနေရာကို ပြန်ပြီးတော့မှ ယူတဲ့ အခမ်းအနားလို့လည်း ပြောလို့ရပါတယ်။

ဒါကြောင့်မို့ ဒီအခမ်းအနားကို တက်ခြင်းဟာ နိုင်ငံရဲ့ဂုဏ်သိက္ခာ၊ မြန်မာပြည်သူတွေရဲ့ ဂုဏ်သိက္ခာကို မြင့်မားစေခဲ့တယ်။ ဒီအခမ်းအနားတစ်လျှောက် ပြသထားတဲ့ပုံတွေ၊ ပိုစတာတွေထဲမှာလည်း တစ်ချိန်က ဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့တဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုပုံကိုလည်း အလေးထားဖော်ပြထားတာကို တွေ့ရလို့ တက်ရောက်ရတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့လည်း အများကြီးဂုဏ်ရှိပါတယ်။

ပြီးတော့ ဒီခရီးစဉ်မှာသမ္မတကြီးက အခြားနိုင်ငံ့ခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ခဲ့ပါတယ်။ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်နဲ့ တွေ့ဆုံတဲ့အခါမှာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းဖို့ကိစ္စတွေ၊ နယ်စပ်ဒေသမှာ တရားမဝင်မှောင်ခိုကုန်ကူးမှုတွေ၊ မူးယစ်ဆေးဝါးကိစ္စတွေနဲ့ နှစ်နိုင်ငံနယ်စပ် အကြမ်းဖက်အဖွဲ့အစည်းတွေ လှုပ်ရှားနိုင်ခြင်းမရှိအောင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ဖို့ဆွေးနွေးခဲ့တယ်။ နောက်နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်သွားဖို့လည်း ဆွေးနွေးခဲ့တယ်။ တရုတ်နိုင်ငံနဲ့ကတော့ မဟာဗျူဟာမြောက်လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေးကို မြှင့်တင်ဖို့နဲ့ နှစ်နိုင်ငံဆက်ဆံရေးမှာ ဘန်ဒေါင်းစိတ်ဓာတ်ကိုအခြေခံပြီးတော့ တိုးမြှင့်သွားဖို့ဆွေးနွေးတာ။

ဒ့ါအပြင် ရှမ်းပြည်နယ်မြောက်ပိုင်းမှာဖြစ်နေတဲ့ ပဋိပက္ခအခြေအနေနဲ့ ပတ်သက်ပြီးတော့ အမြန်ဆုံးချုပ်ငြိမ်းသွားဖို့ အခြေအနေတွေ ဆွေးနွေးခဲ့တယ်။ နီပေါနဲ့ကတော့ ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့အဓိကထား ဆွေးနွေးခဲ့တာပါ။ နီပေါ-မြန်မာခရီးသွားကဏ္ဍမှာ ဥပမာမနှစ်က ကိန်းဂဏန်းအရဆိုရင် မြန်မာလူမျိုးငါးသောင်းကျော်က နီပေါနိုင်ငံရဲ့ ဗုဒ္ဓဖွားမြင်ခဲ့တဲ့ လုမ္ဗိနီကို သွားရောက်လည်ပတ်ခဲ့တယ်။ ခုချိန်မှာ အိန္ဒိယနိုင်ငံက တစ်ဆင့်သွားနေရတာဖြစ်လို့ မြန်မာနဲ့ နီပေါနဲ့သာ တိုက်ရိုက်ဆက်သွယ်မှုရှိမယ်ဆိုရင် မြန်မာခရီးသွားတွေကလည်းနီပေါမှာရှိတဲ့ ဗုဒ္ဓနဲ့ပတ်သက်တဲ့ နေရာတွေကို ပိုပြီးသွားနိုင်မယ်။ ဒ့ါအပြင် အခြားနိုင်ငံကနေပြီးတော့ နီပေါနိုင်ငံရဲ့ဗုဒ္ဓဘာသာ အထွတ်အမြတ်ထားရာနေရာတွေကို လာရောက်လည်ပတ်တဲ့ ခရီးသွားတွေကလည်း နီပေါနိုင်ငံကို လည်ပတ်ပြီးရင် မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ အထွတ်အမြတ်နေရာတွေကို ဆက်ပြီး လည်ပတ်လို့ရအောင် ရည်ရွယ်ခဲ့တာဖြစ်တယ်။ ဒါကြောင့် နှစ်နိုင်ငံလေကြောင်း တိုက်ရိုက်ဆက်သွယ်မှုရှိဖို့အလားအလာတွေကို ဆွေးနွေးခဲ့တာ။

နောက်တစ်ခုကတော့ နီပေါနိုင်ငံက ၂၀၀၆ ခုနှစ်မှာသူ့နိုင်ငံမှာရှိတဲ့ မော်ဝါဒီလက်နက်ကိုင်အဖွဲ့နဲ့ ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့တာရှိတယ်။ အဲဒီ ငြိမ်းချမ်းမှုရယူတုန်းက သူတို့ရဲ့အတွေ့အကြုံတွေ၊ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ခဲ့တဲ့အတွေ့အကြုံတွေကိုလည်း သမ္မတကြီးနဲ့ အမြင်ချင်းဖလှယ်ခဲ့ကြတယ်။ ဒါတွေဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ဘန်ဒေါင်းညီလာခံက ရရှိဆွေးနွေးခဲ့တဲ့အရာတွေပဲ ဖြစ်ပါတယ်။

**ဦးလှမြင့်**
**(ရန်ကုန်မြို့တော်ဝန်)**

ကျွန်တော့်အနေနဲ့ ဒီဂျကာတာမြို့မှာရှိတဲ့ နိုင်ငံအတွက် သင့်တော်တဲ့ လေ့လာသင့်၊ လေ့လာထိုက်တာတွေကို လေ့လာခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ပို့ဆောင်ရေးပိုင်းဆိုင်ရာတွေကိုလည်း အဓိကထား လေ့လာခဲ့ပါတယ်။ ပထမဦးဆုံး ဂျကာတာမြို့ရဲ့ နေ့စဉ်ခရီးသည် ခုနစ်သိန်းငါးသောင်းလောက် အထောက်အကူပြုနေတဲ့ ကင်ပါဆိုတဲ့ ဘူတာရုံကြီးကိုသွားရောက်လေ့လာခဲ့တယ်။ ဒါက ဂျကာတာမြို့ပေါ်မှာ နေ့စဉ်စီးနေတဲ့ ခရီးသည်တွေဖြစ်တယ်။

နယ်ကတော့ ခုနစ်သိန်းလောက် ပို့ဆောင်ပေးရတယ်လို့ ပြောတယ်။ သူတို့ဆီမှာက ကျွန်တော်တို့ဆီထက် ရထားနဲ့ခရီးသွားမှုကို ပိုအသုံးပြုနေတာ တွေ့ရတယ်။ ကျွန်တော်တို့ကိုလည်း Rain ways တွေကို လေ့လာဖို့ ဖိတ်ခေါ်ခဲ့တယ်။ သူတို့ဆီမှာက တစ်ခုအောင်မြင်နေတာ အီးတိကတ်ပေါ့။ ဖုန်းကနေတစ်ဆင့်၊ စတေရှင်တွေကနေ တစ်ဆင့်နဲ့ အေတီအမ်တွေမှာလည်း ဝယ်ယူနေတာကို တွေ့ရတယ်။ ဒါက ပို့ဆောင်ရေးမှာ မီးရထားနဲ့ ဆိုင်တဲ့အပိုင်းပေါ့။

ပြီးတော့သူတို့ ဂျကာတာမှာဖြစ်ပျက်နေတဲ့ နေ့စဉ်ယာဉ်ကြောကျပ်တည်းမှုတွေ၊ မိုးတွင်းရေလျှံတာတွေ ဆွေးနွေးဖြစ်ခဲ့တယ်၊ ဂျကာတာမှာက ယာဉ်စီးရေ ၁၇ ဒသမ ၅ သန်း၊ ဆိုင်ကယ် ၁၃ သန်းကျော်ရှိတယ်လို့ ပြောတယ်။ အမ်အာတီလည်းသူတို့လုပ်နေတာကြာပြီ။ ၂၀၀၈ ခုနှစ်မှ ပြီးမယ်လို့ပြောတယ်။ နေ့စဉ် ဆိုင်ကယ် မတော်တဆမှုက လေးထောင်လောက်နဲ့ မော်တော်ကားနဲ့ပတ်သက်တဲ့မတော်တဆမှုက ၂၆၀၀ လောက်ဖြစ်တယ်လို့သိရတယ်။ ဂျကာတာမှာလည်း ရန်ကုန်မြို့လို ယာဉ်ကျောကျပ်တည်းမှုရှိတယ်။ အဲဒါကို သူတို့ဘယ်လို ဖြေရှင်းတယ်။ ဘယ်လို အကောင်အထည်ဖော်ထားတယ်ဆိုတာကို ဦးစားပေးလေ့လာခဲ့တယ်။

**ဦးအောင်မောင်း**
**(မန္တလေးမြို့တော်ဝန်)**

ကျွန်တော့်အနေနဲ့ မန္တလေးမြို့အတွက် လုပ်ဆောင်စရာတွေ၊ အတုယူစရာတွေ၊ အတွေ့အကြုံတွေ တော်တော်များများ ရခဲ့တယ်။ အထူးသဖြင့် ဂျကာတာမြို့ဟာ မန္တလေးမြို့ထက် ယာဉ်ပိုမိုများပြားတယ်။ ယာဉ်ကြော မကျပ်တည်းအောင် ဖြေရှင်းထားတဲ့ ဘတ်စ်ကားလိုင်းစနစ်ဟာ အလွန်ပဲအတုယူစရာကောင်းတယ်။

ဒါပေမယ့် မန္တလေးမှာက အဲဒီလောက်ထိတော့ ယာဉ်လိုင်းတွေ မကျပ်သေးဘူး၊ ဘာကြောင့်လဲဆိုတော့ မန္တလေးမှာက လမ်းတွေကိုချဲ့လိုက်တယ်၊ ပြီးတော့အရှေ့ အနောက်တောင်မြောက်လမ်းတွေကို တော်တော်များများ ကွန်ကရစ်လမ်းတွေလုပ်ထားတော့ လမ်းမကြီးတွေကို ရှောင်ကွင်းဖို့လမ်းတွေဖြစ်ပေါ်လာတဲ့အတွက် ခုချိန်ထိတော့ ယာဉ်ကြောကျပ်တည်းမှုပြဿနာက သိပ်မရှိသေးဘူး။

ခုလောလောဆယ်တော့ သူတို့ဆီက နည်းစနစ်တွေ အတုယူဖို့မလိုသေးဘူး ပြောရမှာပေ့ါ။ နောင်တစ်ချိန်တော့သူတို့လို နည်းစနစ်တွေ သုံးဖို့လိုလာနိုင်တယ်။ ပြီးတော့ နောက်တစ်ခုက ဂျကာတာမြို့ရဲ့ အခြေအနေကို လေ့လာကြည့်လိုက်တော့ လမ်းဘေးမှာ ဆိုင်လေးတွေ ရှိနေတာကိုတွေ့ရတယ်။ မန္တလေးအနေနဲ့ကတော့ လမ်းဘေးဆိုင်စနစ်ကို တော်တော်များများဖျောက်ထားတယ်။ အခုလိုလုပ်ထားတော့ လမ်းဘေးပလက်ဖောင်းပေါ် သွားနေတဲ့ ခရီးသည်ပြည်သူတွေ လွတ်လွတ်လပ်လပ်သွားလာနိုင်တာကိုတွေ့ရတယ်။ နောက်တစ်ခုက Green City ကို ကြည့်မယ်ဆိုရင် သစ်ပင်တစ်ခုတည်းပြောလို့မရဘူး။ မြို့တော်သူ၊ မြို့တော်သားတွေအတွက် ကောင်းမွန်တဲ့၊ လိုအပ်တဲ့အခြေအနေအားလုံးကို ဖြည့်ဆည်းပေးနိုင်မှ Green City လို့ ပြောလို့ရမှာ။ ဒါလေးတွေကို လေ့လာလိုက်တော့ ဂျကာတာမြို့သူမြို့သားတွေအတွက် တော်တော်လေးကို ဖြည့်ဆည်းပေးထားတာ တွေ့ရတယ်။ အထူးသဖြင့် မီးရထားနဲ့ ချိတ်ဆက်ပြေးဆွဲတဲ့ စနစ်လေးတွေ တော်တော်ကောင်းမွန်တယ်။ ငွေနဲ့ လက်မှတ်ဝယ်စရာမလိုဘဲ ဖုန်းနဲ့ ကြိုတင်ဘိုကင်လုပ်လို့ ရတယ်။ ကြိုတင်ဘိုကင်လုပ်တာကလည်း ထိုင်မယ့် ခုံနံပါတ်၊ တွဲနံပါတ်ကအစ သိနိုင်အောင် လုပ်ထားတာကိုတွေ့ရတယ်။ ဒါကလည်း မြို့သူမြို့သားတွေအတွက် ကောင်းမွန်တဲ့ အခြေအနေကို ဖန်တီးပေးထားတာ ဖြစ်တယ်။ သူတို့ရဲ့ မြို့ပတ်ရထားက ထိုင်ခုံကလည်း အဆင့်မီမီ၊ အဲကွန်း၊ တီဗွီနဲ့ စနစ်တကျလုပ်ပေးထားတာတွေ့ရတယ်။ ဒါတွေကလည်း ဂျကာတာမြို့ရဲ့ အတုယူစရာကောင်းတဲ့အချက်တွေပဲ ဖြစ်တယ်။ ။

## ပြည်တွင်းရေးရာ

**○ ရွှေဖုံးမှ**

တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ရွှေတိဂုံစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ငွေဆောင်သို့ ခရီးဆက်လက်ထွက်ခွာရာ လမ်းတစ်လျှောက်ရှိ မြို့များမှ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများက လမ်းဘေးဝဲ၊ ယာ တစ်လျှောက် အတီးအမှုတ်များဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒသမတန်းဘက်စုံထူးချွန်မောင်မယ်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံပြီး ဒသမတန်းဘက်စုံပညာ ထူးချွန်လူငယ်များနှင့် အုပ်ချုပ်သူနည်းပြဆရာ၊ ဆရာမများသည် ခရီးဆက်လက်ထွက်ခွာရာ ညနေ ၃ နာရီခန့်တွင် ငွေဆောင်အပန်းဖြေစခန်းသို့ ရောက်ရှိသည်။

၁၉၆၄ ခုနှစ်မှစတင်၍ ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည့် လူရည်ချွန်စီမံကိန်း အစီအစဉ်အား အစိုးရသစ်လက်ထက်တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ဘက်စုံပညာထူးချွန် လူငယ်အစီအစဉ်အဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်းသိရပြီး ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘက်စုံပညာထူးချွန် ဒသမတန်းကျောင်းသား ကျောင်းသူများအား ငွေဆောင်ကမ်းခြေရှိ ပုလဲငွေဆောင်ဟိုတယ်နှင့် ယုဇနဟိုတယ်များတွင် တည်းခိုနေထိုင်ရန်စီစဉ်ပေးထားကြောင်း သိရသည်။

ဧပြီ ၂၅ ရက်မှ မေ ၅ ရက်အထိ ဖွင့်လှစ်မည့် အဆိုပါစခန်းတွင် ဘက်စုံပညာထူးချွန် ဒသမတန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၆ ဦးအား အခြေခံစစ်ရေးပြသင်တန်း၊ ကင်းထောက်သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း ပြည်သူ့ဘဝလေ့လာရေး၊ ဖျော်ဖြေရေးအစီအစဉ်များလည်း စီစဉ်ထားကြောင်း သိရသည်။

**(သီသီမင်း)**



**ဒသမတန်းဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ငွေဆောင်အပန်းဖြေစခန်းသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။** (ဓာတ်ပုံ-သီသီမင်း)

ထို့အပြင်၂၀၁၅ခုနှစ် အဌမတန်း ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ လေ့လာရေးအဖွဲ့သည် ပုဂံညောင်ဦးဒေသသို့ လေ့လာရေးခရီးစဉ်အဖြစ် ဧပြီ ၂၅ ရက် မွန်းလွဲပိုင်းက မန္တလေးနှင့် မိတ္ထီလာမြို့မှ တစ်ဆင့် ပုဂံညောင်ဦးဒေသ အပန်းဖြေစခန်း (ပုဂံ)သို့ ရောက်ရှိခဲ့ကြသည်။

အဆိုပါ ဘက်စုံပညာထူးချွန်လူငယ်များအဖွဲ့ လေ့လာရေးခရီးစဉ်တွင် အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ကြီးကြပ်သူများအဖြစ် ဆရာ ကိုးဦး၊ ဆရာမ ကိုးဦးတို့ ဦးဆောင်လျက် ကျောင်းသား ၈၈ ဦး၊ ကျောင်းသူ ၈၈ ဦး စုစုပေါင်း ၁၇၆ ဦးတို့ပါဝင်ကြောင်း သိရသည်။ ထိုအဖွဲ့သည် အပန်းဖြေစခန်း(ပုဂံ)တွင် ဧပြီ ၂၅ ရက်မှ မေ ၅ ရက်ထိ တည်းခိုနေထိုင်မည်ဖြစ်ပြီး အပန်းဖြေစခန်း(ပုဂံ)မှ တစ်ဆင့် ချောက်၊ စလေ၊ ပုပ္ပါး၊ ပခုက္ကူ စသည့် မြို့များသို့လည်း လေ့လာရေးခရီးသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**(ရဲသူရအောင်)**

အလားတူ နဝမတန်းဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများသည် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ခေါင်တိုင်ကျေးရွာရှိ ဘက်စုံထူးချွန် လူငယ်အပန်းဖြေစခန်း(အင်းလေး)သို့ ဧပြီ ၂၅ ရက် ညနေပိုင်းတွင် ရောက်ရှိလာကြောင်း သိရသည်။

**မြတ်သူ(IPRD)**

❐

# သတင်းထုတ်ပြန်ချက်

၂၄-၄-၂၀၁၅ ရက်နေ့ထုတ် Daily Eleven သတင်းစာတွင် ရွှေစင်စကြာကုမ္ပဏီလီမိတက်က နို့တစ်စာတစ်စောင်ဖော်ပြခဲ့ပါသည်။ အဆိုပါနို့တစ်စာတွင် ၅-၄-၂၀၁၅ ရက်နေ့ညတွင် ဘတ်စ်ကား(၂)စီး ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ "Sky Net in house channels, mntv ၏ ပေါ့ဆစွာ မမှန်မကန်သတင်းထုတ်လွှင့်ခြင်းကို Shwe Than Lwin Media Co., Ltd, Sky Net တို့အပြင် MRTV-4, မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV), 4 Digital တို့ကလည်း မြန်မာနိုင်ငံတစ်နံတစ်လျား ထုတ်လွှင့်ပေးခဲ့ကြပါသည်။ ထို့ကြောင့် ၎င်းတို့သည်လည်း mntv နှင့်အတူ ကျွန်ုပ်အမှုသည် ကုမ္ပဏီ၏ အရပ်ရပ်နစ်နာမှုအတွက် တာဝန်ရှိလာခဲ့ပါသည်"ဟု ဖော်ပြထားပြီး အဆိုပါနစ်နာမှုအတွက် နှစ်လအတွင်း လျော်ကြေးငွေပေးအပ်ရန်နှင့် ပျက်ကွက်ပါက တရားစွဲတောင်းခံသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ယူထုတ်လွှင့်လျက်ရှိသော MRTV News Channel, MRTV Entertainment Channel, တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) တို့တွင် ရွှေစင်စကြာကုမ္ပဏီလီမိတက်၏ နို့တစ်စာပါ ယာဉ်မတော်တဆမှုသတင်းအား လုံးဝ(လုံးဝ)ဖော်ပြထုတ်လွှင့်ခဲ့ခြင်းမရှိပါ။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် အဆိုပါမတော်တဆမှုသတင်းကို ဖော်ပြထုတ်လွှင့်ခြင်းမရှိခဲ့သော်လည်း ရွှေစင်စကြာကုမ္ပဏီလီမိတက်၏ နို့တစ်စာပါ စွပ်စွဲဖော်ပြချက်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဂုဏ်သိက္ခာကို များစွာထိခိုက်နစ်နာစေသကဲ့သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများကို ကြည့်ရှုနေသော ပြည်သူများ၏ယုံကြည်မှုကိုလည်း များစွာလျော့နည်းထိခိုက်စေပါသည်။

သို့ပါ၍ ရွှေစင်စကြာကုမ္ပဏီလီမိတက်၏ နို့တစ်စာပါ မမှန်မကန်စွပ်စွဲပြောဆိုမှုအပေါ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် တရားဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

# လက်နက်ကိုင်အဖွဲ့ မိုင်းထောင်စဉ် မိုင်းကွဲ၍ နှစ်ဦးသေဆုံး

**နေပြည်တော် ဧပြီ ၂၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့နယ်ခွဲအတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် ဧပြီ ၂၄ ရက် နံနက် ၆ နာရီခွဲတွင် နောင်းမီးကျေးရွာအနီး တနိုင်း-မြစ်ကြီးနားကားလမ်း၏ အနောက်ဘက် ၈ ပေခန့်အကွာ၌ မိုင်းကွဲ၍ သေဆုံးနေသော အလောင်းနှစ်လောင်းအား တွေ့ရှိခဲ့သည်။

အဆိုပါသေဆုံးသူများမှာ နောင်းမီးကျေးရွာတွင်နေထိုင်သော ဘောက်ရာ (၂၆)နှစ်နှင့် ဆိုင်းလီ (၂၇)နှစ်တို့ ဖြစ်ကြောင်း၊ ၎င်းနေရာတွင် အကျယ် နှစ်ပေ၊ အနက် ခြောက်လက်မခန့်ရှိ ကျင်းတစ်ကျင်းဖြစ်ပေါ်ခဲ့ကြောင်းနှင့် အနီးဝန်းကျင်မှ ဓာတ်ခဲအသေး ၁၂ လုံး၊ အဝေးထိန်းစနစ်သုံး စနက်အုံ နှစ်ခု၊ ဓာတ်မီးနှစ်လက်၊ ကတ်ကြေး တစ်လက်၊ မီးတိပ် တစ်ခွေနှင့် ဓားမြှောင်နှစ်လက်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

၎င်းသေဆုံးသူများမှာ နောင်းမီးကျေးရွာတွင် မိသားစုများရှိကာ လွန်ခဲ့သော သုံးနှစ်ခန့်က အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းခံရသူများဖြစ်ကြောင်းနှင့် သင်တန်းပေးထားသည့် အမာခံဖောက်ခွဲရေးသမားများဖြစ်ပြီး ကားလမ်းတွင် မိုင်းထောင်စဉ် မိုင်းကွဲ၍ သေဆုံးခြင်းဖြစ်ကြောင်း စိစစ်သိရသည်။

တပ်မတော်စစ်ကြောင်းက သေဆုံးသူများအား နောင်းမီးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများထံသို့လွှဲပြောင်းပေးအပ်မှုနှင့်အတူ ကျေးရွာသင်္ချိုင်းတွင် ဒေသဓလေ့ထုံးစံနှင့်အညီ ကောင်းမွန်စွာ သဂြိုဟ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မူဆယ်မြို့ရှိ မြဝတီဘဏ်ခွဲအား လက်နက်ကိုင်နှစ်ဦးက လာရောက်ပစ်ခတ်မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက် ပင်လုံ(၅)လမ်းရှိ မြဝတီဘဏ်ခွဲအား ယနေ့နံနက် ၃ နာရီခွဲခန့်တွင် အရပ်ဝတ် ဝတ်ဆင်ထားသည့် လက်နက်ကိုင် နှစ်ဦးက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

ထိုသို့ပစ်ခတ်မှုကြောင့် မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်ရှိ ဘဏ်ရှေ့မျက်နှာစာမှန်များတွင် လက်နက်ငယ်ကျည်များထိမှန်ပြီး ဘဏ်ကောင်တာမှ မှန်များနှင့် အဝင်တံခါးမှန် နှစ်ချပ်ကွဲခဲ့ပြီး လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်အားစိစစ်ရာ မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မူဆယ်မြို့ရှိ ဘဏ်များသို့ ဆက်ကြေးကောက်ခံရန် ခြိမ်းခြောက်စာများ ပေးပို့ခဲ့ပြီးနောက် ယခုကဲ့သို့ နှောင့်ယှက်ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ တရားခံများအား ဖမ်းဆီးရမိရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ အရေးကြီးနေရာများနှင့် မြို့ဝင်/ မြို့ထွက် ဂိတ်များတွင် ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရခိုင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့ထံမှ ခဲယမ်းများနှင့် ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၅**

ကျောက်တော်မြို့၏ မြောက်ဘက် ဇင်ချောင်းရွာအနီး တောစပ်၌ မသင်္ကာဖွယ်ရာ လူလေးဦးရောက်ရှိနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ တပ်မတော်စစ်ကြောင်းက ဧပြီ ၂၄ ရက် နံနက် ၉ နာရီခန့်က သွားရောက်ရှင်းလင်းရာ ၎င်းအဖွဲ့မှာ မြောက်ဘက်တောအတွင်းသို့ ထွက်ပြေးသွားခဲ့သဖြင့် ဆက်လက်ရှင်းလင်းရာ သစ်ကိုင်းများဖြင့် ဖုံးဝှက်ထားသည့် ပလတ်စတစ် လက်ပစ်ဗုံး ၁၀ လုံး၊ သံကျွတ်ကိုယ်ထည် လက်ပစ်ဗုံး ၁၄ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ပလတ်စတစ်ဘူးအတွင်း ထည့်ထားသည့် အသုံးပြုရန်အသင့်မိုင်း ၃၆ လုံး၊ TNT ၄၀၀ ဂရမ် ယမ်းတောင့် ၁၃၅ တောင့်၊ ဓာတ်ခဲအသေးအလုံး ၆၀၀ နှင့် အမ်(၂၂)ကျည် ၂၇၈ တောင့်တို့အား သိမ်းဆည်းရမိခဲ့သည်။



ဖော်ထုတ်ရရှိသော ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (မြဝတီ)

အလားတူ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ကျောက်တော်မြို့နယ် ပင်လုံကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ၌ တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် မြေကြီးအတွင်း မြှုပ်နှံထားသည့် ချပ်ဝတ်တန်ဆာ ၁၇ စုံ၊ ဘေးလွယ်အိတ် ၁၀ လုံး၊ ပြောက်ကျား ကျောပိုးအိတ် ၁၀ လုံး၊ ဓာတ်ခဲအသေး နှစ်လုံးထည့် ဓာတ်မီးအလက် ၅၀၊ တီရှပ်မျိုးစုံ ၁၄ ထည်၊ ဒီဇယ်လေးဂါလန်ပုံး တစ်ပုံး၊ ဆေးဝါးမျိုးစုံ ၆၄ ကတ်၊ ဆေးထိုးအပ် ၄၇ ချောင်း၊ ထိုးဆေးအလုံး ၆၀ ၊ ဂွမ်း/ပတ်တီး တစ်လိပ်၊ ဓာတ်ဆားထုပ် ၃၀၀ နှင့် ဆေးရည်ပုလင်းအလုံး ၃၀ တို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။



ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်အဖွဲ့များ စိမ့်ဝင်လှုပ်ရှားမှုမရှိစေရေး တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

ဖော်ထုတ်ရရှိသော ဆေးနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (မြဝတီ)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်အနက် လူဦးရေအနည်းဆုံးမြို့နယ်များဖြစ်သည့် (၁)လမ်းမတော်၊ (၂)လသာ၊ (၃)ဒဂုံ၊ (၄) ဗိုလ်တထောင်၊ (၅)ကမာရွတ်၊ (၆) ကျောက်တံတား၊ (၇)ပုဇွန်တောင်၊ (၈)ဆိပ်ကမ်း၊ (၉)ဒေါပုံနှင့် (၁၀)ဆိပ်ကြီးခနောင်တိုမြို့နယ်များကို ရွေးချယ်ကာ ၂၀၁၄ နိုဝင်ဘာလဆန်း၌ အခြေခံမဲဆန္ဒရှင်စာရင်းများကို စတင်ပြုစုခဲ့သည်။ အခြေခံမဲဆန္ဒရှင်စာရင်းများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပမည့် အချိန်ဇယားအတိအကျတို့ကို အတိအကျ မကြေညာမီကာလတွင် ရွေးကောက်ပွဲအား အထောက်အကူပြုနိုင်ရန်အတွက် ကောက်ယူရခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၅ မတ် ၃၀ မှ ဧပြီ ၁၂ ရက်အထိ ယင်း ၁၀ မြို့နယ်ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)များ၌အခြေခံ မဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသို့ ထုတ်ပြန်ကြေညာရခြင်းမှာ သတ်မှတ်ထားသည့် မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာသည့် ကာလအတွင်း၌ မိမိနာမည်ပါ၊ မပါ၊ မိမိနာမည်နှင့် အချက်အလက်များ မှန်ကန်မှုရှိ မရှိနှင့် မမှန်ကန်ခဲ့ပါက လိုအပ်သည့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းလုပ်ငန်းအဆင့်ဆင့်အား မဲဆန္ဒရှင်များမှ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများထံ၌ လျှောက်ထားဆောင်ရွက်ပြီး မှန်ကန်သည့် အခြေခံမဲဆန္ဒရှင်စာရင်း ရရှိလာစေရန်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုအား အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူမှုနှင့်စပ်လျဉ်း၍ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

# ဒီမိုကရေစီရွေးကောက်ပွဲစနစ်၌ မဲဆန္ဒရှင်စာရင်းအမည်ပါရှိရေးသည် ပဓာနကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်

**တွေ့ဆုံမေးမြန်း - မြတ်သန္တာမောင်**
**ဓာတ်ပုံ - အငယ်လေး**

**မေး။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခု ကြေညာခဲ့တဲ့ ၁၀ မြို့နယ်မှာ ပြည်သူလူထုရဲ့ စိတ်ဝင်စားမှုက ဘယ်လိုရှိပါသလဲ။**

ဖြေ။ အခု ပြီးခဲ့တဲ့ ၁၀ မြို့နယ်ကို ရွေးကောက်ပွဲအချိန် မဟုတ်တဲ့အတွက် လာရောက်ကြည့်ရှုစေချင်လို့ အချိန် ၁၄ ရက်ပေးပါတယ်။ အကြမ်းဖျင်းအားဖြင့် လာရောက်ကြည့်ရှုကြတဲ့ မဲဆန္ဒရှင်က သုံးသောင်းတစ်ထောင်ကျော် ရှိပါတယ်။ စိတ်ပါဝင်စားမှု နည်းသလား၊ များသလား ဆိုတာကိုတော့ ပြောဖို့ခက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသုံးသောင်းလာကြည့်လို့ ဒီသုံးသောင်းအတွက်ပဲလို့ ပြောလို့မရပါဘူး။ လူတစ်ယောက်ထဲက အသက်(၁၈) နှစ်ပြည့်ပြီးတဲ့ သူ့မိသားစုဝင်တွေနဲ့ အိမ်နီးနားချင်းတွေအတွက်လည်း ကြည့်ပေးလို့ရတာပေါ့။ ဒါပေမယ့် အလုံမြို့နယ်မှာ ပြုလုပ်ခဲ့တဲ့ ရှေ့ပြေးမဲဆန္ဒရှင်စာရင်းကောက်ယူခဲ့တုန်းက လာကြည့်တဲ့ မဲဆန္ဒရှင်အရေအတွက်ထက်တော့ အများကြီး ပိုကောင်းလာတယ်။

**မေး။ ဒါဆိုရင် မဲဆန္ဒရှင်စာရင်းမှာ နာမည်ပါ၊ မပါ လာရောက်ကြည့်ရှုကြဖို့ ပြည်သူတွေကို ပညာပေးလုပ်ငန်းတွေ လုပ်ဆောင်ပါသလား။ ဘယ်လိုဆောင်ရွက်ပါသလဲ။**

ဖြေ။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ၁၀ မြို့နယ်ကိုတော့ ဘယ်နေ့ကနေ ဘယ်နေ့အထိ ပညာပေးလုပ်ငန်းလုပ်ပါမယ်။ မဲစာရင်း ကပ်ပါမယ်။ ဘယ်နေ့ဟာ နောက်ဆုံးရက်ဖြစ်ပါမယ်ဆိုတာကို ကျွန်တော်တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တင်ပြပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံပိုင်မီဒီယာတွေကနေ တစ်ဆင့် ထုတ်ပြန်ချက်ထုတ်ပြန်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအနေနဲ့ကလည်း ကိုယ်ပိုင်သတင်းထုတ်ပြန်ချက် ပြုလုပ်ပြီးတော့ သတင်းစာ၊ ဂျာနယ်၊ ရုပ်သံလိုင်းနဲ့ FM ရေဒီယိုတွေမှာ သတင်းထည့်ပြီး ကြေညာပါတယ်။

**မေး။ အရပ်ဘက်လူမှုအဖွဲ့အစည်း(CSO) တွေနဲ့ရော ပူးပေါင်းဆောင်ရွက်မှုတွေ ရှိပါသလား။ သူတို့ကို ဘယ်လိုစံနှုန်းတွေနဲ့ ခွင့်ပြုပေးသလဲ။**

ဖြေ။ မဲဆန္ဒရှင်တွေ မဲစာရင်းသွားကြည့်ကြဖို့ Awareness (အသိပညာ) ရှိလာအောင် နှိုးဆော်ဖို့၊ ပညာပေးဖို့အတွက် ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ကော်မရှင်တစ်ခုတည်းအနေနဲ့ဆိုရင်တော့ ထိထိရောက်ရောက်သိပ်ပြီးတော့ မလုပ်ဆောင်နိုင်ဘူး။ ဒီတော့ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) တွေရဲ့ အားကို ကျွန်တော်တို့က ယူရပါတယ်။ ဒီလုပ်ငန်းတွေ မစတင်ခင်မှာ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ကော်မရှင်အဖွဲ့ခွဲတွေ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိမှတ်ပြုထားတဲ့ CSO တွေဖြစ်ရပါမယ်။ သူတို့တွေဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ ဘာတွေလုပ်ဆောင်မယ်ဆိုတာကို ကြိုတင်ဆန္ဒပြုထားကြရပါတယ်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွေနဲ့ CSO တွေက ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိတဲ့သူတွေ ကျွန်တော့်ရုံးခန်းမှာပဲ အစည်းအဝေးထိုင်ရတယ်။ ဘယ်မြို့နယ်ကို ဘယ်အဖွဲ့က သွားမလဲ။ ဘယ်လို နည်းလမ်းတွေနဲ့ မဲဆန္ဒရှင်တွေကိုလှုံ့ဆော်မှာလဲ။ ဒါကို သူတို့ CSO တွေအချင်းချင်း တိုင်ပင်ပြီး ကျွန်တော်တို့ ကော်မရှင်ကို အဖြေပြန်ပေးပါတယ်။ တချို့က ဗီနိုင်းပိုစတာတွေ ကပ်မယ်။ တချို့က လက်ကမ်းစာစောင်တွေ ဝေမယ်။ တချို့က ပညာပေးစာသားတွေ ပါဝင်တဲ့ စတစ်ကာတွေကို တစ်အိမ်တက်ဆင်း လိုက်ကပ်ပါတယ်။ တချို့ကတော့ ရပ်ကွက်တွေထဲမှာ မိုက်တွေ၊ စပီကာတွေနဲ့ လှည့်လည်ကြေညာမယ်။ IT ခေတ်ဆိုတော့ အွန်လိုင်းနဲ့ ဖေ့စ်ဘွတ်ကနေ ပညာပေးလုပ်ဆောင်မယ် စသည်အားဖြင့် နည်းလမ်းအမျိုးမျိုး ထွက်ပေါ်လာပါတယ်။



ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကို။

**မေး။ ဒါဆို CSO တွေ ပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့ ကော်မရှင်ဘက်က ဘာတွေကို ဖြည့်ဆည်းပေးသလဲ။**

ဖြေ။ သူတို့ ဒီလိုမျိုးလုပ်ဆောင်နိုင်ဖို့ ကော်မရှင်ကို အကူအညီတောင်းတဲ့ အချက်တချို့ရှိပါတယ်။ ဘာတွေ ကူညီပေးရလဲဆိုတော့ တချို့အဖွဲ့တွေက ရပ်ကွက်တွေထဲမှာ ပြည်သူတွေကို စုရုံးပြီး ဟောပြောမှုတွေ လုပ်မယ်။ ဒီအခါမှာ CSO တွေက ရပ်ကွက်ထဲမှာ မျက်နှာစိမ်းတွေ ဖြစ်နေတော့ လူတွေ စုစည်းလို့ မရနိုင်ဘူး။ ဒါကြောင့် ရပ်ကွက်ရဲ့ အမာခံလူငယ်တွေကို ကျွန်တော်တို့က ချိတ်ဆက်ပေးပြီး လူစုနိုင်ဖို့ ကူညီပေးရတယ်။ နောက် အုပ်ချုပ်မှုပိုင်းဆိုင်ရာနဲ့ ဆက်စပ်တဲ့ ကိစ္စရပ်တွေ အဆင်ပြေစေဖို့ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့နဲ့ ကျွန်တော်တို့က ညှိနှိုင်းပေးရပါတယ်။ ဗီနိုင်းပိုစတာတွေ ကပ်တဲ့အခါမှာ မြို့တော်စည်ပင်နဲ့ ကျွန်တော်တို့က ညှိနှိုင်းပေးရပါတယ်။ လူစည်ကားတဲ့ နေရာတွေမှာ မဲဆန္ဒရှင်ပညာပေး ပိုစတာတွေ ကပ်မယ်ဆိုတာကို ကျွန်တော်တို့ကအသိပေးပေးရပါတယ်။ နောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးကတစ်ဆင့် မြို့နယ်ရဲတပ်ဖွဲ့တွေကို လုံခြုံရေး ဆောင်ရွက်ပေးနိုင်ဖို့၊ စပီကာတွေ အသုံးပြုရင် ခွင့်ပြုပေးနိုင်ဖို့ ကျွန်တော်တို့ ကော်မရှင်ဘက်က ညှိနှိုင်းပေးပြီးတော့ မဲဆန္ဒရှင်ပြည်သူတွေ မဲစာရင်းသွားကြည့်နိုင်ဖို့အတွက် ဆောင်ရွက်ပေးတာပေါ့။

ဒီလို အသိပညာပေးမှုတွေ ပြုလုပ်တဲ့အတွက် တော်တော်လေး အသိပညာပေးမှုတွေ လုပ်နိုင်တယ်လို့ ထင်ပါတယ်။ လာကြည့်တာ၊ မကြည့်တာကတော့ မဲဆန္ဒရှင်တွေရဲ့ အပိုင်းပေါ့။ မသိတာလောက်ကတော့ မဖြစ်နိုင်တော့ဘူး။ မအားတာနဲ့ အချိန်မပေးနိုင်တာမျိုးကတော့ ဖြစ်ကောင်းဖြစ်မှာပေါ့။

**မေး။ အခု ၁၀ မြို့နယ် အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာတဲ့နေရာမှာ အရပ်ဘက်အဖွဲ့အစည်း ဘယ်နှစ်ဖွဲ့လောက်ပါဝင်ခဲ့ပါသလဲ။ ပြည်ပက အရပ်ဘက်အဖွဲ့အစည်းတွေရော ပါဝင်ခဲ့ပါသလား။**

ဖြေ။ ဒီလုပ်ငန်းတွေမစတင်ခင်မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ကော်မရှင်အဖွဲ့ခွဲ တွေ့ဆုံရာမှာ အဖွဲ့အစည်းပေါင်း ၂၉ ဖွဲ့လောက် တက်ပါတယ်။ ၁၀ မြို့နယ်မှာ ပညာပေးလုပ်ငန်းဆောင်ရွက်တဲ့ အခါမှာတော့ အရပ်ဘက်အဖွဲ့အစည်း ၁၃ ဖွဲ့လောက်ပါပါတယ်။ ပြည်ပက အရပ်ဘက် အဖွဲ့အစည်းတွေတော့ မပါပါဘူး။ ကျန်တဲ့ အဖွဲ့အစည်းတွေကတော့ နောက်ပြုလုပ်မယ့် ဒုတိယအဆင့်၊ တတိယအဆင့်တွေမှာ ပါဝင်မယ် ထင်ပါတယ်။

**မေး။ ဒီလို ၁၀ မြို့နယ်မှာ အခြေခံမဲဆန္ဒရှင်စာရင်းကြေညာတဲ့အခါမှာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူတွေကိုကော လေ့လာခွင့်ပြုပါသလား။**

ဖြေ။ ကျွန်တော်တို့ ခွင့်ပြုပါတယ်။ ကျွန်တော်တို့ ပြုလုပ်တဲ့ အစည်းအဝေးတွေမှာတော့ လာမတက်ဘူး။ ဒါပေမယ့် စာရင်းကပ်တဲ့အခါမှာ တစ်ဖွဲ့၊ နှစ်ဖွဲ့လောက်က စောင့်ကြည့်ချင်တယ်လို့ ပြောလာတဲ့အတွက် ကျွန်တော်တို့ ခွင့်ပြုခဲ့ပါတယ်။ ဒါကလည်း ပြည်တွင်းအဖွဲ့တွေပါပဲ။

**မေး။ အခုလို ၁၀ မြို့နယ်ကို အခြေခံမဲဆန္ဒရှင်စာရင်း ထုတ်ပြန်တဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိလား။**

ဖြေ။ ကျွန်တော်တို့အနေနဲ့ မဲစာရင်းကြေညာတဲ့အခါ၊ မဲစာရင်းကပ်တဲ့အခါမှာ ရွေးကောက်ပွဲကော်မရှင်အနေနဲ့က အခက်အခဲကြီးကြီးမားမားမရှိပါဘူး။ ဒါပေမယ့် ဥပဒေအရ ကျွန်တော်တို့ ရပ်ကွက်နဲ့ ကျေးရွာကော်မရှင်အဖွဲ့ခွဲ ရုံးတွေမှာပဲ ကပ်တယ်။ ရပ်ကွက်နဲ့ ကျေးရွာကော်မရှင်ရုံးတွေက သီးသန့်ရုံးမရှိဘူး။ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွေမှာပဲ ကော်မရှင်ရုံးကတွဲထားရတာ ဖြစ်တဲ့အတွက် ရုံးခန်းတွေက ကျဉ်းတော့ စာရင်းကပ်မယ့် သင်ပုန်းတွေထားရသိုရတာ နည်းနည်းတော့ အခက်အခဲရှိတာပေါ့။ ပြီးတော့ ဒီအခြေခံမဲဆန္ဒရှင်စာရင်းက ရွေးကောက်ပွဲရက်အတိအကျ မကြေညာခင်မှာ လုပ်ရတာဆိုတော့ တချို့ကိစ္စတွေက ဥပဒေနဲ့ ညီချင်မှ ညီမှာပေါ့။ မဲစာရင်းတွေကို ပရင့်ထုတ်တဲ့အခါမှာ တစ်မျက်နှာကို မဲဆန္ဒရှင် ၂၀ ကျော်ကျော်လောက် ပါနေမယ်ဆိုရင်လည်း စာလုံးအရွယ်အစားက သေးတာမျိုးလည်း ဖြစ်သွားနိုင်တယ်။ ဒီအခါမှာ မဲဆန္ဒရှင်တွေအနေနဲ့ ဖတ်ရတာ အခက်အခဲအနည်းငယ်ရှိချင် ရှိမယ်။

တော်တော်လေးကြီးမားတဲ့ အခက်အခဲတစ်ခုလို့ ပြောချင် ပြောလို့ရတယ်။ မဲစာရင်းကပ်လိုက်ပြီဆိုတာနဲ့ နိုင်ငံရေးပါတီအချို့က မဲစာရင်းတွေ နောက်ကို တစ်ခါတည်း လိုက်ပြီး ကူးယူခွင့်တောင်းပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါကိုကူးယူခွင့်မပေးခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ အခြေခံမဲဆန္ဒရှင်စာရင်းဆိုတာ ပြည့်စုံတဲ့ မဲစာရင်းတွေ မဖြစ်သေးဘူး။ ဒီမဲစာရင်းတွေဟာ နိုင်ငံရေးပါတီတွေအနေနဲ့ အသုံးချနိုင်လောက်တဲ့အဆင့်ကို မရောက်နိုင်သေးဘူး။ သို့ပေမယ့် ဒါကို အတင်းကူးယူချင်တယ်ဆိုတဲ့ အနေအထားမျိုးလေးတွေ တွေ့ရပါတယ်။ ဒါတွေကတော့ အခက်အခဲလေးတွေပေါ့။ နောက်ဆုံးမှာ ကူးယူခွင့်မပေးဘဲ ဓာတ်ပုံရိုက်ချင်ရိုက်ပါဆိုပြီး အလျှော့ပေးခဲ့ရပါတယ်။ သူတို့ ဓာတ်ပုံရိုက်သွားတဲ့ မဲစာရင်းတွေဟာ ပြည့်စုံတဲ့ မဲစာရင်းတွေတော့ ဖြစ်မှာမဟုတ်ဘူး။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ ပြည့်စုံတယ်လို့လည်း ဝန်မခံသေးပါဘူး။

**မေး။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဒုတိယအဆင့် အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူဖို့ ပြင်ဆင်နေတာ ဘယ်အခြေအနေထိ ရောက်သွားပါပြီလဲ။ ဘယ်အချိန်လောက်မှာ မဲစာရင်းကပ်ဖို့ ခန့်မှန်းထားပါသလဲ။**

ဖြေ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အားလုံးပေါင်း ၄၅ မြို့နယ်ရှိတယ်။ အခုပထမအဆင့် ၁၀ မြို့နယ်ကတော့ ပြီးသလောက်ဖြစ်သွားပြီ။ နောက်ထပ် ၃၅ မြို့နယ် ကျန်ပါတယ်။ ဒီထဲကမှ ဒုတိယအဆင့်အနေနဲ့ ကျွန်တော်တို့ ၁၄ မြို့နယ် ရွေးချယ်ပါတယ်။ အခုဆိုရင် မဲဆန္ဒရှင်စာရင်း ကောက်ယူတာ ၁၄ မြို့နယ်လုံး ပြီးနေပြီ။ ကျွန်တော့်အထင် အင်းစိန်နဲ့ လှိုင်သာယာကတော့ နောက်ဆုံးအဆင့် ပြန်စစ်နေတဲ့အပိုင်းပဲရှိတော့တယ်။ မေလ လကုန်ပိုင်းလောက်မှာ ဒုတိယအဆင့် ၁၄ မြို့နယ်ကို အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာနိုင်အောင် ကျွန်တော်တို့ ကြိုးစားသွားပါမယ်။

တတိယအဆင့် ၂၁ မြို့နယ် ကျန်တာကိုတော့ အခု မဲစာရင်းတွေ ပြုစုနေပါပြီ။ အရှေ့ပိုင်းမှာ မပြီးသေးတဲ့ အခါကျတော့ ကွန်ပျူတာ အခက်အခဲလေးတွေရှိတယ်။ သူတို့ကတော့ ကွန်ပျူတာ ပြည့်ပြည့်စုံစုံရတာ နောက်ကျတာပေါ့။ ဇွန်လကုန်လောက်မှာ စာရင်းကောက်ယူပြီးဖို့တော့ ခန့်မှန်းထားပါတယ်။ ပြီးတာနဲ့ တစ်ပြိုင်နက် မဲစာရင်းကပ်နိုင်အောင် ကြိုးစားသွားမှာပါ။

**မေး။ အခြေခံမဲဆန္ဒရှင်စာရင်းတွေ ပြုစုပြီးသွားရင် ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေနဲ့ ဆက်လက်လုပ်ဆောင်ရမယ့် ကိစ္စရပ်တွေက ဘာတွေပါသလဲ။**

ဖြေ။ နောက်တစ်ကြိမ် မဲဆန္ဒရှင်စာရင်း မပြုစုမီအချိန်အထိ အခုပြုစုထားတဲ့ မဲဆန္ဒရှင်စာရင်းတွေကို ထိန်းသိမ်းထားရုံပဲပေါ့။ သို့သော်လည်း အခု အချိန်ကတည်းက ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွေအားလုံး၊ တစ်နိုင်ငံလုံးမှာရှိတဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေ အားလုံးရဲ့ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေ အားလုံး ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို မျှော်မှန်းပြီးတော့ လုပ်နေကြတာရှိတယ်။ မဲဆန္ဒနယ်တွေကို ပြန်လည်စိစစ်တာပေါ့။ ရွေးကောက်ပွဲတစ်ခု လုပ်တော့မယ်ဆိုရင် မဲဆန္ဒနယ်ကို အရင်ကြေညာရပါတယ်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ ၂၀၁၀ တုန်းက လုပ်ခဲ့တဲ့ မဲဆန္ဒနယ်တွေနဲ့ ပြန်လုပ်လို့မရပါဘူး။ ဥပဒေအရ မဲဆန္ဒနယ်အသစ်ကို ပြန်လည်ကြေညာရပါမယ်။ ဒီငါးနှစ်အတွင်းမှာ မဲဆန္ဒနယ်တွေ ပြောင်းသွားနိုင်ပါတယ်။ လူဦးရေ (Population) တွေ ပြောင်းသွားနိုင်ပါတယ်။ ဒါကြောင့် လူဦးရေကို အခြေခံတဲ့ မဲဆန္ဒနယ်ကို ကျွန်တော်တို့က ပြန်ခွဲပေးရမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ၄၅ မြို့နယ်အတွက်ဆိုရင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွေရှိမယ်။ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွေရှိမယ်။ ဒီတော့ ဒီမဲဆန္ဒနယ်တွေကို ပြန်လည်ရေးဆွဲသတ်မှတ်တဲ့အလုပ်ကို ကျွန်တော်တို့ အခု လုပ်နေပါတယ်။ ပြီးရင် အကြမ်းဖျင်းအားဖြင့် မဲရုံနေရာတွေကို လျာထားသတ်မှတ်နေပြီ။ မဲဆန္ဒရှင်စာရင်းအတိအကျ ပြောလို့မရသေးလို့ တိတိကျကျကတော့ မဲရုံနေရာကို သတ်မှတ်လို့ မရသေးဘူး။ နောက်တစ်ခုက ခရိုင်/ မြို့နယ်/ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်တွေကို သင်တန်းပို့ချဖို့အတွက် ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်နေပြီ။ မေလထဲလောက်မှာ စတင်နိုင်ပါမယ်။

**(ကျေးဇူးတင်ပါတယ်)**

ရန်ကုန်မြို့အတွင်းရှိ ၁၀ မြို့နယ်၌ ပဏာမအဆင့်၌ကောက်ယူခဲ့သည့် အခြေခံမဲဆန္ဒရှင်စာရင်းအရ အသက်(၁၈)နှစ်ပြည့်ပြီး၍ ဆန္ဒမဲပေးနိုင်သူ မဲဆန္ဒရှင် နှစ်သိန်းလေးသောင်းကျော်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင် စာရင်းကပ်ခဲ့သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုသူပေါင်း သုံးသောင်းတစ်ထောင်ကျော် ရှိခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

❑❑❑

ဖတ်စရာ မှတ်စရာ

# မိုးဦးလေဦးကာလ ကြိုတင်ပြင်ဆင်ဖွယ်

ခင်မောင်ငွေး(ပညာရေး)

မိုးလေဝသပညာရှင် ဦးထွန်းလွင်ရဲ့ မိုးလေဝသ အခြေအနေနဲ့ပတ်သက်ပြီး သဘာဝဘေး အန္တရာယ်ကျရောက်နိုင်မယ့် အသိပေးမှုကို ကြိုတင်ဖတ်ရပါတယ်။

အဲဒီသတင်းဖတ်ပြီး မကြာခင်မှာပဲ ဧရာဝတီတိုင်းဒေသကြီးဘက်မှာ လေပြင်းတိုက်တာ၊ အိမ်ပြိုတာ၊ သွပ်မိုးလန်တာတွေ ဖတ်ရတယ်။ နေပြည်တော်နဲ့ တောင်ငူဘက်က လေပြင်းတိုက်ခတ်မှုတွေကြားရပြီ တမူးဘက်မှာလည်း ကြားရတယ်။

ခုရက်ပိုင်းအတွင်း ရန်ကုန်မှာလည်း လေပြင်းတိုက်၊ မိုးရွာပြန်ပါပြီ။ အဲဒါနဲ့တစ်ဆက်တည်းလိုပဲ လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ပြင်ဆင်ထားဖို့ လိုလာတာတွေ့ရပြန်ပါတယ်။ ဒီအတောအတွင်းမှာကိုပဲ လှည်းတန်း (၇) လမ်းနဲ့ လှည်းတန်းလမ်းမကြီးပေါ်မှာ လေပြင်းတိုက်၊ မီးကြိုးတစ်ကြိုးနဲ့တစ်ကြိုးထိခတ်ပြီး မီးပွင့်ပြတ်ထွက်တဲ့ အခြေအနေမျိုးတွေ ကြုံတွေ့လာရတယ်။

တကယ်တော့ လျှပ်စစ်ကြိုးတွေက အပြိုင်သွယ်တန်းထားတာ။ လေငြိမ်နေတဲ့အခါ တစ်ကြိုးနဲ့တစ်ကြိုးမထိနိုင်ပေမယ့် လေပြင်းတိုက်ခတ်တဲ့အခါ ယိမ်းပြီး ထိခတ်နိုင်ပါတယ်။ အဲဒီ အခြေအနေက ကာကွယ်လို့မရနိုင်တာ မဟုတ်ပါဘူး။ တစ်ကြိုးနဲ့တစ်ကြိုးကြား ပိုက်လုံးခံထည့်ကြတယ်။ ပိုက်လုံးခံပြီး နန်းကြိုးနဲ့တုတ်တဲ့နည်းလည်းရှိတယ်။ လူအများဖြတ်သွားတဲ့နေရာမှာ ပိုက်ကွန်လိုရက်ပြီး ခံရတာတွေလည်းရှိတယ်။

နောက်တစ်ခုကတော့ သစ်ပင်ကြီး၊ သစ်ပင်အိုတွေပါပဲ။ အဲဒီလိုအပင်မျိုးတွေကို စောစောကပဲ ခုတ်သင့်တာခုတ်၊ ချိုင်သင့်တာချိုင်ရပါလိမ့်မယ်။ သတင်းတွေမှာ မကြာခဏကြားနေရတာပဲ။ သစ်ပင်တွေကျိုးကျတာ၊ ကားတွေ၊ လူတွေပေါ်ပိတာတွေ။ ဒါဟာသဘာဝဘေးအန္တရာယ်တွေပါပဲ။

ခုချိန်ကစပြီး မေလလယ်လောက်ဆိုရင် မိုးဦးလေဦးကာလရောက်ပါပြီ။ အလွန်ပူပြင်းနေရာက မိုးတိမ်တောင်တွေ တက်ပြီး လေရော၊ မိုးရောလာနိုင်ပါတယ်။ အဲဒီအချိန်မှာ မိုးကြိုးအန္တရာယ်ကလည်းရှိပါတယ်။ ဒါကလည်း ကြိုတင်လိုက်နာသင့်တာ၊ ရှောင်သင့်တာတွေကို သိထားသင့်တယ်။ ရေဒီယို၊ ရုပ်မြင်သံကြားစတဲ့ မီဒီယာတွေကနေလည်း မပြတ်သတိပေးနေတာတွေရှိပါတယ်။

အညာမှာရှိစဉ်ကဆို မိုးဦးလေဦးကာလကို အလွန်ပဲကြောက်လှပါတယ်။ အညာမှာတော့ လေနီကြမ်းလို့ခေါ်တယ်။ အဲဒီလေနီကြမ်းတိုက်တော့မယ်ဆိုရင် ကောင်းကင်တစ်ခုလုံးနီရဲနေတာ။ လေအားက သိပ်ပြင်းတယ်။ သွပ်အမိုးဆိုရင် သွပ်မှိုနဲ့ မြဲအောင်ရိုက်ထားရတယ်။ ခိုလို့မရဘူး။ ဒါမှမဟုတ်ရင် သွပ်အမိုးတွေပြုတ်ထွက်သွားနိုင်တယ်။ ထုပ်၊ လျှောက်နဲ့တွဲပြီး ရိုက်ထားရတယ်။ ဒါမှစိတ်ချရတာ။

ရန်ကုန်မှာတော့ အဆင့်မြင့်တိုက်ခန်းတွေမှာ သိပ်ပြီးမသိသာလှဘူး။ လေကြောင်းတည့်တဲ့ နေရာမှာတော့ ဂရုစိုက်ရတာပေ့ါ။ ရန်ကုန်မှာက လမ်းကြားကျဉ်းကျဉ်းတွေနဲ့ တိုက်ခန်းတွေများတယ်။ ဂရုစိုက်ရမှာက လူနေတိုက်ခန်းတွေနဲ့ သွယ်တန်းထားတဲ့ လျှပ်စစ်ကြိုးတွေပဲ။ လမ်းကျဉ်းတော့ ကြိုးပြတ်ကျရင် အန္တရာယ်များတယ်။ အခန်းတွေနဲ့နီးနေတာလည်း မကောင်းလှဘူး။

အကောင်းဆုံးစဉ်းစားမိတာတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်ဖို့ဆိုတာ လိုအပ်ချက်တွေရှိနေမှာပဲ။ ပထမဆုံးလမ်းအလိုက် ကြိုတင်ကာကွယ်ဖို့လိုတယ်။ အထူးသဖြင့် ရန်ကုန်မှာက လမ်းအလိုက်လှုပ်ရှားဆောင်ရွက်တတ်တဲ့ အလေ့အထကောင်းတယ်။ ပျော်ပွဲရွှင်ပွဲဆိုလည်း လမ်းအလိုက်၊ တရားပွဲလမ်းအလိုက်၊ စာပေဟောပြောပွဲလမ်းအလိုက်၊ အဲဒီလိုလုပ်ကြတာ။ ပြီးတော့ လမ်းသာယာရေးကော်မတီဆိုတာ လည်းရှိတယ်။

**မီးကြိုးတွေထိခတ်ပြီးပြတ်ကျမယ့် အန္တရာယ်၊ သစ်ပင်ကြီး၊ သစ်ပင်အိုတွေရဲ့ အန္တရာယ်၊ အမှိုက်တွေပိတ်ဆို့ပြီး ရေမြောင်းတွေပိတ်လို့ ရေကြီးရေလျှံမယ့် ဘေးတွေကို သက်ဆိုင်ရာ၊ ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ကြိုတင်ချိတ်ဆက်ပြီး ကြိုတင်ကာကွယ်မှုလုပ်ငန်းတွေကို ပြင်ဆင်လုပ်ဆောင်နိုင်ကြမယ်ဆိုရင် ပြည်သူတွေရဲ့ အသက် အိုးအိမ် စည်းစိမ်တွေကို ကြိုတင်ကာကွယ်ပေးရာရောက်နိုင် . . .**

ဒီတော့ မီးကြိုးတွေထိခတ်ပြီးပြတ်ကျမယ့် အန္တရာယ်၊ သစ်ပင်ကြီး၊ သစ်ပင်အိုတွေရဲ့အန္တရာယ်၊ အမှိုက်တွေပိတ်ဆို့ပြီး ရေမြောင်းတွေပိတ်လို့ ရေကြီးရေလျှံမယ့် ဘေးတွေကို သက်ဆိုင်ရာ၊ ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ကြိုတင်ချိတ်ဆက်ပြီး ကြိုတင်ကာကွယ်မှု လုပ်ငန်းတွေကို ပြင်ဆင်လုပ်ဆောင်နိုင်ကြမယ်ဆိုရင် ပြည်သူတွေရဲ့ အသက် အိုးအိမ် စည်းစိမ်တွေကို ကြိုတင်ကာကွယ်ပေးရာရောက်နိုင်ပါတယ်။ ။

# မင်းရွာဆိပ်ကြီးတစ်ရွာလုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိ

**ရန်ကုန် မေ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မင်းရွာဆိပ်ကြီးကျေးရွာတွင် ဘယ်လ်ဂျီယံနိုင်ငံ Bright Foundation ၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီ အသင်းများဖက်ဒရေးရှင်းတို့ပူးပေါင်းဆောင်ရွက်သော ဆိုလာစနစ်ဖြင့် ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲကို မေ ၂၄ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။ ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေက အဖွင့်အမှာစကားပြောကြားပြီး Bright Foundation မှ Mr.Banjamin နှင့် Mr.Nardo တို့က ဆိုလာစနစ်နှင့် ပတ်သက်သည်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတို့က ဘက်ထရီနှင့် LED မီးအိမ် များအား ကျေးရွာသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် Bright Foundation မှပံ့ပိုးသော Solar Panel အား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေ၊ Mr.Banjamin နှင့် ဒလမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများသည် တပ်ဆင်ထားသည့် Solar Panel အား လိုက်လံကြည့်ရှု လေ့လာကာ ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် ဆေးရောင်ခြယ်ပြိုင်ပွဲ ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

ဆိုလာစနစ်ဖြင့် ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးသန်းလှိုင်နှင့် ဦးငွေးရှိန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မြင့်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းရဲမာန်(နေပြည်တော်)**



# ရေတာရှည်မြို့ရှိ သမိုင်းဝင်မင်္ဂလာကန်တော်ကြီး နန်းအမှိုက်များ စုပေါင်းဆယ်ယူ

**ရေတာရှည် မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက်ရှိ သမိုင်းဝင် မင်္ဂလာကန်တော်ကြီးသည် နှစ်ပေါင်းကြာမြင့်လာသည်နှင့်အမျှ နုန်းအမှိုက်များ ပိုမိုများပြားလာလျက်ရှိရာ ယနေ့ နံနက် ၇ နာရီခွဲက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအင်အား ၃၀၀ကျော် စုပေါင်းကာ စက်ယန္တရားများဖြင့် ဆယ်ယူခဲ့ကြကြောင်းသိရသည်။

မင်္ဂလာကန်ကြီး စုပေါင်းဆယ်ယူကြရာတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇောနှင့်တပ်မတော်အရာရှိကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်ဝင်း၊ မီးသတ်ဦးစီးမှူး ဦးကြည်ထွန်းနှင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများကြည့်ရှုအားပေးသည်။ ကန်အတွင်းမှ နုန်းအမှိုက်များ ဆယ်ယူရာတွင် ဆည်မြောင်းဦးစီးဌာနမှ ဘက်ဟိုးယာဉ်တစ်စီး၊ မြေသယ်ယာဉ် သုံးစီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ကပ်တုံးများပျက်စီး

**ရန်ကုန် မေ ၂၅**

၂၀၁၄ နှစ်ကုန်ပိုင်းမှစ၍ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျရေးအတွက် ရန်ကုန်မြို့တွင်း တစ်လမ်းမောင်း အနော်ရထာလမ်းပေါ်တွင် ခရီးသည်တင် ယာဉ်ကြောသတ်မှတ်ရန် ကပ်တုံးဝါပေါင်း ၂၀၀ ကျော် စမ်းသပ်ချထားခဲ့သည်။ နှစ်ဝက်နီးပါး ကြာမြင့်လာချိန်တွင် အဆိုပါတုံးများမှာ ယာဉ်များ၏တိုက်မိမှုဒဏ်ကြောင့် ပျက်စီးမှုများရှိလာသည်။

အထူးသဖြင့် ယာဉ်အသွားအလာရှင်းချိန်တွင် ယာဉ်မောင်းအချို့ မဆင်မခြင်မောင်းနှင်ခြင်း၊ လမ်းပြောင်းပြန် မောင်းနှင်ခြင်းများရှိလာသည်။ ယင်းသို့မောင်းနှင်မှုကြောင့် လမ်းမများပေါ်ရှိ လမ်းတားတုံးများ ထိခိုက်ပျက်စီးမှုကို နေရာအများအပြားတွင် မြင်တွေ့ရသည်။

ဘုရင့်နောင်လမ်းမကြီး၊ ဘုရင့်နောင်ပွဲရုံဝင်းနှင့် ဘုရင့်နောင်ကားပစ္စည်းဈေးရှေ့ရှိ 'ဂ'ငယ်ကွေ့မကွေ့ရ ဆိုသောနေရာရှိ ကပ်တုံးတန်းမှ ထိပ်ဆုံးတုံးဆိုလျှင် တုံးအတွင်းမှ သံချောင်းများကိုပင် မြင်တွေ့ရသည်အထိ ပျက်စီးနေသည်ဟု ပွဲရုံတွင် အလုပ်လုပ်ကိုင်သူ ကိုသက်ခိုင်က ပြောသည်။

လမ်းမတော်မြို့နယ် အနော်ရထာလမ်းပေါ်ရှိ ဝါးတန်းလမ်းဆုံအလွန် ကပ်တုံးတန်းက ညပိုင်းယာဉ်တိုက်မှုများကြောင့် ထိခိုက်ပျက်စီးသကဲ့သို့ ယာဉ်များလည်းပျက်စီးမှုဖြစ်ပေါ်ရသည်ဟု အငှားတက္ကစီယာဉ်မောင်း ကိုစိုးလင်းက ပြောသည်။

မေ ၂၅ ရက် နံနက် ၂ နာရီခန့်တွင် အနော်ရထာလမ်းနှင့် (၁၄) လမ်းထောင့်ရှိ ခရီးသည်တင်ယာဉ်ကြောသတ်မှတ်ပေးထားသော အရေအတွက် ၂၂ တုံးရှိ ကပ်တုံးတန်း၏ ထိပ်ပိုင်းခြောက်တုံး မူလနေရာမှရွေ့သွားသည်အထိ အိမ်စီးယာဉ်ငယ်တစ်စီးက ဝင်တိုက်ခဲ့သည်။ ထိပ်ဆုံးတုံးမှာ လမ်းအလယ်ဘက်သို့ သုံးပေဝန်းကျင်အကွာ ထိရောက်ရှိသွားပြီး ယင်းတုံး အပါအဝင် နှစ်တုံးထိခိုက်ပျက်စီးမှုရှိသည်။

ယာဉ်ရှေ့ပိုင်းပျက်စီးမှုများ၍ ကရိန်းကားခေါ် ယူဖယ်ရှားခဲ့ရသည်။ သက်ဆိုင်ရာသို့ အသိပေးခြင်းမရှိဘဲ တုံး ခြောက်တုံး ပြန်လည်နေရာချထားခြင်း၊ မှန်ကွဲစများ၊ အင်္ဂတေစများ သိမ်းဆည်းခြင်းကို ယင်းနေရာသို့ရောက်ရှိလာသော ညပိုင်း သန့်ရှင်းရေး ဝန်ထမ်းနှင့် လာရောက် ကြည့်ရှုသူများ အကူအညီဖြင့် သိမ်းဆည်းရှင်းလင်းခဲ့သည်ဟု အဆိုပါဖြစ်စဉ်အနီး ညပိုင်းလုပ်ကိုင်နေသောအနေးယာဉ်လုပ်သားများနှင့် သန့်ရှင်းရေးလုပ်ကိုင်သူတို့က ပြောပြသည်။

ညပိုင်းလမ်းမများပေါ်တွင် မဆင်မခြင်မောင်းနှင်မှုကြောင့် အလုံနှင့် ကြည့်မြင်တိုင်မြို့နယ်များရှိ ကမ်းနားလမ်းပေါ်တွင် လမ်းသွားလမ်းလာများ အပါအဝင် သန့်ရှင်းရေးညပိုင်း လုပ်ကိုင်သူများ မကြာခဏ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည်။ ညပိုင်းယာဉ်အသွားအလာရှင်းချိန် ရန်ကုန်မြို့တွင်းလမ်းမများတွင် လမ်းသွားလမ်းလာများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သက်မဲ့ကပ်တုံးများ ထိခိုက်မှု လျော့နည်းရေးအတွက် သက်ဆိုင်ရာမှ စီစဉ်အရေးယူပေးစေလိုသည်ဟု ရန်ကုန်မြို့လယ်တွင် နေထိုင်သူတစ်ဦးကပြောသည်။

**(မောင်စေအောင်)**



# ကရင်တိုင်းရင်းသားရိုးရာဂျပ်ခုတ်သင်တန်းဖွင့်

**ဖာပွန် မေ ၂၅**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်အတွင်း ကရင်တိုင်းရင်းသား အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး ရည်ရွယ်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့က ပူးပေါင်းဖွင့်လှစ်သော ကရင်တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်သင်တန်းကို မေ ၂၄ရက် နံနက်ပိုင်းတွင် အမှတ်(၂) ရပ်ကွက် မိုးဟိန်းခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ရပ်မိရပ်ဖများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဆန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ဖာပွန်မြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ တိုင်းရင်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်းနှင့် သင်တန်းပြီးဆုံးတတ်မြောက်သွားပါက မိမိဒေသနှင့် ရပ်ရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ကြောင်းသိရသည်။

**သိန်းစိုးမြင့်(ဖာပွန်)**

# ပက်ထရစ်ဒမ်ဆေးရဲ့ ရင်နင့်ဖွယ်ဇာတ်ကောင်ကြောင့်

# ပရိသတ်များ တသသဖြစ်



***မင်းသားပက်ထရစ်ဒမ်ဆေးသည် အမေရိကန်ရုပ်သံဇာတ်လမ်းတွဲ Grey's Anatomy ၌ ဒေါက်တာဒီလက်ရှက်ပါအဖြစ်သရုပ်ဆောင်ရာ ရုပ်သံပရိသတ်များက အထူးနှစ်သက်ခဲ့ကြပြီး ဧပြီ၂၃ရက်ကထုတ်လွှင့်ခဲ့သောအပိုင်း(၁၁)တွင် ဒေါက်တာရှက်ပါသေဆုံးခဲ့သည့်အတွက်ပရိသတ်များက ဇာတ်လမ်းကိုတစ်မျိုးတစ်ဖုံပြောင်းလဲကာ ဒမ်ဆေးပြန်လည်သရုပ်ဆောင်မှုကိုလိုလားသည်ဟု စာများရေးသားပေးပို့ခဲ့ကြသည်။***

အဆိုပါကားတွင် မင်းသားဒမ်ဆေးသည် မက်ဒရီမီဟု ချစ်စနိုးခေါ်ဆိုခံရသည့် ဦးနှောက်ခွဲစိတ်ကုသမားတော်အဖြစ်သရုပ်ဆောင်ရာတွင် ပီပြင်လွန်းကာ အဆိုပါအပိုင်း၌ ဒေါက်တာရှက်ပါ၏ကားအား ကုန်တင်ယာဉ်တစ်စီးက ဝင်တိုက်ခဲ့ပြီး ဒဏ်ရာများဖြင့်ပင် အခြားဒဏ်ရာရရှိသူလေးဦးအားဆေးရုံသို့အရောက်ခေါ်လာကာကုသပေးပြီးသည့်နောက် သူ၏ဒဏ်ရာပြင်းထန်ကာ သေဆုံးသွားခဲ့သည်ဟု ရိုက်ကူးပြထားသည်။

ထိုသို့ ဇာတ်လမ်းတွဲမပြီးဆုံးမီ ဒေါက်တာရှက်ပါသေဆုံးမှုကို ပရိသတ်များက တသသ ခံစားနေကြရပြီး ယင်းအပိုင်းထုတ်လွှင့်ခဲ့သည့် နာရီပိုင်းအနည်းငယ်အကြာမှပင် အမေရိကန်ဖျော်ဖြေရေးမဂ္ဂဇင်းများက Grey's Anatomy နှင့်ပတ်သက်၍အသားပေးရေးသားလာကြပြီး အွန်လိုင်းစာမျက်နှာများထက်တွင်လည်း မထင်မှတ်သည့် ဇာတ်လမ်းလှည့်ကွက်အတွက် ပရိသတ်များကို ပိုမိုဆွဲဆောင်နိုင်ခဲ့သည်ဟုဖော်ပြကြသည်။

ဇာတ်လမ်းရေးသားသူ ရီးမက်စ်က "ဒီလက်ရှက်ပါဟာ အားလုံးအတွက် တကယ့်ကိုမှော်ဝင်တဲ့ဇာတ်ကောင်မျိုးဖြစ်အောင်ရေးမယ်လို့ အစကတည်းက ကျွန်မစိတ်ကူးရှိခဲ့တာပါ။ ဒမ်ဆေးရဲ့ ပီပြင်လွန်းတဲ့ သရုပ်ဆောင်ချက်တွေက ဇာတ်ကိုပိုပြီးကြွလာစေခဲ့တယ်။ ဒါကြောင့် သူကို့ ဆုံးရှုံးသွားတာဟာ အရာရာကိုဆုံးရှုံးသွားသလို ခံစားစေခဲ့တာပေါ့။ ဒါပေမယ့် သူက လုံးဝနှုတ်ဆက်သွားတယ်ဆိုတာကို ကျွန်မဘယ်တုန်းကမှ စဉ်းစားလို့တောင်မရခဲ့ဘူး" ဟုဆိုသည်။

သို့သော်ဒမ်ဆေး၏ စာချုပ်မှာ ၂၀၁၆ Season12 အထိဖြစ်ရာ ပုံစံအသစ်တစ်ရပ်အသွင်ဖြင့် ရုပ်မြင်သံကြားဖန်သားပြင်တွင် ပြန်လည်ဝင်ရောက်လာဦးမည်ဖြစ်သည်။

**[မေလှဲ့သင်း]**



## Black Window ဇာတ်ကားအား ဟာသဆန်ဆန်မှတ်ချက်ပြုခဲ့ခြင်းအတွက် မင်းသားခရစ္စအီဗန်နှင့် ဂျာရယ်မီရန်နာတို့ တောင်းပန်

Avengers:Age of Ultronဇာတ်ကားမှ အဓိကဇာတ်ဆောင်မင်းသားနှစ်ဦးသည် Black Window ဇာတ်ကားအား ဟာသဆန်ဆန်မှတ်ချက်ပြုပြောကြားခဲ့ခြင်းအတွက်စိတ်မကောင်းဖြစ်ရကြောင်း ပရိသတ်များအား ပြန်လည်တောင်းပန်ခဲ့သည်။

အီဗန်စ်က "မနေ့က ကျွန်တော်တို့နှစ်ယောက်ကို ဇာတ်ကားမှာ ဟောကီရီနဲ့ ကပ္ပတိန်အမေရိကတို့နှစ်ဦးကို ချစ်ကြိုက်သွားတဲ့ပုံစံမျိုးဖြစ်အောင် ဇာတ်လမ်းရေးသားနေတယ်ဆိုတဲ့ ကောလာဟလတွေနဲ့ပတ်သက်ပြီး မေးမြန်းခဲ့တဲ့အပေါ်မှာ ကျွန်တော်တို့နှစ်ယောက်ရဲ့ ကလေးဆန်ဆန် ဆန့်ကျင်တဲ့ပုံစံ သက်ရောက်တဲ့ဖြေကြားမှုအတွက် ပရိသတ်တွေ ဒေါသဖြစ်ခဲ့ရပါတယ်။ ဒီအတွက် တကယ့်ကိုအလေးအနက်ထားပြီး တောင်းပန်ချင်ပါတယ်။ ဇာတ်ကောင်တစ်ခုဝင်စားမှုအပေါ် လှောင်ပြောင်တဲ့ပုံစံမျိုး သက်ရောက်သွားစေခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်" ဟု EWသို့ ပြောကြားခဲ့သည်။

ရန်နာကလည်း "ကျွန်တော်တို့ ဒီလောက်ဖြစ်သွားလိမ့်မယ်လို့ မထင်ခဲ့သလို ရည်ရွယ်ချက်ရှိရှိနဲ့ လှောင်ပြောင်ခဲ့တာလည်းမဟုတ်ပါဘူး။ ပင်ပန်းနေတဲ့ အချိန်မှာ အားလုံးကို ပေါ့ပေါ့ပါးပါးဖြစ်သွားစေချင်တဲ့ဆန္ဒနဲ့ပဲ ပြောကြားခဲ့တာပါ" ဟု ဆိုသည်။

အဆိုပါ သရုပ်ဆောင်နှစ်ဦးသည် Avengers:Age of Ultron ဇာတ်ကားနှင့်ပတ်သက်၍အင်တာဗျူးပြုလုပ်စဉ် ဒေါသထွက်နေသောပရိသတ်များက ဆိုးဆိုးရွားရွားတုံ့ပြန်ခဲ့ကြသည်။မင်းသားနှစ်ဦး၏ ကိုယ်စားလှယ်များကမူ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ အလျင်အမြန်တုံ့ပြန်ဖြေရှင်းခဲ့ခြင်းမျိုးမရှိခဲ့ပေ။



## သရုပ်ဆောင်ချက်များ အားနည်းခဲ့သည့်အတွက် ဂိုဟေးဆန် တောင်းပန်

Boys Over Flowers(F4) ဇာတ်လမ်းတွဲဖြင့် နာမည်ရလာခဲ့သော တောင်ကိုရီးယားသရုပ်ဆောင် ဂိုဟေးဆန်သည် သူ၏ဇာတ်လမ်းတွဲသစ် Blood တွင် သရုပ်ဆောင်ချက်များ အားနည်းခဲ့ရသည့်အတွက် ဇာတ်ကားဝေဖန်ခံခဲ့ရသောကြောင့် ဗုဒ္ဓဟူးနေ့က တောင်းပန်ခဲ့သည်။

သူ၏ အေဂျင်စီ YG မှတစ်ဆင့် သူက "ကျွန်မရဲ့ သရုပ်ဆောင်ချက်တွေကြောင့် ဝေဖန်ခံခဲ့ရတဲ့အတွက် လုပ်ဖော်ကိုင်ဖက်တွေ ဒီဇာတ်လမ်းမှာ ပါဝင်သရုပ်ဆောင်တဲ့သူတွေနဲ့ ထုတ်လုပ်ရေး ဝန်ထမ်းတွေအားလုံးကို တောင်းပန်ပါတယ်"ဟု ပြောခဲ့သည်။

အဆိုပါ ရုပ်ရှင်တွင် ဂိုသည် ခွဲစိတ်ဆရာဝန်တစ်ဦးအဖြစ်သရုပ်ဆောင်ခဲ့ရာတွင် ရုပ်ပိုင်းနှင့်အသိပညာပိုင်းတွင် ပြည့်စုံအောင် ပုံဖော်နိုင်ခဲ့သော်လည်း ဇာတ်ကောင်၏ လောဘကြီးမှုစရိုက်ကို ဖုံးကွယ်ရန်ကြိုးစားခဲ့သည်ဟု ဝေဖန်ခံခဲ့ရသည်။ ဂိုသည် သူ၏ အနုပညာသက်တမ်းတစ်လျှောက် အကောင်းမြင်စိတ်ရှိသော၊ စိတ်သဘောထားပြည့်ဝသော ဇာတ်ဆောင်များအဖြစ်သာ သရုပ်ဆောင်ခဲ့ရသည့်အတွက် ယခုဇာတ်ကောင်စရိုက်မှာ သူ့အတွက် အပြောင်းအလဲဖြစ်ခဲ့သည်။ အသက်(၃၂)နှစ်ရှိပြီဖြစ်သော ဂိုသည် ပြင်းထန်သည့် ဝေဖန်မှုများခံနေရပြီး ဝေဖန်သူများက သူ၏အမှုအရာပိုင်းနှင့် လိုတာထက်ပိုခဲ့သော သရုပ်ဆောင်ချက်များအပေါ် အဓိကဝေဖန်ခဲ့ကြသည်။

**[ခင်ခင်သက်]**

## ရုပ်မြင်သံကြားအစီအစဉ်များ

*၂၆ - ၄ -၂၀၁၅ (တနင်္ဂနွေနေ့)*

### မြဝတီ

**နံနက်ပိုင်း**

၆း၀၃ တရားတော်
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၀၀ English For Myanmar
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အစားထိုး၍မရသော
၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စက်ရုပ်ချစ်သူ အပိုင်း(၁၃)
၄း၀၉ မျိုးချစ်တပ်မတော်
၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ အပိုင်း(၂၁)
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်ထဲကတော်ဝင်သမားတော် အပိုင်း(၃၇)

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော် +ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "အနှစ်ရှာတတ်ပါစေ"
၈း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၄၉)
၁၁း၀၀ အမေတို့ရဲ့လက်ရာ
၁၁း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၁၅+၁၆)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အသုံးနှင့်အဖြုန်း(အပိုင်း-၁)]
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၉၃)
၄း၅၀ အတွေးမျှဉ်းပြိုင်များ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၉၄)
၇း၂၀ Fashion Week (Thida Myo)
၇း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အသုံးနှင့်အဖြုန်း(အပိုင်း-၂)]
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၅၀)
၁း၃၀ Spain Laliga Celta de Vigo Vs Real Madrid (LIVE)

### Entertainment Channel

-လက်ဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၁၄)
၆း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ဘီလူးတစ်ထောင်" (နေရဲလင်း၊ မင်းမင်းဦး (အလှသစ်)၊ ရှင်မိုးဦး) ဒါရိုက်တာ-ရွှေမိုး(အနုပညာ)
၈း၀၀ ချစ်စရာအရွယ် ကစားကြမယ်
၈း၂၅ တေးဂီတအစီအစဉ်
၈း၃၅ ဝတ်စားဆင်ယင်မှုပြပွဲ
၉း၀၀ ပြည်သူ့နီတိ "သားရဲကောင်သို့ချဉ်းကပ်ခြင်း"
၉း၁၀ ဆိုကြမယ်၊ ပျော်ကြမယ်
၉း၅၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "ကာရံအလွဲ" ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာ၊ နန္ဒာလှိုင် (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွန်း)

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### mitv

- Myanmar Alternative Medicine (Noni)
- A Myanmar Tapestry
- Myanmar Railways City Circular Train
- "Myanmar Traditions and Culture" Tea
- Great Minds of Myanmar
- A Trip to Mon State
- Talented Musicians
- Made of Jade
- Mosaic Painting (Precious Stones & Gems)
- Food Trip (Ep-3) (Part-1)
- Today Myanmar: Harmful UV Rays
- The Writer: Chit Oo Nyo (Part II)
- Myanmar Masterclass: Fantastic Art
- Great Shwedagon: The Ten Traditional Arts & Crafts
- Simple Living With High Spirit
- Thread Charm "A Kayin Threading Ceremony"
- Beauties Of Makyee Island - Island Of Tamarind Tree
- Around The Maha Boditahtaung
- Crab Business (Part-II) Soft Shell Crab
- Living Myanmar Glazed Ceramics
- Paper Flower
- Myanmar China Friendship Association (MCFA) (Part-VII)
- Myanmar China Friendship Association (MCFA) (Part-VIII)
- Bamboo Fashion in Style
- Sagaing Guitar



# ဗြိတိန်၏ အချမ်းသာဆုံးအားကစားကြယ်ပွင့်များနှင့် နည်းပြများစာရင်းထွက်ပေါ်

## ရွှန်းနီ ဒုတိယနေရာက ရပ်တည်ပြီး ဟာမီလ်တန် ထိပ်ဆုံးမှ ဦးဆောင်နေ

နိုင် လင်း ကြည်



၂၀၁၅ ခုနှစ်၏ ဗြိတိန်အားကစားလောကတွင် အချမ်းသာဆုံးသော အားကစားကြယ်ပွင့်များနှင့် နည်းပြများစာရင်းကို ဆန်းဒေးတိုင်းမ်က ဧပြီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ ထိုသို့ အချမ်းသာဆုံး အားကစားကြယ်ပွင့်များနှင့် နည်းပြများစာရင်းတွင် ဖော်မြူလာဝမ်းပြိုင်ကားမောင်းသမား ဟာမီလ်တန်က ပေါင် ၈၈ သန်းဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည်။

အချမ်းသာဆုံးအားကစားကြယ်ပွင့်များနှင့် နည်းပြများ၏ ရပ်တည်မှုစာရင်းတွင် မန်ယူအသင်း၏ တိုက်စစ်မှူးရွှန်းနီက ပေါင် ၇၂ သန်းဖြင့် အဆင့်(၂)နေရာ၌ လည်းကောင်း၊ ဖော်မြူလာဝမ်းပြိုင်ကားမောင်းသမား ဘတ်တန်က ပေါင် ၇၁ သန်းဖြင့် အဆင့်(၃)နေရာ၌ လည်းကောင်း၊ ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား အန်ဒီမာရေးက ပေါင် ၄၈ သန်းဖြင့် အဆင့်(၄)နေရာ၌ လည်းကောင်း၊ နောက်တန်းကစားသမား ဖာဒီနန်က ပေါင် ၄၄ သန်းဖြင့် အဆင့်(၅)နေရာ၌ လည်းကောင်း၊ ကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်က ပေါင် ၄၂ သန်းဖြင့် အဆင့်(၆)နေရာ၌ လည်းကောင်း၊ ဘတ်စကက်ဘောကစားသမား လူလ်ဒန်က ပေါင် သန်း ၄၀ ဖြင့် အဆင့်(၇)နေရာ၌ လည်းကောင်း၊ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပေါင် သန်း ၄၀ ဖြင့် အဆင့်(၈)နေရာ၌ လည်းကောင်း အသီးသီးရပ်တည်လျက်ရှိသည်။

၎င်းနောက်တွင် ကွင်းလယ်ကစားသမား ဖရန့် လမ်းပတ်သည် ပေါင် ၃၉ သန်းဖြင့် အဆင့်(၉)နေရာ၌ လည်းကောင်း၊ ဂေါက်သီးရိုက်ကစားသမား နစ်ဖယ်လ်ဒို က ပေါင် ၃၈ သန်းဖြင့် အဆင့်(၁၀)နေရာ၌ လည်းကောင်း၊ မန်ယူအသင်း၏ လက်ထောက်နည်းပြ ရိုင်ယန်ဂစ်က ပေါင် ၃၈ သန်းဖြင့် အဆင့်(၁၁)နေရာ၌ လည်းကောင်း၊ ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်ကစားသမား မက်ကာရွိုင်းက ပေါင် ၃၈ သန်းဖြင့် အဆင့်(၁၂) နေရာ၌ လည်းကောင်း၊ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ပေါင် ၃၈ သန်းဖြင့် အဆင့်(၁၃)နေရာ၌လည်းကောင်း ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဖော်မြူလာဝမ်းချန်ပီယံ ဟာမီလ်တန်သည် ပြီးခဲ့သည့်နှစ်က ဗြိတိန်၏ အချမ်းသာဆုံးအားကစားကြယ်ပွင့်နှင့် နည်းပြများ စာရင်းတွင် ပေါင် ၆၈ သန်းဖြင့် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သူဖြစ်ပြီး ယခုနှစ်တွင်မူ ယမန်နှစ်ထက် ပေါင် သန်း ၂၀ တိုးလာခဲ့ခြင်းဖြစ်သည်။ မန်ယူနှင့် အင်္ဂလန်အသင်းခေါင်းဆောင် ရွှန်းနီမှာမူ ပြီးခဲ့သည့်နှစ်ထက် ပေါင် ၁၂ သန်းတိုးလာခဲ့ပြီး တင်းနစ်ကစားသမား အန်ဒီမာရေးမှာမူ ဝင်ငွေတန်ဖိုး ပေါင် ၄၈ သန်းသာ ရရှိခဲ့ခြင်းကြောင့် စတုတ္ထနေရာ၌သာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ဧပြီ ၂၆ ရက်တွင် ထိပ်တိုက်တွေ့ဆုံနေသည့် ချယ်လ်ဆီးအသင်း၏ နည်းပြမော်ရင်ဟိုနှင့် အာဆင်နယ်အသင်း၏ နည်းပြ အာစင်ဝင်းဂါးတို့၏ ဥစ္စာဓနကြွယ်ဝမှုသည် ယခု ၂၀၁၅ ခုနှစ်တွင် မော်ရင်ဟိုက အာစင်ဝင်းဂါးထက် ပေါင်နှစ်သန်းပိုနေပြီး ဗြိတိန်အားကစားလောက၏ ဥစ္စာဓနကြွယ်ဝမှုတွင် အချမ်းသာဆုံးအဖြစ် အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းတစ်ဦးတည်းသာရှိခဲ့ပြီး ၎င်း၏ ဥစ္စာဓနကြွယ်ဝမှုသည် ပေါင်သန်း ၁၀၀ ရှိခဲ့ကြောင်း သိရသည်။

## ဘောလုံးလောကသတင်းတိုထွာ

ပီအက်စ်ဗွီ။ ။ပီအက်စ်ဗွီနည်းပြကိုကူးက အသက်(၂၀)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီပေးအနေဖြင့် ၎င်း၏ အနာဂတ်အတွက်လွတ်လပ်စွာ ဆုံးဖြတ်ချက်ချနိုင်ကြောင်း ဆိုသည်။

**အဲဗာတန်။ ။အဲဗာတန်အသင်း၏ ဘယ်လ်ဂျီယံ တိုက်စစ်မှူး လူကာကူသည် ၂၀၁၅ ခုနှစ်အတွင်း ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့ပြီး လက်ရှိတွင်လည်း အဲဗာတန်အသင်း၌ အကောင်းမွန်ဆုံးသော ခြေစွမ်းပိုင်ရှင်တစ်ဦးအဖြစ် ခြေစွမ်းပြနေခြင်းကြောင့် ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း အဲဗာတန်နည်းပြ ရောဘတ်တိုမာတီနက်ဇ်က ပြောကြားခဲ့သည်။**

စပါး။ ။စပါးအသင်း၏ အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး အဒီဘာယောသည် တစ်ပတ်လုပ်ခလစာ ပေါင် တစ်သိန်းဖြင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် စပါးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်ခြင်းကြောင့် အသင်းမှထွက်ခွာမသွားစေရန် နောက်ထပ်အနည်းဆုံး ပေါင် ၂ ဒသမ ၅ သန်း ပေးမည်ဖြစ်ကြောင်း သိရသည်။

**ချယ်လ်ဆီး။ ။ချယ်လ်ဆီးအသင်းဂိုးသမား ပီတာချက်ချ်အား ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန်စိတ်ဝင်စားနေပြီး ပီတာချက်ချ်သည် လက်ရှိ ချယ်လ်ဆီးအသင်းတွင် ဂိုးသမားကော်တွိုက်၏နောက် ဒုတိယဦးစားပေးကစားသမားအဖြစ်သာ ပွဲထွက်နေရခြင်းကြောင့် ယခုနှစ်နွေရာသီတွင် အသင်းမှ ထွက်ခွာရန်ရှိနေရာ ပီအက်စ်ဂျီအသင်းအပြင် အာဆင်နယ်နှင့် လီဗာပူးတို့ကလည်း ခေါ်ယူရန်စိစဉ်လျက်ရှိကြောင်း သိရသည်။**

ဘာစီလိုနာ။ ။ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မေလအတွင်း ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ လက်ရှိဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာသည် ထူးချွန်သည့်နည်းပြတစ်ဦးဖြစ်သောကြောင့် ယင်းပွဲစဉ်တွင် ဂွါဒီယိုလာနှင့် ထိပ်တိုက်ယှဉ်ပြိုင်ရမည်ကို စိတ်လှုပ်ရှားနေကြောင်း ဘာစီလိုနာအသင်းနည်းပြ ဟင်နရီကေးက ပြောကြားခဲ့သည်။

**မန်စီးတီး။ ။ မန်စီးတီးတွင်သာ ပျော်ရွှင်နေပြီး အခြားအသင်းသို့ပြောင်းရွှေ့ကစားမည်မဟုတ်ဟု ယာယာတိုရေးကဆိုသည်။**

[ငွေကြယ်]

# ရှိုင်ယန်ဂစ်သည် အနာဂတ် မန်ယူနည်းပြ ဖြစ်လာမည့်သူဟု ဗန်ဟားလ်ယုံကြည်



**မန်ယူနည်းပြဗန်ဟားလ်က ရှိုင်ယန်ဂစ်အား ၎င်း၏နေရာကိုဆက်ခံမည့်သူအဖြစ် မန်ယူအသင်းက အနာဂတ်၌ ရွေးချယ်လိမ့်မည်ဟု သူ၏ယုံကြည်ချက်နှင့်ပတ်သက်၍ ထုတ်ဖော်ပြောကြားခဲ့သည်။**

အသက်(၄၁)နှစ်အရွယ်ရှိ ဂစ်သည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီတွင် နည်းပြ ဒေးဗစ်မိုရက်စ် ထုတ်ပယ်ခံခဲ့ရပြီးနောက် ရာသီသိမ်းပွဲစဉ်လေးပွဲ၌ အသင်းကြီးကြပ်သူအဖြစ်ဆောင်ရွက်ခဲ့ရကာ ယခုဗန်ဟားလ်လက်ထက်တွင်လက်ထောက်နည်းပြအဖြစ်တာဝန်ယူဆောင်ရွက်နေသူဖြစ်သည်။

လက်ရှိနည်းပြဗန်ဟားလ်သည်အသက်(၆၃)နှစ်ရှိပြီဖြစ်ပြီး မန်ယူနှင့်စာချုပ်သက်တမ်းမှာ ၂၀၁၇၌ ကုန်ဆုံးမည်ဖြစ်သည်။ ဂစ်အနေဖြင့်လည်း မိုရက်စ်ထွက်ခွာသွားပြီးနောက် အသင်းအား ဦးဆောင်တာဝန်ယူခဲ့ရသောကာလမှာ ၎င်း၏ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက် ဂုဏ်အယူရဆုံးကိစ္စရပ်ပင်ဖြစ်သည်ဟု ဆိုခဲ့သေးသည်။

ဗန်ဟားလ်က "ကျွန်တော်မန်ယူကထွက်ခွာသွားတဲ့အချိန်မှာ ဂစ်အနေနဲ့ နည်းပြသစ်အဖြစ် ခန့်အပ်ခံရမယ်လို့ ယုံကြည်ထားပါတယ်။ အခုတော့ကျွန်တော် ဒီတာဝန်တွေကိုယူထားရတယ်။ ဂစ် ကကစားသမားဘဝမှာ ကောင်းမွန်တဲ့ပုံစံတစ်ရပ်ကို ပြသနိုင်ခဲ့သလို နည်းပြအနေနဲ့လည်း အောင်အောင်မြင်မြင်ထမ်းဆောင်နိုင်ပါလိမ့်မယ်။ သူက မော်ရင်ဟိုလို ပွဲတစ်ပွဲကိုကောင်းကောင်းဖတ်ရှုတတ်ပြီး အင်မတန်အလုပ်ကြိုးစားတဲ့သူလည်းဖြစ်ပါတယ်" ဟု ဂစ်၏စွမ်းဆောင်ရည်နှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။

ဂစ်သည် မန်ယူကစားသမားဘဝ ၂၅ နှစ်တာကာလအတွင်းတွင် ပွဲပေါင်း ၉၆၃ ပွဲဝင်ရောက်ကစားခဲ့ကာ ကလပ်အသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား(၁၃)ကြိမ်၊ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်အပါအဝင် ဆုဖလား ပေါင်း ၂၅ ခု အထိ ရယူနိုင်ခဲ့သူလည်းဖြစ်သည်။

## ချယ်လ်ဆီးတိုက်စစ်မှာ တားဆီးရန်လွယ်ကူလွန်းသည်ဟု ဝင်းဂါးစကားစစ်ထိုးမှုအပေါ် မော်ရင်ဟိုတုံ့ပြန်

အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ချယ်လ်ဆီး၏တိုက်စစ်မှာ အာဆင်နယ်နောက်ခံကစားသမားများအတွက် တားဆီးရန်လွယ်ကူလွန်းသည်ဟုပြောကြားချက်အပေါ် မော်ရင်ဟိုက အာဆင်နယ်နောက်တန်းကစားကွက် နည်းဗျူဟာနှင့်ပတ်သက်၍ ပြန်လည်မေးခွန်းထုတ်ခဲ့သည်။မော်ရင်ဟိုက အာဆင်နယ်အနေဖြင့် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့်မှာပင်ထွက်ခွာခဲ့ရသော အခြေအနေနှင့်ပတ်သက်ပြီးစဉ်းစားပါက ဝင်းဂါး၏ နောက်တန်းနည်းဗျူဟာအတွက်အဖြေပင်ဖြစ်သည်ဟုတုံ့ပြန်ပြောကြားခဲ့သည်။

အာဆင်နယ်နှင့်ချယ်လ်ဆီးသည်ဧပြီ ၂၆ရက်တွင် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပွဲကြိုအနေဖြင့်စကားစစ်ထိုးနေခြင်းဖြစ်သည်။ ချယ်လ်ဆီးသည်လက်ရှိတွင် ဒုတိယနေရာမှ အာဆင်နယ်ထက် ၁၀ မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေကာ ပြိုင်ပွဲပြီးဆုံးရန်ခြောက်ပွဲသာလိုတော့သည်။

ချယ်လ်ဆီးသည် အာဆင်နယ်နှင့်လက်စတာနှစ်သင်းကိုအနိုင်ရရှိရုံဖြင့် ပရီမီယာလိဂ်ဖလားကိုဆွတ်ခူးနိုင်မည်ဖြစ်သည်။

မော်ရင်ဟိုက" နောက်တန်းက အလွယ်တကူ တားဆီးနိုင်မယ်တဲ့လားဗျာ။ ဒါကဒီလောက်မလွယ်ဘူးလေ။ ဒါဆိုသူတို့အိမ်ကွင်းမှာမိုနာကိုကို ဘာကြောင့် သုံးဂိုးအသွင်းခံရမှာလဲ။ ကျွန်တော့်အတွက် ဝင်းဂါးက ပြိုင်ဘက်မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ မြို့ခံပြိုင်ဘက်အသင်းကြီးတစ်သင်းက နည်းပြတစ်ယောက်ပါပဲ။ပြီးတော့ အသင်းရလဒ်ကောင်းဖို့လုပ်ကိုင်နေကြတဲ့ ရည်ရွယ်ချက်တူတဲ့သူတွေလည်းဖြစ်တယ်။ဒါမျိုးက အခုမှဖြစ်တဲ့ ကိစ္စရပ်မဟုတ်ဘဲ။ အင်တာနည်းပြဘဝမှာလည်း မီလန်နည်းပြနဲ့၊ ပေါ်တိုနည်းပြဘဝမှာလည်း ဘင်ဖီကာနည်းပြနဲ့၊ ရီးယဲလ်နည်းပြဘဝမှာလည်း အက်သလက်နည်းပြနဲ့ ဖြစ်ခဲ့တာပါပဲ" ဟု ပြောကြားခဲ့သည်။

◻◻



မေလှဲ့သင်း

# ဟသ်ာတ၌ လေပြင်းတိုက် နေအိမ်အချို့ ပြိုကျပျက်စီး



**ဟသ်ာတ မေ ၂၅**

ဟသ်ာတမြို့နယ်တွင် မေ ၂၃ ရက် ညနေ ၄ နာရီမှ ည ၇ နာရီဝန်းကျင်ခန့်အထိ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့အမိုးလန်ခြင်းနှင့် ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် စစ်ကွင်းကျေးရွာအုပ်စု စစ်ကွင်းကျေးရွာနှင့်သဒ္ဓေးကုန်းကျေးရွာတို့တွင် အမိုးလန် ၃၇ အိမ်၊ ပြိုလဲ နှစ်အိမ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာတွင် အမိုးလန် ၁၉ အိမ်၊ ပြိုလဲ သုံးအိမ်၊ ကုန်းကြီးကျေးရွာအုပ်စုအတွင်းရှိ ကျုံဖားကျေးရွာ၊ ခလောက်မဲကျေးရွာနှင့် အနောက်တံခွန်တိုင်ကျေးရွာတို့တွင် အမိုးလန် ၂၇ အိမ်၊ ပြိုလဲ တစ်အိမ် စုစုပေါင်း အမိုးလန် ၈၃ အိမ်၊ ပြိုလဲ ခြောက်အိမ်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျ၊ အမိုးလန်ပျက်စီးသွားသောအိမ်ခြေပေါင်း ၈၉ အိမ်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကျပ် ၈၉၀၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျပ် ၈၉၀၀၀၀ နှင့် ဟသ်ာတခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

## သင်တောမြောင်ကျေးရွာတွင် လေပြင်းတိုက်ခတ်

**အင်္ဂပူ မေ ၂၅**

အင်္ဂပူမြို့နယ် ကွင်းကောက်နယ်မြေရဲစခန်းပိုင် အတွင်းရှိ လင်းလွန်းပင်အုပ်စုသင်တောမြောင်ကျေးရွာတွင် မေ ၂၃ ရက် ညနေ ၅ နာရီက လေပြင်းများတိုက်ခတ်ခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် သင်တောမြောင်ကျေးရွာရှိ ကြက်သလုတ်ကုန်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံတစ်ခု၊ တန်အကြီး တစ်ခု၊ တန်စောင်းအသေးတစ်ခုနှင့် လူနေအိမ် ၁၀ လုံးပြိုကျပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်း ၃၀ ခန့်ရှိကြောင်းနှင့် အဆိုပါလေပြင်းတိုက်ခတ်ရာနေရာသို့ ကွင်းကောက်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန်းကျော်/ပြန်ဆက်)**

## ကျောက်ထုမြို့တွင် လေပြင်းတိုက်ခတ်

**ကျောက်ထု မေ ၂၅**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ကျောက်ပျဉ်းရွာတွင် မေ ၂၃ ရက်က လေပြင်းတိုက်ခတ်သဖြင့် ကျေးရွာမူလတန်းကျောင်းအနီးရှိ သရက်ပင်ပြိုလဲကျ၍ ကျောင်းဆောင်ပေါ်သို့ ပိမိရာ ကျောင်းဆောင်အမိုးနှင့်အကာများ ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ခြင်းနှင့် သရက်ပင်ပြိုလဲမှုကြောင့် အလျားပေ ၈၀၊ အနံ ၂၄ ပေရှိ ကျောင်းဆောင်အမိုးနှင့် အကာအရံများ၊ ပရိဘောဂများ ပျက်စီးသွားကြောင်းနှင့် ကာလတန်ဖိုး ငွေကျပ်သိန်း ၂၅၀ ကျော်ခန့် ဆုံးရှုံးသွားကြောင်း သိရသည်။

**(၄၆၅)**

## မိုးလေဝသအခြေအနေ

**မေ ၂၅ ရက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၆°C | ၂၃°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၄°C | ၂၄°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၇°C | ၂၃°C |
| ပဲခူးတိုင်းဒေသကြီး | ၃၆°C | ၂၃°C |
| ချင်းပြည်နယ် | ၂၆°C | ၁၆°C |

**မေ ၂၆ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
|---|---|---|---|
| ရေကျ | နံနက် | ၃း၀၂ နာရီ | ၇. ၄၂ ပေ |
| ရေတက် | နံနက် | ၉း၂၆ နာရီ | ၁၄. ၉၃ ပေ |
| ရေကျ | ညနေ | ၃း၂၆ နာရီ | ၉. ၁၂ ပေ |
| ရေတက် | ည | ၉း၄၇ နာရီ | ၁၅. ၁၉ ပေ |

**မေ ၂၆ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်**

| | | |
|---|---|---|
| နေထွက် | နံနက် | ၅း၄၃ နာရီ |
| နေဝင် | ညနေ | ၆း၂၂ နာရီ |


နိုင်ငံတကာသတင်းဂျာနယ်

ကမ္ဘာ့ နိုင်ငံရေး ဇာတ်ခုံအကြောင်း ဇာတ်စုံသိချင်ပါသလား။
တစ်စောင်တည်းနှင့် ပြည့်စုံစေမှာ နိုင်ငံတကာသတင်းဂျာနယ်ပါ။

- အစွန်းရောက်ဝါဒနှင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု
- စစ်ကိုလိုလားနေကြသည့် နေတိုးမဟာမိတ်များနှင့် အမေရိကန်
- အီရန်နှင့် ပင်လယ်ကွေ့နိုင်ငံများအကြား လက်နက်အပြိုင်အဆိုင်တပ်ဆင်လာနိုင်မှုအခြေအနေ
- ဆော်ဒီ၏ တိုက်ခိုက်မှုကြောင့် ယီမင်လေတပ်ပျက်
- အိန္ဒိယနိုင်ငံ၏ အဓိကစွမ်းအင်အရင်းအမြစ် "စိန့်နက်"
- ဂျပန်၌ ဆူနာမီရေလှိုင်းအရံအတား တံတိုင်းကြီးကိုတည်ဆောက်နေ
- ဝါဒဖြန့်ချိရေးစစ်ပွဲ အမေရိကန်ရှုံးနိမ့်နေပြီ
- ဂျပန်နှင့် ခေတ်သစ်စစ်ပွဲဆင်နွှဲရန် အသင့်ပြင်ထားသည့် တရုတ်
- တိုက်ချွင်းပစ်ဒုံးကျည်ကာကွယ်ရေးစနစ်နဲ့ အမေရိကန်

စသည့် နိုင်ငံတကာသတင်းသုံးသပ်ချက်ဆောင်းပါးများ ထဲဝေဘောဆာဖြင့် တနင်္လာနေ့တိုင်း ထွက်ရှိလာပြီ။

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၂၈၃၀၊ ၂၉၉၄၂၅၊ ၀၁ - ၈၆၁၀၆၈၅


## ကယားပြည်နယ် လွိုင်ကော်မြို့၌ မီးလောင်မှုဖြစ်ပွား

**လွိုင်ကော် မေ ၂၅**

ကယားပြည်နယ် လွိုင်ကော်မြို့ လောခမ္မရပ်ကွက် ကျောက်တောင်လမ်း အုပ်စု(၁၁)ရှိ လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေအိမ်တွင် ဒေါ်တင်ညွန့် (၉၃)နှစ်ဆိုသူသည် လျှပ်စစ်ထမင်းပေါင်းအိုး တည်ထားခဲ့ရာမှ အပူလွန်ကဲပြီး မေ၂၃ ရက် နံနက် ၁၀ နာရီခွဲက မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်အပေါ်ထပ်ကြမ်းခင်းနှင့် အိမ်တွင်းပစ္စည်းများဆုံးရှုံးခဲ့သည်။ အနီးဝန်းကျင်ရှိ ရေစုပ်စက်တစ်လုံးဖြင့် ကနဦး ငြိမ်းသတ်ဆောင်ရွက်ခဲ့ပြီး မီးသတ်ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစောထွန်း ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၀၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး စုစုပေါင်း သုံးစီးဖြင့် ရေဂါလန် ၅၀၀၀ ခန့် အသုံးပြု၍ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ငြိမ်းသတ်ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်တင်ညွန့်အား လွိုင်ကော်မြို့နယ် ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## တံတားပေါ်မှ ထော်လာဂျီ ချောင်းထဲပြုတ်ကျ၊ နှစ်ဦးသေ၊ ခြောက်ဦးဒဏ်ရာရ

**မောက်မယ် မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ကျောင်းခမ်းကျေးရွာနေ စိုင်းလန်(၁၇)နှစ် မောင်းနှင်လာသော ထော်လာဂျီသည် ခရီးသည် ၁၅ ဦးခန့် တင်ဆောင်၍ နမ့်လွတ်ကျေးရွာဘုန်းကြီးကျောင်းမှအပြန် မေ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်တွင် အရှိန်မထိန်းနိုင်သဖြင့် မိုက်ဟုန်း တံတားလက်ရန်းကိုကျော်၍ ပေ ၂၀ ခန့်ရှိ နမ့်ယွမ်းချောင်းအတွင်းသို့ ပြုတ်ကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါလာသူ ခရီးသည်နှစ်ဦးသေဆုံးပြီး လေးဦးမှာ မောက်မယ်ပြည်သူ့ဆေးရုံ၌ အတွင်းလူနာ(မစိုးရိမ်ရ)၊ နှစ်ဦးမှာ ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူနေပြီး ယာဉ်မောင်းအား မောက်မယ်မြို့နယ်ရဲတပ်ဖွဲ့က အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## နှစ်လုံးထီရောင်းချသူတစ်ဦး မလှိုင်မြို့၌ ဖမ်းမိ

**မလှိုင် မေ ၂၅**

မလှိုင်မြို့၌ မေ ၂၄ ရက် ညနေ ၃ နာရီခွဲခန့်တွင် နှစ်လုံးထီရောင်းချနေသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးမိကြောင်းသိရသည်။

ဖြစ်စဉ်မှာ မလှိုင်မြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူး တင်မောင်သန်းနှင့်အဖွဲ့သည် လောင်းကစားသတင်းအရ သက်သေများနှင့်အတူ မလှိုင်မြို့ အမှတ်(၂)ရပ်ကွက် ရွှေမုဋ္ဌောဘုရားဈေးတန်းနေ မအိအိခိုင်(၃၆)နှစ် နယ်မြေ(၁၀) အမှတ်(၂)ရပ်ကွက်နေ အိမ်ဈေးဆိုင် အိပ်ခန်းအတွင်းသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လောင်းကစားဖမ်းဝရမ်းဖြင့်ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီ၊ သုံးလုံးထီရောင်းချရာ၌ အသုံးပြုသော ပစ္စည်းများနှင့်အတူ လောင်းကြေးငွေ ကျပ် ၁၅၃၂၅၀ ကိုတွေ့ရှိ၍ ဖမ်းဆီးကာ မလှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# အနောက်အုပ်စုလောင်းရိပ် အတိတ်မှာထား

ကိုရင်ညြ

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)*




ကမ္ဘာ့ထွန်းသစ်စ စီးပွားရေးစွမ်းဆောင်ရှင်နိုင်ငံများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးသည့် နိုင်ငံတကာစီးပွားရေးပုံစံသစ်တစ်ရပ်ကို ဖော်ဆောင်ကြရန်နှင့် ခေတ်တိမ်သွားပြီဖြစ်သော ဘရက်တန်ဝုဒ် (Bretton Woods) အဖွဲ့အစည်းများ၏ လောင်းရိပ်အောက်မှ ရုန်းထွက်ကြရန် အာရှ-အာဖရိကခေါင်းဆောင်များက ဧပြီ ၂၂ ရက်တွင် တိုက်တွန်းလိုက်ကြသည်။

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ၌ကျင်းပသော အာရှ-အာဖရိက ထိပ်သီးညီလာခံဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့တိုက်ကြီး နှစ်တိုက်မှ ခေါင်းဆောင်များက အထက်ပါအတိုင်း တိုက်တွန်းကြခြင်းဖြစ်သည်။

အာရှ-အာဖရိက ထိပ်သီးညီလာခံ ကျင်းပခဲ့သည်မှာ ဧပြီ ၂၂ ရက်တွင် နှစ် (၆၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ (၁၀) နှစ် တစ်ကြိမ်ကျင်းပသည့် ဘန်ဒေါင်းညီလာခံသည် သမိုင်းဝင်၊ သမိုင်းတွင်ရစ်သည့် ညီလာခံကြီးဖြစ်ပြီး အနှစ်သာရပြည့်ဝသည့် အခြေခံမူများနှင့်အတူ လက်တွဲချီတက်လျက်ရှိနေကြသည်ကို တွေ့မြင်ရလေသည်။

အာရှနှင့် အာဖရိကနှစ်တိုက်ရှိ နိုင်ငံများအနေဖြင့် နိုင်ငံရေးအရ မိမိကိုယ်ကိုယ် ဆုံးဖြတ်ခွင့်ရရှိရေး၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားလိုက်နာရေး၊ တစ်နိုင်ငံက အခြားတစ်နိုင်ငံကို မကျူးကျော်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံတစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံတိုင်း တန်းတူညီမျှရရှိရေးတို့မှာ ဘန်ဒေါင်းညီလာခံ၏ အခြေခံမူများပင်ဖြစ်သည်။

အာရှ-အာဖရိကတိုက်ကြီးနှစ်တိုက်အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်၊ အုပ်စုနှစ်ခုအကြား ပဋိပက္ခဖြစ်ပွားမှုများ၊ ကိုလိုနီလက်သစ်ဝါဒများ၊ အသားအရောင်ခွဲခြားဖိနှိပ်အုပ်ချုပ်မှုများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်အန္တရာယ်ပြုမှုများမှ ကာကွယ်ကြရန်ဟူသော အခြေခံမူများကိုလည်း မြန်မာနိုင်ငံအပါအဝင် ဒေသဆိုင်ရာနိုင်ငံများအနေဖြင့် ယနေ့တိုင်မသွေဖည်ဘဲ ဆုပ်ကိုင်ကျင့်သုံးလျက်ရှိကြလေ သည်။

၁၉၄၄ ခုနှစ်က အမေရိကန်ပြည်ထောင်စု နယူးဟမ့်ရှိုင်းယား၌ ကျင်းပခဲ့သော ဘရက်တန်ဝုဒ်ညီလာခံတွင် ဒုတိယကမ္ဘာစစ်ခေတ်လွန်ကာလ နိုင်ငံတကာစီးပွားရေးပုံစံသစ်ကို ရည်မျှော်လျက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) နှင့် ကမ္ဘာ့ဘဏ်တို့ကို အမေရိကန်နှင့် ဥရောပနိုင်ငံများက ထူထောင်ခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေးပြဿနာများကို ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ကသာလျှင် ဖြေရှင်းပေးနိုင်မည်ဆိုသည့် အယူအဆအား ကိုင်စွဲသူများသည် ခေတ်ဟောင်းအတွေးအခေါ်ရှိသူများသာဖြစ်သည်ဟု အိမ်ရှင်သမ္မတကြီး ဂျိုကိုဝီဒိုဒိုက ဝေဖန်ခဲ့သည်။

အာရှတိုက်တွင် တရုတ်နိုင်ငံက ဦးဆောင်၍ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (အေအိုင်အိုင်ဘီ) ပေါ်ထွန်းလာရန်ရှိနေချိန်တွင် အနောက်အုပ်စုကလွှမ်းမိုးသော နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းကြီးများ၏ အခန်းကဏ္ဍကိုလျှော့ချရန် အာရှနှင့် အာဖရိကခေါင်းဆောင်များက ရည်ရွယ်ပုံရသည်။

အာရှ-ပစိဖိတ်ဒေသ၌ ဩဇာလွှမ်းမိုးနိုင်ရန်ကြိုးပမ်းနေသော အမေရိကန်ပြည်ထောင်စု၏ ခြေလှမ်းများတုံ့နှေးသွားစေနိုင်မည့် လုပ်ဆောင်ချက်တစ်ခုအဖြစ် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်ကို ထူထောင်ခြင်းဖြစ်သည်ဟု ရှုမြင်သုံးသပ်ချက်များ ပေါ်ထွက်လာသည်။

တရုတ်နိုင်ငံက ဘဏ္ဍာရေးခွန်အားကြီးမားလာနေမှုကို တန်ပြန်နိုင်ရန် အမေရိကန်က ဆောင်ရွက်လိုပုံရနေပြီး အာရှရှိ ယင်း၏မဟာမိတ်နိုင်ငံများအနေဖြင့် အေအိုင်အိုင်ဘီတွင် ပါဝင်ခြင်းကိုလည်း အမေရိကန်က လိုလားပုံမရပေ။

အာဖရိကနိုင်ငံများသည် ချမ်းသာသောနိုင်ငံများထံသို့ ကုန်ကြမ်းတင်ပို့ရောင်းချရပြီး ယင်းနိုင်ငံများထံမှ ကုန်ချောတင်သွင်းဝယ်ယူနေရသည့် ဘဝမှ လွတ်မြောက်ရန်လည်း လိုလားကြသည်။

ယနေ့ကာလတွင် အာရှနှင့် အာဖရိကတိုက်ကြီးနှစ်တိုက်အကြား နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုတို့ကို တိုးမြှင့်ပြုလုပ်လျက်ရှိကြသည်။

ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းနေထိုင်ရာ အာရှနှင့် အာဖရိက ဒေသကြီးနှစ်ခုအနေဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စွာလုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံများ ပိုမိုဖွံ့ဖြိုးလာကာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးစံနှုန်းများကိုလည်း ပိုမိုအားပေးမြှင့်တင်လာနိုင်ကြမည်ဟု မျှော်လင့်ရပေသည်။ ။

# စီးပွားရေးအရတည်းနှောင် သံမဏိညီနောင်


ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဂဝါဒါပင်လယ်ဆိပ်ကမ်း

အစဉ်အလာအရ ရင်းနှီးချစ်ကြည်မှုကို တည်ထောင်နိုင်ခဲ့ကြသော တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့သည် 'သံမဏိညီနောင်များ' ဖြစ်ကြသည်ဟု နှစ်နိုင်ငံခေါင်းဆောင်တို့က အခါအားလျော်စွာ ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ပျားရည်ထက်ပိုမိုချိုမြိန်ပြီး သံမဏိထက်ပင် ပိုမိုခိုင်မာသည့် ဆက်ဆံရေးနှင့်အတူ အိမ်နီးချင်းကောင်းမိတ်ဆွေနိုင်ငံများအဖြစ် ရပ်တည်နေကြသည်ဟုဆိုသော တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့သည် စီးပွားရေးစင်္ကြံလမ်းတစ်ခုကို ထူထောင်တော့မည်ဟု လွန်ခဲ့သောရက်သတ္တပတ်က ကြွေးကြော်လိုက်ကြပြန်သည်။

တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်းထူထောင်ရေးအယူကို တရုတ်ဝန်ကြီးချုပ်လီခချန်းက ၂၀၁၃ ခုနှစ် မေလအတွင်း က ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိစဉ် ဖော် ထု-တ်ခဲ့သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်ကမူ တရုတ်သမ္မတရှီကျင့်ဖျင်က နှစ်နိုင်ငံစီးပွားရေးစင်္ကြံလမ်းထူထောင်ရေး အစီအစဉ်ကို အကောင်အထည်ဖော်ရန် နှစ်နိုင်ငံခေါင်းဆောင်များ ကတိကဝတ်ပြုကြသည်ဟု ထုတ်ပြန်ကြေညာခဲ့ပြန်သည်။

သမ္မတရှီကျင့်ဖျင်သည် ဧပြီ ၂၀ ရက်က ပါကစ္စတန်နိုင်ငံသို့ ပထမအကြိမ် ချစ်ကြည်ရေးရောက်ရှိခဲ့ရာတွင် နှစ်နိုင်ငံစီးပွားရေးစင်္ကြံလမ်းထူထောင်ရေး အစီအစဉ်အရ ဒေါ်လာ ၄၆ ဘီလီယံရှိ ရင်းနှီးမြှုပ်နှံရေးစီမံကိန်းများကို အကောင်အထည်ဖော်သွားမည်ဟု ကမ္ဘာသို့ ကြေညာခဲ့သည်။

စီးပွားရေးစင်္ကြံလမ်းအစီအစဉ်အရ ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဂဝါဒါ ပင်လယ်ဆိပ်ကမ်းကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ရှင်ကျန်းဒေသနှင့် ချိတ်ဆက်နိုင်ရန် အဝေးပြေးလမ်းများ၊ ရထားလမ်းများနှင့် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းများကို တည် ဆောက်မည်ဖြစ်သည်။

စီးပွားရေးစင်္ကြံလမ်းကို နှစ်အတန်ကြာ အချိန်ယူ၍ တည်ဆောက်ရမည်ဖြစ်ပြီး အကျိုးရလဒ်အနေဖြင့် တရုတ်၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသတို့အကြား ကုန်သွယ်ရေးလမ်းများ ပွင့်လန်းတိုးတက်လာမည် ဖြစ်သည်။

တရုတ်နိုင်ငံသည် ဒေသတွင်းရှိ မဟာမိတ်နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ပြုလုပ်နိုင်ရန် အစီအစဉ်များကို ရေးဆွဲချမှတ်ဆောင်ရွက်နေလင့်ကစား လုံခြုံရေးဆိုင်ရာပြဿနာရပ်များနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ကို ရုပ်သိမ်းခဲ့ပြီး တရုတ်နိုင်ငံအနောက်ပိုင်း ရှင်ကျန်းဒေသ၌ အကြမ်းဖက်သမားများ ပိုမိုလှုပ်ရှားလာနေချိန်တွင် ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံရေးစီမံကိန်းများ ပေါက်မြောက် အောင်မြင်ရေးအတွက် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို တစ်ပါတည်းလုပ်ကိုင်နိုင်ရန် လိုအပ်ပေလိမ့်မည်။

ပါကစ္စတန်နိုင်ငံ၌ တာလီဘန်အဖွဲ့၏ စစ်သွေးကြွလှုပ်ရှားမှုများ အားကောင်းနေဆဲဖြစ်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လုံခြုံရေးဆိုင်ရာ အခင်းအကျင်းကောင်းမွန်ရန်လည်း လိုအပ်ပေလိမ့်မည်။ ။

# လူမည်းလူမွဲ အဆိုးသံသရာဝဲလှည့်

ပြီးခဲ့သည့်ရက်သတ္တပတ်က တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ နိုင်ငံခြားသား သူစိမ်းတစ်ရံဆံမုန်းတီးရေးတိုက်ခိုက်မှုများအသွင်ကို ဆောင်ပြီး အာဖရိကတိုက်သားနိုင်ငံခြားသားများပိုင်ဆိုင်သော ဈေးဆိုင်များ ပစ်မှတ်ထားခံရသည်။

ဒေသခံအာဖရိကလူမည်းများက ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ အာဖရိကနိုင်ငံခြားသားများကို ရန်မူတိုက်ခိုက်သည်။ ၎င်းတို့၏ ပစ္စည်းဥစ္စာများကို ဖျက်ဆီးပစ်သည်။ မီးရှို့ပစ်သည်။ လုယက်ယူဆောင်သည်။ လူမည်းတောင်အာဖရိကနိုင်ငံသားများနှင့် အာဖရိကတိုက်သားနိုင်ငံခြားသားများအကြား လမ်းများပေါ် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာတွင် ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ရပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ရသည်။

စီးပွားရေးလုပ်ငန်းငယ်များ လာရောက်လုပ်ကိုင်နေကြသော အာဖရိကတိုက်သား နိုင်ငံခြားသားမိသားစုများမှာ ကြောက်အားလန့်အားထွက်ပြေးခဲ့ကြရပြီး ယာယီခိုလှုံရေးစခန်းများတွင် ပုန်းခိုနေကြရသည်။ အချို့မှာမူ တောင်အာဖရိကနိုင်ငံမှ အမြန်ဆုံးထွက်ခွာခဲ့ကြရလေသည်။

တောင်အာဖရိကနိုင်ငံ၌ လက်တလောဖြစ်ပေါ်လာသည့် သွေးမြေကျဖြစ်ရပ်ကို ဆန်းစစ်ကြည့်သော် လူမည်းဆင်းရဲသားလူမွဲတို့၏ ပစ္စည်းမဲ့ဒေါသကို စေ့ငုတွေ့ရှိရလေ၏။

တောင်အာဖရိကနိုင်ငံ၌ လူမျိုးအသားအရောင်ခွဲခြားရေးစနစ် အဆုံးသတ်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီဖြစ်သည့်တိုင် ယင်းစနစ်၏အမွေဆိုးကို ယနေ့ထက်တိုင်အောင် လူမည်းနင်းပြားတို့ ဆက်ခံထားရဆဲပင်။

လူဖြူအုပ်စိုးမှုမှ လူမည်းအုပ်စိုးမှုသို့ ကူးပြောင်းလာနိုင်ခဲ့သည့်တိုင်အောင် လူမည်းလူမွဲတို့မှာ လူနေမှုဘဝမြင့်မားလာခြင်းမရှိသေးဘဲ ဆင်းရဲတွင်းနက်သော လမိုက်ညများကို ဖြတ်သန်းနေကြရလေသည်။

လူမည်းလူမွဲတို့သည် နာတာရှည်ဆင်းရဲမွဲတေမှုရောဂါဆိုးကြီးဖြစ်စေသော အကြောင်းတရားများကို ရင်ဆိုင်ဖြေရှင်းကြရမည့်အစား အာဖရိကတိုက်သား ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအား အမုန်းပွားကာ ရန်သတ္တရုပြုလာကြခြင်းမှာ လွဲမှားသောအဖြေရှာမှုဟု ဆိုရပေလိမ့်မည်။

'သက်တံရောင်နိုင်ငံ' အဖြစ် ချစ်စနိုးခေါ်တွင်ခံရသော တောင်အာဖရိကနိုင်ငံ၌ လူဦးရေ ၅၃ သန်းခန့်ရှိသည့်အနက် ၈၀ ရာခိုင်နှုန်းနီးပါးမှာ လူမည်းတို့ဖြစ်ကြပြီး လူမည်းအများစုမှာ ဆင်းရဲသားများဖြစ်ကြသည်။

အင်္ဂလိပ်နှင့် ဒတ်ချ်ကိုလိုနီအရှင်သခင်ကြီးများမျိုးနွယ်မှ ပေါက်ဖွားလာသော လူဖြူများမှာမူ လူဦးရေ ၄ ဒသမ ၅ သန်း မျှသာရှိသည်။ လူဦးရေ၏ လူနည်းစုလူဖြူတို့မှာ ယနေ့တိုင်အောင်ပင် နိုင်ငံ့ဥစ္စာဓနအများစုကို ပိုင်စိုးခွင့်ရရှိနေကြဆဲဖြစ်သည်။

လူမည်းခေါင်းဆောင်ကြီး နယ်လ်ဆင်မင်ဒဲလားအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ပြီး လူမျိုးအသားအရောင် ခွဲခြားမှုအဆုံးသတ်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်လာချိန်တွင် လူမည်းတို့မှာ နိုင်ငံရေးအရ လွတ်လပ်ခွင့်ကို ရရှိထားပြီဖြစ်သော်လည်း လူနေမှုဘဝ မြင့်မားတိုးတက်လာခြင်းမရှိဘဲ အဆိုးသံသရာလည်နေကြရဆဲဖြစ်သည်ကို အကြမ်းဖက်တိုက်ခိုက်မှုများက ညွှန်းဆိုလျက်ရှိလေသည်။ ။

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍာယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍာကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ကျောင်းတက်ရင်း၊ ကစားရင်း၊ ပျော်ပါးရင်း ကျွန်တော်တို့ကလေးများက မည်သို့မျှ အမှုမထားသော်လည်း နောင်အခါ ကျွန်တော်တို့အပါအဝင် လူသားအားလုံးကို ထိခိုက်နစ်နာစေမည့် ဘေးဆိုးကြီးရောက်ခဲ့လေပြီ။

ဒုတိယကမ္ဘာစစ်ကြီးစလေပြီ ဖြစ်ပေသတည်း။

**(၁၄) လွမ်းရစ်တော့ မြိုင်**

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သဖြင့် သတင်းစာများရောင်းကောင်းသည်ကို ကျွန်တော် မှတ်မိသည်။

သတင်းစာတိုက်တွင်လည်း စစ်သတင်းများကို အသားပေးဖော်ပြကြသည်။ ပြင်သစ်၊ အင်္ဂလိပ်တို့က တစ်ဖက်၊ ဂျာမနီက တစ်ဖက် ဥရောပ၌ တိုက်ခိုက်ကြသော သတင်းများပါ၏။ အာရှတိုက်တွင်လည်း တရုတ်နှင့် ဂျပန်တို့ တိုက်နေကြသည်ဟုဆို၏။ ဂျပန်သည် ဂျာမနီ၊ အီတလီတို့၏ မိတ်ဆွေဖြစ်၍ အင်္ဂလိပ်၊ ပြင်သစ်တို့၏ ရန်သူဟု သိရသည်။ သို့ရာတွင် အင်္ဂလိပ်တို့နှင့် ဂျပန်တို့ စစ်မဖြစ်သေးဟုဆို၏။ လူကြီးများအတွက်တော့မူ မသိ။ ကျွန်တော်တို့ကလေးများအတွက်ပင် သတင်းစာ ဖတ်ရသည်မှာ အလွန်အရသာရှိသည်။ ကျွမ်းထိုး၍ ဗုံးကြဲသော လေယာဉ်ပျံများအကြောင်း၊ ထိပ်တွင် အမြောက်ကြီးများ တပ်ထားသော တင့်ကားကြီးများအကြောင်း၊ ယူဘုတ်ခေါ် ရေငုပ်သင်္ဘောကြီးများအကြောင်း၊ စစ်သင်္ဘောများနှင့် လေယာဉ်တင်သင်္ဘောကြီးများအကြောင်း စသည်တို့သည် ဖတ်၍ကောင်းပြီး အလွန်စိတ်ဝင်စားဖွယ်ဖြစ်သည်။

မဂ္ဂီးနော့ခံတပ်ကြီး၊ ဆီးဖရိစ်ခံတပ်ကြီး၊ ဂျီဘရော်လ်တာခံတပ်ကြီး၊ စင်ကာပူခံတပ်ကြီးများအကြောင်းလည်း ကြားရသည်။

ကျွန်တော်တို့ မြရာပင်များအကြား၌ ကစားကြသောအခါ ကစားနည်းကို ပြောင်းကုန်၏။ တာဇံလုပ်တမ်းအစား စစ်တိုက်တမ်း ကစားကြသည်။

မြရာရုံများသည် မဂ္ဂီးနော့ခံတပ်၊ ဆီးဖရိစ်ခံတပ်၊ ဂျီဘရော်လ်တာခံတပ်၊ စင်ကာပူခံတပ် စသည်တို့ ဖြစ်လာသည်။ အစသော် ဤသို့ကစားရသည်ကို ပျော်သည်။ ကြာသော် ရိုးလာပြန်၏။ ထို့ကြောင့် တာဇံ လုပ်တမ်းကစားနည်းကိုပင် ပြန်ရောက်ခဲ့သည်။

စစ်သတင်းများလည်း ရိုးလာခဲ့သည်။ သတင်းစာဖတ်ရသည်မှာလည်း မဆန်းတော့။

ကျွန်တော်တို့ကျောင်းနံရံများနှင့် အစိုးရရုံးနံရံများ စသည်တို့၌ ပန်းချီကားကြီးများ ကပ်ထားသည်ကို တွေ့ရသည်။ ပန်းချီကားများတွင် ဘီလူးကြီးတစ်ကောင် အမြဲပါသည်။ ဘီလူးကြီး၏ကိုယ်၌ နာဇီဟုရေးထားသည်။ ဘီလူးကြီး၏ခြေရင်း၌ လူခေါင်းခွံများကို တွေ့ရသည်။ လူခေါင်းခွံတို့၌ ဩစတြေးလျ၊ ချက်ကိုစလိုဗားကီးယား၊ ပိုလန် စသည်ဖြင့် ရေးထားသည်။

ထိုပန်းချီကားကြောင့် နာဇီ ဂျာမနီဆိုသည်မှာ ကြောက်မက်ဖွယ်ကောင်းသော ဘီလူးကြီးများဟု ကျွန်တော် နားလည်သည်။ နာဇီ ဂျာမနီ၏ မဟာမိတ်ဆိုသော ဂျပန်ပြည်သည်လည်း ကြောက်ဖွယ်ကောင်းသည်ဟု ကျောင်းရှိ ဆရာ၊ ဆရာမများက ပြောကြသည်။

မြို့ရွာအတွင်း၌မူ ဂျပန်ကောင်းကြောင်းသတင်းသည် ကျော်ကြားနေသည်။ ဂျပန်သည် အင်္ဂလိပ်ကိုနိုင်အောင် တိုက်နိုင်၍ ဂျပန်လာလျှင် ဗမာတို့လွတ်လပ်ရေးရမည်ဟု ဆိုသူက ဆိုနေကြသည်။

မည်သို့ဖြစ်စေ အခြေအနေအရပ်ရပ်မူ မပြောင်းလဲ။

ထိုနှစ်ဒီဇင်ဘာလ ခရစ္စမတ်အခါတွင် ကျွန်တော်တို့ ကျောင်းကြီး၌ ပျော်ရွှင်ဖွယ်ရာပွဲတော်များကျင်းပသည်။

ထိုပွဲတော်၌ ကျွန်တော်၊ ခိုင်နှင့် မြိုင်တို့ ထင်ရှားကျော်စောကြသည်။ ကျောင်းပွဲတော်တွင် ကျွန်တော်က ပီယာနိုတီး၍ ခိုင်နှင့် မြိုင်က သီချင်းဆိုသည်။ ကျောင်းပွဲ၌ ပြဇာတ်တစ်ခုလည်း ပါသည်။

ပြဇာတ်၏ ရည်ရွယ်ချက်မှာ အရက်သေစာ သောက်စားခြင်း၏ မကောင်းကြောင်းဖြစ်သည်။ ဇာတ်လမ်းကား ဝန်ထောက်တစ်ဦး၌ လှပသော ဇနီးနှင့် ချစ်စရာကောင်းသော သားတစ်ဦး၊ သမီးတစ်ဦး ရှိသည်။ အစပထမသော် ဤမိသားစုသည် ပျော်ရွှင်ဖွယ်ကောင်း၏။

ထို့နောက် ဝန်ထောက်သည် အရက်သောက်တတ်လာသည်။ အရက်သောက်တတ်လာသဖြင့် အကျင့်စာရိတ္တ ပျက်စီးလာပြီး လာဘ်စားသည်။ လာဘ်စားသဖြင့် အလုပ်ပြုတ်ကာ ထောင်ကျသည်။ ဝန်ထောက်ကတော်နှင့် ကလေးနှစ်ဦးမှာ ပင်ပန်းဆင်းရဲစွာ အသက်မွေးကြရ၏။ ဝန်ထောက်ကတော်က မြေပဲလှော်သည်။

ကလေးများက စုတ်ပြတ်သော အဝတ်နွမ်းတို့ကိုဝတ်၍ မြေပဲလှော်ရောင်းရသည်။ တစ်နေ့သ၌ မြေပဲလှော်ရောင်းပြန်လာကြသော ကလေးများတို့အား လူကြီးတစ်ဦးက ပိုက်ဆံလိုက်လုသည်။ ကလေးသူငယ်နှစ်ဦးသည် ကြောက်အားလန့်အားဖြင့် ထွက်ပြေးကြရာ တောင်ကြားတစ်ခုထဲသို့ ရောက်သွားကြသည်။ တောင်ကြားတွင်း၌ အိတ်ကြီးတစ်အိတ်ကို တွေ့သဖြင့် မောင်နှမနှစ်ဦးသည် အိမ်သို့ ယူဆောင်သွားကြသည်။ မိခင်လုပ်သူက အိတ်ကြီးကို ဖွင့်ကြည့်သောအခါ ရွှေငွေရတနာများကို တွေ့ရသည်။ အကျင့်စာရိတ္တကောင်းသော မိခင်နှင့် ကလေးတို့မှာ ဘုရားသခင်၏ စောင်မမှုကြောင့် ချမ်းသာသွားကြသည်။

တစ်နေ့သ၌ ယင်းတို့အိမ်ရှေ့၌ သူတောင်းစားတစ်ဦးသည် လာရောက် တောင်းရမ်းသည်။

ကလေးများက သူတောင်းစားသည် မိမိတို့၏ ဖခင်နှင့် တူကြောင်း မိခင်ကို ပြောကြသည်။ မိခင်လုပ်သူက ထွက်ကြည့်သောအခါ သူတောင်းစားသည် အကယ်ပင် ၎င်းတို့ယောက်ျားဖြစ်နေသည်။ ထောင်မှထွက်ပြီးနောက် မိမိဘဝကို ရှက်သဖြင့် သူတောင်းစားလုပ်နေသော ဝန်ထောက်ဟောင်းပင်ဖြစ်၏။ ထိုအခါ အားလုံးပျော်ရွှင်စွာ ဇာတ်ပေါင်းကြလေသည်။

၎င်းပြဇာတ်၌ ကိုးတန်းကျောင်းသား ကိုအုန်းဖေကြီးက ဝန်ထောက်လုပ်သည်။ ရှစ်တန်းမှ ဖြူဖြူနွဲ့နွဲ့ကရင်ကပြားကျောင်းသားတစ်ဦးက မိန်းမလိုဝတ်ကာ ဝန်ထောက်ကတော် လုပ်ရသည်။

ထိုဇာတ်လမ်းကို ကျောင်းသူကျောင်းသားများနှင့် မြို့မိမြို့ဖများက အထူးကြိုက်ကြသည်။ အချို့မှာ ပြဇာတ်ကြည့်ရင်း မျက်ရည်ပင် ကျကြသည်ဆို၏။

သူတို့မျက်ရည်ကျသည်မှာ ဝန်ထောက်ဟောင်း၏ သားနှင့် သမီးတို့ အဝတ်စုတ်ကလေးများဝတ်ကာ မြေပဲလှော်ရောင်းသော အခန်း၌ ဖြစ်သည်ဆို၏။ တစ်နည်းဆိုသော် ပြဇာတ်မှ ကလေးငယ်နှစ်ဦးသည် ပရိသတ်အသည်းစွဲ ဖြစ်သွားသည်။

ပရိသတ်အသည်းစွဲဖြစ်သွားအောင် သရုပ်ဆောင်ကြသော ကလေးမကလေးနှင့် ကလေးမှာ အခြားသူမဟုတ်၊ ခိုင်နှင့် ကျွန်တော်သာပင် ဖြစ်ပေသည်။

ဤပြဇာတ်အပြီးတွင် ခိုင်နှင့် ကျွန်တော်သည် ကျောင်း၌ ပိုမိုထင်ရှားကျော်စောလာသည်။ ကျောင်းသူ ကျောင်းသားအများကလည်း အသိအမှတ်ပြုကြသည်။ ဆရာ၊ ဆရာမများကလည်း ဂရုစိုက်ကြသည်။

ထိုအချိန်အခါများသည် ခိုင်နှင့် ကျွန်တော်တို့အတွက် ပျော်ရွှင်စရာအကောင်းဆုံး အချိန်များဖြစ်သောကြောင့် နာဇီ ဂျာမနီအာဏာရှင် ဟစ်တလာကိုလည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကိုလည်းကောင်း အသိအမှတ်မပြုနိုင်ကြ။

ကျွန်တော်တို့ကသာ ကမ္ဘာစစ်ကြီးကို အသိအမှတ်မပြုသော်လည်း သန်လျင်မြို့တွင်း၌ပြောင်းလဲမှုများ ဖြစ်ပေါ်နေခဲ့ပြီ။

သန်လျင်မြို့တွင် မျက်နှာဖြူတပ်သားတို့ ဆိုက်ရောက်လာခြင်းကို တွေ့ရသည်။ သူတို့နှင့်အတူ ယခင်က ကြားသာကြားဖူး မမြင်ဖူးသော ချိန်းကြိုးတပ် တင့်ကားကြီးများလည်း ပါလာသည်ကို တွေ့ရသည်။

နံနက်ပိုင်းကောင်းကင်၌ အတောင်ပံနှစ်ထပ်ရှိသော လေယာဉ်ပျံတစ်စီး ပျံနေသည်ကိုလည်း မြင်ခဲ့ရသည်။

လူကြီးများ ပြောဆိုချက်အရ ဂျပန်သည် အင်္ဂလိပ်ကို တစ်နေ့၌ တိုက်လိမ့်မည်။ ဂျပန်က အင်္ဂလိပ်ကို တိုက်သောအခါ ဘီအိုစီကြီး ရှိသဖြင့် သန်လျင်မြို့သည် ရှေးဦးစွာ ဗုံးကြဲခံရမည်ဟု သိရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## အထက(ရွှေကျင်)အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး/ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေကြသော ဆရာကြီး/ဆရာမကြီးများ အပူဇော်ခံကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၉-၅-၂၀၁၅ရက်(စနေနေ့)
နေရာ - အထက(ရွှေကျင်)၊ ရွှေကျင်မြို့။

လှူဒါန်းလိုသူများဆက်သွယ်ရန်-

ကိုကျော်မင်းနိုင် ဖုန်း-၀၉-၅၄၅၅၆၆၇
ကိုအောင်ပြေငြိမ်း(ခ)ကိုထီလာ ဖုန်း-၀၉-၄၂၈၁၆၁၃၈၄
ကိုတင်ကိုကို(ခ)ကိုဂျလီဖိုး ဖုန်း-၀၉-၅၁၉၈၄၇၁
ကိုသန်းထိုက်အောင်(ခ)ကိုထိုက် ဖုန်း-၀၉-၄၂၈၁၄၅၁၈၉
ကိုအောင်မိုး ဖုန်း-၀၉-၄၂၈၁၆၁၂၈၈
ကိုကျော်စွယ်စုံ ဖုန်း-၀၉-၄၉၂၂၂၁၇၇၊ ၀၉-၂၅၀၉၀၉၉၉၃

## ရောင်းမည်

Bank, Hotel, Company, Store နှင့် အခြား စီးပွားရေးလုပ်ငန်းမျိုးစုံလုပ်ရန် နေရာအကောင်းဆုံးဖြစ်သည်။ (၄၀ပေ×၆၀ပေ)အတွင်း အသင့်နေထိုင်နိုင်သော (၂)ထပ် RC နှင့် ၃½ထပ် RC ၂လုံးပါရှိပြီး အိမ်ရှေ့ကားပါကင်ရှိသည်။ နှစ်(၆၀)ဂရန်၊ ရေ၊ မီး၊ ဖုန်း၊ Aircon

နန္ဒဝန်ဈေးနှင့် အင်းဝမှတ်တိုင်ကြား သုမင်္ဂလာလမ်းကြီးပေါ်၊ ဈေး၊ ကျောင်း၊ မှတ်တိုင်နီး

ဖုန်း-၀၉-၃၀၁၆၇၇၉၄၊ ၀၉-၉၇၄၀၉၃၇၇၇

## SUPER RICH MAN
Swimming Pool & Construction Company

ဝန်ထမ်းအလိုရှိသည်

၁။ Auto Cad (2D,3D) ကျား/မ(၂)ဦး
၂။ ရေပိုက်ကျွမ်းကျင် ကျား(၂)ဦး
၃။ Driver ကျား(၂)ဦး
(အရက်၊ ဆေးလိပ် ကင်းရှင်းရမည်။)
၄။ လုံခြုံရေး ကျား(၁)ဦး

အမှတ်(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ။
ဖုန်း - ၀၁-၄၀၁၅၁၈၊ ၀၁-၈၆၀၄၀၆၄။

## အဘိဓမ္မာသင်တန်းများဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇမ္ဗူအေးကျောင်းဝင်း၊ မြတ်မင်္ဂလာဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းနှင့် အဘိဓမ္မာသင်တန်းကျောင်း မဓာနနာယက ဆရာတော်အရှင်ဩဘာသ (သဒ္ဓမ္မဇောတိကဓဇ) (မဟာမင်္ဂလဓမ္မဇော်တိကဓဇ)၏ ဩဝါဒကို ခံယူလျက် မြတ်မင်္ဂလာအဘိဓမ္မာပြန့်ပွားရေးအဖွဲ့က ကြီးမှူး၍ (၁-၅-၂၀၁၅)ရက် သောကြာနေ့ မွန်းတည့် (၁၂း၀၀) နာရီတွင် သင်တန်းဖွင့်ပွဲ စတင်ပြုလုပ်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဓမ္မ ဒါနပို့ချမည် ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညို ပူဇော်နိုင်ပါသည်။

၁။ အဘိဓမ္မာ (ရိုးရိုး) သင်တန်း
(အပတ်စဉ်) စနေ၊ တနင်္ဂနွေ
မွန်းတည့် (၁၂း၀၀)နာရီမှ ညနေ (၃း၀၀)နာရီအထိ

၂။ အဘိဓမ္မာဂုဏ်ထူးဆောင် (ဋီကာကျော်) သင်တန်း
(အပတ်စဉ်) စနေ၊ တနင်္ဂနွေ
မွန်းတည့် (၁၂း၀၀)နာရီမှ ညနေ (၃း၀၀)နာရီအထိ

မြတ်မင်္ဂလာအဘိဓမ္မာပြန့်ပွားရေးအဖွဲ့

## သစ်လုံးခွဲမည်

Band Saw သစ်စက်ကြီးဖြင့် သစ်လုံးခွဲစိတ်ခြင်း၊ ဟိုတယ်၊ အဆင့်မြင့်အိမ်ရာများတွင်သုံးရန် သစ်များအက်ကွဲခြင်း၊ ကျုံ့ခြင်း၊ ကွေးခြင်း၊ လိမ်ကောက်ခြင်း၊ မူလသဘာဝအရောင်မပျက်အောင် ထိန်းသိမ်းခြင်း၊ မှိုတက်ခြင်းများ ကာကွယ်ရန်အတွက် သစ်ပေါင်းဖိုများဖြင့် အခြောက်ခံခြင်း၊ အဆင့်မြင့်သစ်အချောထည်များ ထုတ်လုပ်ပေးခြင်း၊ ပြည်တွင်းပြည်ပ ဈေးကွက်ရှာဖွေပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးပါမည်။

ဖုန်း-၀၉-၅၁၀၇၈၃၂၊ ၀၉-၈၆၃၅၇၆၆၊ ၀၉-၅၁၀၇၈၃၀၊ ၀၉-၅၁၀၇၈၂၃

## အလှပြင်သင်တန်း

ညှပ်နည်း၊ ကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spaနှင့် ဆံထုံး၊ မိတ်ကပ်၊ လက်သည်းပန်းချီ၊ ပန်းအလှပြင်အခြေခံနှင့် အထက်ပါဘာသာရပ်(၃၄)မျိုးကို အခြေခံမှစ၍ အဆင့်မြင့်အထိ သင်တန်းကြေး(နှစ်သိန်းခွဲ)နှင့် (၂)လအတတ်သင်ကြားပေးမည်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်း ဝယ်စရာမလိုပါ။ စက်ချုပ်ဘာသာစုံ အခြေခံမှစ၍ မိမိစိတ်ကြိုက်ဒီဇိုင်းထွင်၍ ချုပ်နိုင်သည်အထိ သင်တန်းကြေး(တစ်သိန်းခွဲ)နှင့် အတတ်သင်ကြားပေးမည်။ နယ်မှလာသူ အဆောင်စီစဉ်ပေးမည်။ ညအချိန်ပိုင်း သင်တန်းရှိသည်။

ဖုန်း-၀၉-၄၉၂၂၈၁၂၄၊ ၀၉-၂၆၁၂၁၈၇၁၃၊ ၀၉-၄၉၂၆၈၃၀၅

## သထုံမြို့ အထက(ခွဲ)၊ အလက(၁)BCကျောင်း၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

သထုံမြို့၊ အထက(ခွဲ)၊ အလက(၁)BCကျောင်းမှ အငြိမ်းစားယူသွားကြသော ဆရာ၊ ဆရာမများအား ကျေးဇူးဆပ်ပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ တပည့်များက လေးစားစွာ အသိပေးဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၅ ခုနှစ်၊ မေလ ၁၀ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၁း၀၀ နာရီ
နေရာ - အထက(ခွဲ)၊ အလက(၁)၊ ဉာဏ်ဝေယံခန်းမ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

## Yes!! English School

** Always say Yes!! to English. **

4 skill English classes

★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS,TOEFL, SAT

Starting On April 18,19,20,22,25,26,27,29.

၂၃၊ လှည်းတန်းလမ်းမ။ Ph : 01-511778 09-73033648




ဂျူးဝဲလ်ဟိုတယ်
မှ
အထူးသက်သာသော
နှုန်းထားများဖြင့်
ပြည်တွင်း/ပြည်ပ
ဧည့်သည်တော်ကြီးများကို
ကြိုဆိုလျက်ရှိပါသည်။

# ပခုက္ကူမြို့၌ လေပြင်းများတိုက်ခတ်မှုကြောင့် ကားပေါ်သစ်ပင်ပိ၍ပျက်စီးမှုများရှိ



**ပခုက္ကူ မေ ၂၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် မေ ၂၂ ရက် ညနေ ၄ နာရီခန့်က မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် လမ်းများပေါ်သို့ သစ်ပင်များပြိုလဲခြင်း၊ သစ်ကိုင်းများကျိုးကျခြင်းကြောင့် မီးကြိုး၊ ဖုန်းကြိုးများပြတ်တောက်ပြီး အမှတ် ၈ ရပ်ကွက် အာဇာနည်လမ်းတွင် သစ်ပင်ပြိုလဲ၍ ကားပေါ်တွင်ပိမိသဖြင့် အများပြည်သူများ ဝိုင်းဝန်းကူညီရှင်းလင်းပေးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညနေ ၄ နာရီခန့်တွင် အနောက်မြောက်အရပ်မှ ရုတ်တရက် မိုးသက်လေပြင်းများ ပြင်းထန်စွာတိုက်ခတ်မှုကြောင့် မြို့မလမ်း၊ ဗိုလ်ချုပ်လမ်းနှင့် မြိုင်လမ်း၊ ထင်းတန်းလမ်းများတွင် သစ်ပင်များ ကိုင်းများကျိုးကျခဲ့ပြီး မြို့မလမ်းတောင်ဘက် အမှတ် ၈ ရပ်ကွက် အာဇာနည်လမ်းပေါ်တွင် ပခုက္ကူမြို့ အမှတ် ၁၀ ရပ်ကွက် ရန်အောင်မြင်လမ်းနေ ဦးဌေးအောင်ကျော်မောင်းနှင်လာသော ALPHARD ယာဉ်ပေါ်သို့ လူခန္ဓာကိုယ်လုံးပတ်ခန့်ရှိ ထနောင်းပင် အမြစ်မှကျွတ်၍ ကားနောက်ပိုင်းပေါ်သို့ပိမိပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်သားများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်နှင့် ဖုန်းလိုင်းတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အနီးရှိလုပ်သားပြည်သူများက ကရိန်းကားအကူအညီဖြင့် ကားပေါ်တွင်ပိမိနေသော သစ်ပင်အား ဖယ်ရှားကာ ကျိုးကျသစ်ပင်အား ခုတ်ဖြတ်ရှင်းလင်းခြင်း၊ မီးကြိုး၊ ဖုန်းကြိုးများအား စနစ်တကျပြုပြင်ဆောင်ရွက်ခဲ့ကြရာ ညနေ ၆ နာရီခန့်တွင် အာဇာနည်လမ်းပေါ်သို့ ဖြတ်သန်းသွားလာနိုင်ကြကြောင်းနှင့် တစ်စုံတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

(၅၁၇)

## စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်

**ခင်ဦး မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် စည်ပုတ္တရာကျေးရွာအုပ်စု ပေကုန်းကျေးရွာ၌ မိုးပွင့်(အထူး)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားကို မေ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက အခြေခံပညာမူလတန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က မိုးပွင့်(အထူး)စီမံချက်ဆိုင်ရာ လုပ်ငန်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အသုံးဝင်ပုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ် လ. ဝ. က ဦးစီးမှူး ဦးစောဦးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားသူ ၁၄၇ ဦးအား စိစစ်ဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ ရွှေဘိုခရိုင် လ. ဝ. က ဦးစီးမှူး ဦးတင်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူစုစုပေါင်း ၂၅၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် အိမ်ခြံမြေနှင့် အထွေထွေ အကျိုးဆောင်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၅**

အိမ်ခြံမြေလုပ်ငန်းနှင့်ပတ်သက်ပြီး လေ့လာနိုင်ရန်အတွက် Capacity Development Institute of Myanmar ( TIPTOP) မှ အိမ်ခြံမြေနှင့် အထွေထွေအကျိုးဆောင်သင်တန်းကို မေ ၉ ရက်မှ ၃၁ ရက်ထိ ရန်ကုန်နှင့် မန္တလေးမြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက် ၉ နာရီမှ ၁၂ နာရီထိ သင်တန်းဖွင့်လှစ်သွားမည်ဖြစ်ပြီး အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်လိုသောသူများ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်များနှင့် အိမ်ခြံမြေဝယ်ရောင်းလုပ်ကိုင်နေကြသော စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူစေရန်နှင့် ဥပဒေပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် မြေအမျိုးအစားများ၊ ဂရန်သစ်အပါအဝင် မြေငှားဂရန်လျှောက်ထားမှု အဆင့်ဆင့်၊ ဂရန်၊ ဘိုးဘွားအမည်ပြောင်းနှင့် ဂရန်ဦးပိုင်ခွဲ၊ သက်တမ်းတိုးနှင့် မြေပုံ၊ မြေရာဇဝင်ရေးကူးခြင်းကိစ္စရပ်များ၊ မြေယာလုပ်ထုံးလုပ်နည်းများ၊ ရောင်းမှားဝယ်မှား မဖြစ်စေရေးနှင့် မြေအကြောင်း သိကောင်းစရာ ဗဟုသုတများ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခြင်းလုပ်ထုံးလုပ်နည်းများ၊ အိမ်ရှင်၊ အိမ်ငှားအကြောင်းသိကောင်းစရာများ၊ ရောင်း၊ ဝယ်၊ ငှား၊ ပေါင်နှံခြင်းဆိုင်ရာ သိကောင်းစရာများ၊ အိမ်ခြံမြေနှင့်ပတ်သက်သော တရားမမှုခင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ရုံးသုံးဆိုင်ရာ အခေါ်အဝေါ်များ၊ စီရင်ပိုင်ခွင့်အာဏာများ၊ စီရင်ထုံးများနှင့် ဗဟုသုတမှတ်သားစရာများ၊ စာချုပ်စာတမ်း (သို့မဟုတ်) ပဋိညာဉ်ပြုရာတွင်လိုအပ်သော အခြေခံဥပဒေများ၊ စာချုပ်ချုပ်ဆိုပုံများ အစရှိသည့်ဘာသာရပ်များကို ရန်ကုန်မြို့ ဥပဒေပညာရှင်ကြီးများဖြစ်ကြသော ဦးကျူးခေါင်၊ ဦးဌေးဝင်းနှင့် ဘဏ်ဥပဒေအကြံပေး ဦးရဲညွန့်တို့က စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။

တန်းခွဲတစ်ခုလျှင် လူဦးရေ ၂၀ သာလက်ခံမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းရန်နှင့် အသေးစိတ်အချက်အလက်များ မေးမြန်းရန် TTP TOP: CDIM ရန်ကုန်မြို့ အမှတ် ၁၃၃ (ဒုတိယထပ်) လမ်း ၃၀ (အလယ်)၊ ဖုန်း ၀၁ ၂၅၄၈၈၉၊ ၀၉-၇၃၀ ၅၀ ၃၇၀ နှင့် မန္တလေးမြို့ အမှတ် ၁၇၅ (ပထမထပ်) ၂၆(ဘီ)လမ်း ၈၀×၈၁ လမ်းကြား၊ ဖုန်း ၀၉ - ၉၁၀၀ ၁၈၁၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(၀၀၂)





ထူးချွန်
အခြေခံပညာအဋ္ဌမတန်း
တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စစ်ဆေးခဲ့သော မေးခွန်းဟောင်းများ
ပြည့်ဝကျော် စာပေ အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၃၈၅၃၉၆၊ ၀၉-၇၃၀ ၂၅၉၂၉

Total Skin Repair

ဝက်ခြံ၊ တင်းတိပ်၊ မဲ့ခြောက်၊ မျက်နှာအမာရွတ်၊ ချိုင့်ခွက်နှင့် အရေးကြောင်းများ ပြုပြင်ရေး Center

- ရန်ကုန်ဆိုင်ခွဲ(၁)။ ။ ဘုရင့်နောင်တာဝါ 2(A) လှည်းတန်း၊ Ph:01-532183, 09-2053186
- ရန်ကုန်ဆိုင်ခွဲ(၂)။ ။ ရွှေအုန်းပင် အိမ်ရာ(၂)၊ ရန်ကင်း၊ ရန်ရှင်းလမ်းမကြီး။ Ph:09-2000926
- ရန်ကုန်ဆိုင်ခွဲ(၃)။ ။ မြန်မာ့ဂုဏ်ရည်အိမ်ရာ ဝါဝါဝင်းကွန်ဒို၊ မောင်ဝိတ်ကွန်ဒိုနှင့် ကပ်လျက်၊ မင်္ဂလာတောင်ညွန့်။ Ph:01-393097,09-91019264
- ရန်ကုန်ဆိုင်ခွဲ(၄)။ ။ တိုက် 24(B)၊ အခန်း(002)၊ မြေညီထပ်၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်။ Ph:09-798807911, 798807912
- ရန်ကုန်ဆိုင်ခွဲ(၅)။ ။ အမှတ်(11)C၊ မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊ အထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်။ Ph:09-798734478, 258304048

မွေးသက္ကရာဇ်အမှန်

ဖားကန့်မြို့နယ်၊ အထက (ဆိပ်မူ)၊ အဋ္ဌမတန်းအောင် (ဘ) ဦးမခေါ်တူး၏ သမီး မယဉ်ယဉ်စု၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁၀-၂၀၀၃ ဖြစ်ပါသည်။

CNG ကားရောင်းမည်

Toyota Corona Premio
ကီလို-52 xxx
CNG- အသစ်၊ အိုးအသစ်
ကားကောင်းသည်၊ မခိုင်းရသေး(လုံး၀)။
Ph: 09-5066328, 01-9000860

အမည်ပြောင်း

အထက(၄) အလုံ၊ Grade-8 E ၌ ပညာသင်ကြားနေသော မမြတ်ကေခိုင်အား မမြကေခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မမြကေခိုင်



# ရမည်းသင်းမြို့ လူမှုထူးချွန်စာကြည့်တိုက်တွင် နွေရာသီ အခြေခံပန်းချီသင်တန်းဖွင့်



**ရမည်းသင်း မေ ၂၅**

ကျောင်းသား၊ ကျောင်းသူများ ကျောင်းသင်ဘာသာရပ်များတွင် အထောက်အကူဖြစ်စေရန်၊ စိတ်ကူးစိတ်သန်းများ ကောင်းမွန်၍ ပန်းချီပညာကို သိရှိခံစားနားလည်တတ်စေရန် ကျောင်းပိတ်သောနွေရာသီအချိန်ကို တန်ဖိုးရှိစွာအသုံးချ၍ အခြေခံပန်းချီပညာတတ်မြောက်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ လူမှုထူးချွန်စာကြည့်တိုက်တွင် နွေရာသီအခြေခံပန်းချီသင်တန်းကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်သင်ကြားပေးလျက်ရှိသော အခြေခံပန်းချီသင်တန်းမှာ ဒုတိယအကြိမ်မြောက်ဖြစ်သည်ဟု သိရပြီး လူမှုထူးချွန်စာကြည့်တိုက်ကော်မတီမှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ သင်တန်းတွင်တက်ရောက်သင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအား အငယ်တန်းအဆင့်၊ အကြီးတန်းအဆင့်ဟူ၍ အဆင့်နှစ်ဆင့်ခွဲကာ ပန်းချီပညာ၏ အခြေခံများနှင့်အတူ အလင်းအမှောင်၊ အရောင်အသွေး၊ အနီးအဝေး၊ အနုအရင့်၊ ကောက်ကြောင်း စသည်တို့ကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ အောက်ဒိုးပန်းချီဆွဲခြင်း၊ ပန်းချီပြိုင်ပွဲများပြုလုပ်ပေးမည်ဖြစ်သည်။

ရမည်းသင်းမြို့ လူမှုထူးချွန်စာကြည့်တိုက်က ကြီးမှူးဖွင့်လှစ်သော ယခုနှစ် နွေရာသီအခြေခံပန်းချီသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၂၀ ကျော် တက်ရောက်သင်ကြားလျက်ရှိပြီး ပန်းချီပညာရှင် ဦးဝင်းဇော်(ဘိုကလေး)နှင့် ပန်းချီ ဝါသနာရှင်များဖြစ်ကြသော ဒေါ်မိမိခင် (စူပါဝမ်း)၊ အတ်ကလေး (ရွှေပန်းချီ)၊ ဦးဇော်မင်းစိုး (စိန်လသာ)၊ မဂူးဂူးတို့မှ သင်ကြားပို့ချပေးကြပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်သည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# လူမှုကူညီရေးအသင်းမှ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**ပခုက္ကူ မေ ၂၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၁၂) ခန္တောတောရပ်ရှိ သုဂတိစေတနာလူမှုကူညီရေးအသင်းမှကြီးမှူး၍ ရပ်ကွက်တွင်းနေ လူငယ်များမှ ပရဟိတစိတ်ဓာတ်များ တိုးပွားလာပြီး လူမှုကူညီရေးလုပ်ငန်းများ ပါဝင်ပူးပေါင်းလာတတ်စေရန်၊ သက်ကြီးဘိုးဘွားများအား ဂါရဝတရားများဖြင့် အလေးထားပူဇော်ကန်တော့စေရန် ရည်ရွယ်၍ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို မေ ၂၂ ရက် နံနက် ၇ နာရီတွင် အမှတ်(၁၂) ရပ်ကွက် ခန္တောရပ်ကွက်ရှိ သုဂတိစေတနာလူမှုကူညီရေးအသင်းရုံး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် သုဂတိစေတနာလူမှုကူညီရေးအသင်း ပခုက္ကူ၏ ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းက အဖွင့်မှာစကားပြောကြားခဲ့ပြီး သုဂတိစေတနာလူငယ်စင်တာမှ ဒေါ်ခင်းစန်းဗိုလ်က သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းအခမ်းအနားတွင် သုဂတိလူငယ်လူမှုကူညီရေးအသင်း လူငယ်လေးများက သက်ကြီးဘိုးဘွား ၅၄ ဦးအား အလှူငွေများနှင့် ပူဇော်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ပခုက္ကူမြို့နယ် သုဂတိစေတနာ လူမှုကူညီရေးအသင်းသည် မြို့နယ်အတွင်းရှိ လူမှုရေးလုပ်ငန်းများ၊ ပခုက္ကူမြို့နေ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သောသွေးများကို လှူဒါန်းပေးလျက်ရှိပြီး လူငယ်များဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ လူ့အခွင့်အရေးဆိုင်ရာသင်တန်းများ၊ အခြေခံသတင်းရေးသားနည်းသင်တန်းများနှင့် ယာဉ်မောင်းသင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ရောင်းတန်းမဝင်ကြံဖြင့် ကြံရည်ရောင်းချ၍ ကြံစိုက်တောင်သူဝင်ငွေတိုး

**မြင်းခြံ မေ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်သည် စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ကြက်သွန်နီ၊ ငရုတ်၊ ဆေးရွက်ကြီး၊ ကုန်စိမ်းအမျိုးအစားဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုးသည့်အပြင် ကြံပင်များကို စိုက်ပျိုးသောတောင်သူများလည်းရှိရာ ကြံစိုက်တောင်သူများမှာ ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

မြင်းခြံမြို့မှ မန္တလေးမြို့သို့သွားသော ကားလမ်းမကြီးဘေးတစ်လျှောက်ရှိ လယ်သစ်၊ စံပြ၊ သစ်ပင်ရှည်၊ ခင်မကန် စသည့်ကျေးရွာများရှိ ကြံစိုက်တောင်သူအများစုသည် ထွက်ရှိသောကြံများကို မြင်းခြံမြို့နှင့် အခြားမြို့များသို့လည်း တင်ပို့ရောင်းချသကဲ့သို့ ကိုယ်တိုင်ကြံကြိတ်၍ ကြံရည်ရောင်းချခြင်းများလည်းရှိသည်။

ကြံစိုက်တောင်သူများကိုယ်တိုင် ကြံရည်ရောင်းချသောကြောင့် ကြံရည်တစ်ခွက်လျှင် ငွေ ၁၀၀ ကျပ်ဖြင့် ဈေးနှုန်းချိုသာစွာ ခရီးသွားပြည်သူများ၊ ဘုရားဖူးကားများ၊ မြင်းခြံမြို့ပေါ်မှလာရောက်ဝယ်သူများနှင့် စည်ကားစွာ လာရောက်သောက်သုံးကြသည်။ မြင်းခြံ-မန္တလေးကားလမ်းမဘေးရှိ ကြံရည်ဆိုင်တစ်ဆိုင်လျှင် တစ်နေ့ရောင်းရငွေသည် အနည်းဆုံးငွေကျပ် ၂၅၀၀၀ ကျပ်မှ ၃၅၀၀၀ ကျပ်အထိရောင်းချရကြောင်း သိရသည်။

ကြံစိုက်ပျိုးခြင်းအတွက် ကုန်ကျငွေနှင့် အမြတ်ငွေများကို ကြံစိုက်ပြီး ကြံရည်ရောင်းချသူတစ်ဦးက "ကြံတစ်ဧကစိုက်လျှင် ထွန်ယက်ခ၊ မျိုးဖိုး၊ ရေသွင်းရာတွင်အသုံးပြုသော စက်ဆီဖိုး၊ မြေသြဇာဖိုး၊ အလုပ်သမားခ စုစုပေါင်းငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျပြီး ထွက်ရှိလာတဲ့ ရောင်းတန်းဝင် ကြံတစ်ပင်ကိုငွေ ကျပ်၂၅၀ မှ ကျပ်၃၈၀ ခန့် ရောင်းချရပါတယ်။ တစ်ဧကလျှင် ကြံပင်ရောင်းရငွေ အနည်းဆုံးငွေကျပ် ၂၅၀၀၀၀၀ ကျပ်မှ ၃၂၀၀၀၀၀ အထိ ရရှိပါတယ်။ ရောင်းတန်းမဝင်သော သေးငယ်တဲ့ကြံတွေကို ကျွန်တော်တို့က ကြံရည်ကြိတ်ရောင်းတော့ အလေအလွင့်မရှိတော့ပါဘူး" ဟု ပြောသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကလေးမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွား

**ကလေး မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပျဉ်းခုံကြီးကျေးရွာအုပ်စု ဟံသာကျေးရွာတွင် မေ ၂၂ ရက် ညနေ ၄ နာရီခန့်တွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ အခြေခံပညာမူလတန်းကျောင်းရှိ သွပ်မိုးများလန်၍ ပျက်ဆီးခဲ့ကြောင်း သိရသည်။ အဆိုပါပျက်စီးမှုအခြေအနေများကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ခရိုင်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများနှင့်အတူ မေ ၂၃ ရက် ညနေပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သွပ်များအမိုးလန်ပျက်စီးသွားသည့် စာသင်ကျောင်းကို အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ကြရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် ၆ ပေသွပ် ၃၇ ချပ်၊ ၈ ပေသွပ် ၃၇ ချပ် စုစုပေါင်းသွပ် ၇၄ ချပ် ပျက်စီးကာ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၆ သိန်းကျော်ရှိပြီး လူနှင့်တိရစ္ဆာန်သေဆုံးမှုမရှိကြောင်း သိရသည်။

**ဂျိုးနက်**

ရွှေအိုးစည် 50% DISCOUNT ခရီးစဉ်
[အဆင့်မြင့်ဟိုတယ်တည်း၊ စားသောက်ဆိုင်ကောင်း၊ သောကြာညထွက်-တနင်္လာနံနက်ပြန်ရောက်/ရုံးခွင့်ယူရန်မလို]
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ဇွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်) 60000/-
■မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ဗွားလပို့တောင် April 24, 30
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၄)ရက်
၂၅၅ပန်းဆိုးတန်းလမ်း၊ အထက်လမ်း၊ ရန်ကုန်မြို့။ 373275, 708342, 0949219404

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
ပုဇွန်တောင်ဘူတာနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း
အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မြန်မာ့မီးရထားပိုင်မြေပေါ်တွင် မြေနေရာငှားရမ်းပြီး ရထားလုပ်ငန်းနှင့် ဆက်စပ်သော ယာဉ်ရပ်နားရန်နေရာများပါဝင်သည့် စီးပွားရေးအဆောက်အအုံများအား BOT စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ပူးပေါင်းပါဝင်သောကုမ္ပဏီ (Consortium) များမှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

တည်နေရာ - ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီးဘေးနှင့် ပုဇွန်တောင်ဘူတာယာဒ်ဝင်း၊ အုတ်တံတိုင်းကြား၊ တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းနေရာ

မြေဧရိယာ - (၂.၇၃) ဧကခန့်

၂။ တင်ဒါပုံစံများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့တွင် ငွေကျပ် (၅၀၀,၀၀၀)(ကျပ် ငါးသိန်းတိတိ) ဖြင့် ၂၇-၄-၂၀၁၅ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၇-၇-၂၀၁၅ ရက်နေ့၊ (၁၄:၀၀) နာရီနောက်ဆုံးထား၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ ထောက်ပံ့ဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါဆိုင်ရာအချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ(အောက်မြန်မာပြည်)ရုံး၊ ဖုန်းနံပါတ် ၀၁- ၂၉၈၅၉၄၊ ၀၁- ၂၀၂၄၁၉ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ e-mail လိပ်စာ pzdg.mr2015@gmail.com သို့လည်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
သရုပ်ဆောင်သင်တန်း

သင်တန်းတက်ရောက်လိုသူများ သင်တန်းဝင်ခွင့် ပုံစံကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပုံစံ(၁)စောင် ၁၀၀၀ိ/- (ကျပ်တစ်ထောင်)တိတိဖြင့် ဝယ်ယူလျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၁၀-၅-၂၀၁၅ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားတင်ပါရန်။
အမှတ်(၁၆)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၅၄၄၂၇၀၊ ၅၄၄၂၇၁

လုပအေးချမ်း
ထွက်ပြီ
"ဝ"တောင်တန်းမှာ-ခုနစ်-နှစ်ကြာ
ပန်းတနော်...ခင်မောင်မြင့်
- ဗမာပြည် ကွန်မြူနစ်ပါတီ၏ နောက်ဆုံးနေ့များ
- "ဝ"တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုများ
- ဇွန်ပန်းမွှေးမွှေးစာပေတိုက်မှ ထုတ်ဝေသည်။
တစ်ပြည်လုံးဖြန့်ချိရေး မျိုးဆက်သစ်စာပေ၊ ဖုန်း-၀၉-၄၂၀၀၈၃၆၈၈၊ ၀၉-၄၂၀၀၂၂၂၉၆၂

ဖတ်စရာ

# အပူအပင်ကင်းစေသော မန်ကျည်းသီးမှည့်လေးများ

**ဇေယျာတု(မကွေး)**

မိသားစုကိုးကွယ်သော ဆရာတော်ကျောင်းမှ ဘုရားကြေးဆင်းတုတော်မှာ ရွှေရောင်ဝင်းအိနေပြီး ကျွန်တော့်အိမ်မှ ဘုရားကြေးဆင်းတုတော်များကို ဘရာဆိုကြေးတိုက်ဆေးနှင့် မည်မျှပင်သပ္ပာယ်ဆေးကြောစေကာမူ ပြောင်လက်လာသော်လည်း ရွှေရောင်ဝင်းအိနေခြင်းမရှိသောကြောင့် သဒ္ဓါဆန္ဒတစ်ခုမပြည့်ဝဘဲဖြစ်ခဲ့ရဖူးသည်။ မိခင်ဖြစ်သူက မန်ကျည်းသီးမှည့်က ကြေးအရောင်ကိုရွှေလိုဝင်းအောင်လုပ်ပေးနိုင်တယ်ပြော၍ စမ်းကြည့်ရာ မပြည့်ဝခဲ့သော သဒ္ဓါစိတ်အလိုများပြည့်၍ အိမ်တွင်ဆင်းတုတော်များအား ရွှေအဆင်းဖြင့် ကြည်ညိုမဆုံး အမြဲဖူးခွင့်ရခဲ့သည်။

ထိုအချိန်မှစ၍ အမှတ်တမဲ့နေခဲ့သော မန်ကျည်းပင်၊ မန်ကျည်းသီးတို့၏ ဂုဏ်သတ္တိများကို အရင်ကထက် ပိုတန်ဖိုးထားလာခဲ့မိသည်။ အိမ်မှ အသက် ၉၀ ကျော်အဖွားသည် မန်ကျည်းဖျော်ရည်ကို မကြာခဏသောက်သူဖြစ်ပြီး မန်ကျည်းသီးမှည့်ရည်ဖြင့် ခေါင်းလျှော်ရေချိုးလေ့ရှိသူ၊ ဘယ်သောအခါမှ ဝမ်းနုတ်ဆေးစားလေ့မရှိသူ၊ ဖုန်ထူနေပူသော နွေကာလများတွင် မန်ကျည်းခေါက်လေးသွေးလိမ်းတတ်သူဖြစ်ကြောင်းတွေးကာ သတိထားမိလာသည်။ ငယ်စဉ်က ကျွန်တော်ကင်းကိုက်ခံရစဉ် မန်ကျည်းသီးစေ့ကို ထက်ခြမ်းခွဲပြီး အဆိပ်ပြေအောင် အမေကပ်ပေးခဲ့သည်ကို သတိရလာသည်။

အရိပ်အာဝါသကောင်းပုံကို 'နွေထနောင်း၊ ဆောင်းမန်ကျီး' ဟုလည်း မှတ်သားခဲ့ရဖူးသည်။ ကဗျာလင်္ကာ သီကုံးစပ်ဆိုရာတွင် ကာရန်သွားများစိပ်နေသည်ကို 'မန်ကျည်းရွက်ထပ်ကာရန်' ဟုလည်း သင်ကြားဖူးခဲ့သည်။ ငယ်စဉ်ကလေးဘဝက မန်ကျည်းရွက်နုလေးများခူး၍ အဝတ်ဖြင့်ထုတ်ပြီး မြေကျင်းလေးထဲတူးမြှုပ်ကာ ဘုတ်ကလေး ဆီဆမ်းကစားတမ်းဆော့ခဲ့ကြသည်ကိုလည်း မြင်ယောင်မိသည်။ ထိုအကြောင်းများကြောင့်လည်း မန်ကျည်းပင်ကို နှစ်သက်လာသကဲ့သို့ မန်ကျည်းသီးမှည့်လေးများအကြောင်းကို ဖတ်မှတ်လေ့လာဖြစ်ခဲ့သည်ဟု ဆိုရပါလိမ့်မည်။

မန်ကျည်းသီးမှည့်သည် အေး၍ပွင့်သောသတ္တိရှိပြီး အပူကိုအကြောင်းခံ၍ဖြစ်သော ရောဂါများ၊ အပူလွန်နာများအတွက် အားကိုးအားထားပြုအပ်သော ဆေးဘက်ဝင်အစာအာဟာရတစ်ခုဖြစ်သည်။ သဘာဝအလျောက် ပေါက်တတ်သောအပင်မျိုးဖြစ်၍ နေရာမရွေး၊ အချိန်မရွေး ရှာဖွေရလွယ်ကူလှသည်။

ထန်းလျက်နှင့်ဖျော်ထားသော မန်ကျည်းဖျော်ရည်ကို မနက်တစ်ခွက်၊ ညတစ်ခွက် ပုံမှန်သောက်သုံးခြင်းဖြင့် အပူချိန်လွန်ကဲမှုမှတစ်ဆင့်ဖြစ်ပွားသော ခန္ဓာကိုယ်အတွင်းရောဂါများ၊ အစာအိမ်ရောဂါများကို ခွဲစိတ်ကုသရသည်အထိဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သည်။ဆီး၊ ဝမ်း၊ သွေး၊ လေမှန်၍ ကျန်းမာရေးအတွက် အထိရောက်ဆုံးသော ကာကွယ်ကုသခြင်းလည်းဖြစ်သည်။ ရောဂါမရှိသူများ သောက်သုံးပါက ကိုယ်ခံစွမ်းအားမြင့်မားလာပြီး သာမန်နာစေး၊ ချောင်းဆိုး ဥတုရာသီဖျားမှစ၍ အခြားကူးစက်ရောဂါများကို အလိုအလျောက် ကာကွယ်ပြီးဖြစ်သည်။

မန်ကျည်းသီးမှည့်ဖြင့် တစ်ပတ်သုံးကြိမ်ခန့်ရေချိုးပေးပါက ပေါ့ပါးသွက်လက်သောခန္ဓာကိုယ်နှင့် စိတ်အခြေအနေကို နေ့စဉ်ပိုင်ဆိုင်နိုင်ကြောင်း မိရိုးဖလာလက်ဆင့်ကမ်းဗဟုသုတများအရ လက်တွေ့လိုက်နာကျင့်သုံးနေသူများလည်းရှိသည်။ အကျိုးထူးများခံစားနေရကြောင်းလည်း ကြားသိရသည်။ အသုံးပြုရေချိုးနည်းမှာ ရေချိုးခါနီး ရေဝဝသောက်၍ သောက်ထားသည့်ရေအား ဆီးသွားသည်အထိစောင့်၍ ဆီးသွားပြီးလျှင် လေလုံသောနေရာ၌ မန်ကျည်းသီးမှည့်အား မပျစ်မကျဲရေဖျော်ကာ တစ်ကိုယ်လုံးနေရာလပ်မကျန်လိမ်းရပါမည်။ ခြေဖဝါး၊ လက်ဖဝါးများအား ရေဆွတ်၍ အိမ်သုံးဆား စတီးဇွန်းတစ်ဇွန်းခန့်စီကို ဘယ်ခြေညာလက်၊ ညာခြေဘယ်လက်အသုံးပြုပြီး နှစ်မိနစ်ကြာ (အကြိမ် ၆၀ စီ) ဒေါင့်တန်းပွတ်တိုက်ပေးရမည်။ ငါးမိနစ်ကျော်ခန့် ခေတ္တစောင့်ပြီး ရေချိုးရမည်။

မန်ကျည်းသီးမှည့်ရည်လိမ်းခြင်း၊ ဆားပွတ်ပေးခြင်းကြောင့် ခန္ဓာကိုယ်တွင်း လူကိုဒုက္ခဖြစ်စေသော အပူ၊ အပုပ်၊ အခိုးဓာတ်များ ကိုယ်တွင်းမှထွက်လာပြီး ခေတ္တစောင့်ကာ ရေချိုးပေးခြင်းကြောင့် အရေပြားမှတစ်ဆင့် အစုလိုက်၊ အပြုံလိုက် ထွက်ခွင့်ရပြီး ခန္ဓာ၊ ကိုယ်၊ စိတ် သန့်ရှင်းစင်ကြယ်ခြင်းကို ပြည့်ဝစွာရရှိနိုင်လေသည်။ အပူဓာတ်ခံအားကြီးသူများ ရေချိုးပြီးပြီးချင်း ရုတ်တရက်ကိုယ်ပူတတ်သကဲ့သို့ဖြစ်နိုင်သော်လည်း နေ့စဉ်သုံးရက်ခန့်ရေချိုးပေးပါက အပူငြိမ်းပြီး ပုံမှန်ရေချိုးရသကဲ့သို့ ပြန်ဖြစ်စေသည်။ တစ်ပတ်သုံးကြိမ်ဟု ဆိုသော်လည်း နေ့စဉ်ထိုနည်းအတိုင်း ရေချိုးပေးပါက နွေပူပူ၊ လေပူပူအောက်မှာပင် အေးမြသောအသားအရေနှင့် ခံစားမှုကို ရရှိနိုင်ပါလိမ့်မည်။

ပွေး၊ ဝဲ၊ ဒက်၊ ညှင်း၊ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်၊ အနာစက်၊ အနာစို၊ အနာစိမ်း၊ အနာလုံးနှင့် အဖုအကျိတ်အမျိုးမျိုး၊ ယားနာအမျိုးမျိုး၊ အသက် ၄၀ ဝန်းကျင်ခန့်တွင် စ၍ထွက်တတ်သော အသားပိုအသီးလေးများနှင့် ကြွက်နို့၊ ငါးမျက်စိ၊ အသားမာများကိုလည်းကောင်း၊ ပုရွက်ဆိတ်၊ ဂျပိုး၊ ခူကောင်၊ ဘောက်ဖတ်နှင့် ကင်းအမျိုးမျိုးတို့၏ အဆိပ်ကြောင့်ဖြစ်တတ်သော ယားယံရောင်ရမ်းခြင်း၊ အဖုအပိမ့်ထွက်ခြင်းများအားလည်းကောင်း မန်ကျည်းသီးမှည့်ရည်ဖြင့် ဆေးကြောပြီး ကွမ်းသီးစိမ်းနုအားသွေးလိမ်းပေးပါက သက်သာပျောက်ကင်းစေသည်။ အနာစိမ်းနှင့် အနာလုံးအဖုအကျိတ်များကြီးပါက အနာထိပ်နေရာအားချန်၍ မန်ကျီးသီးမှည့်ဖြင့် ပွတ်လိမ်းပြီး ငုခေါက်ကို မန်ကျီးအပေါ်ရည်ဖြင့် သွေးလိမ်းပေးပါကလည်း ပျောက်ကင်းနိုင်ပြီး နုလျှင်ပိန်ကာ၊ ရင့်လျှင်ပေါက်တတ်သည့် သဘောရှိသည်။

ဦးရေပူခြင်း၊ ဘောက်ထခြင်း၊ ဦးခေါင်းချွေးထွက်ခြင်း၊ ဆံပင်အဖျားများနှစ်ခြမ်းကွဲခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ဦးခေါင်းယားယံနံစော်ခြင်းများ ပျောက်ကင်းလိုပါက မန်ကျည်းဖျော်ရည်ဖြင့် စနစ်တကျရေချိုးပြီးလျှင် အနယ်နှင့်အဖတ်များစစ်ထားသော မန်ကျည်းရည်ကျဲကျဲဖြင့် ဆံပင်အရင်းသို့စိမ့်ဝင်အောင် ဖြည်းဖြည်းချင်းပွတ်ပေးရမည်။ ငါးမိနစ်ခန့်ပွတ်တိုက်ပြီးပါက မိမိနှစ်သက်ရာခေါင်းလျှော်ရည်(သို့)တယော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပေးရမည်။ တယော်ကင်ပွန်းရည်က ပိုမိုအကျိုးသက်ရောက်မှု မြန်ဆန်သည်။

နှာခေါင်းအနံ့ခံ့ချို့တဲ့သူများအနေဖြင့် မန်ကျည်းရည်မပြစ်မကြဲအား နဖူးနှင့်နှာခေါင်းပေါ်တွင် ညအိပ်ယာဝင်ကာနီးတိုင်း လိမ်းပေးခြင်း၊ မန်ကျည်းရေရှူပေးခြင်းများလုပ်ပေးပါက လပိုင်းအတွင်း အနံ့အာရုံထက်မြက်လာစေလိမ့်မည်။ အဆစ်အမြစ်ရောင်ခြင်း၊ ကိုက်ခဲခြင်း၊ အကြောတက်ခြင်းများအတွက် မန်ကျည်းသီးမှည့်ရေကျဲကျဲ မကြာခဏပွတ်လိမ်းခြင်းဖြင့်လည်း သက်သာပျောက်ကင်းစေသည်။

မန်ကျည်းသီးမှည့်မှာ ကွမ်းရွက်ကဲ့သို့ပင် ဉာဏ်ရှိသရွေ့သုံးနိုင်သော ဘက်စုံသုံးနတ်ဆေးတစ်ပါးဟုပင် ဆိုရပေလိမ့်မည်။ မန်ကျည်းရွက်ချဉ်ရည်ဟင်းကလည်း ခံတွင်းမြိန်စရာကောင်းလှသည်။ မန်ကျည်းသား စဉ်းနှီးတုံးလေးများကလည်း အိမ်အများစု၏ မီးဖိုချောင်တွင် နေရာယူထားနေဆဲဖြစ်သည်။ မန်ကျည်းတော်ဖီနှင့် မန်ကျည်းသီးမှည့်ဖြင့် လုပ်ထားသောမုန့်လေးများကိုလည်း မုန့်ဆိုင်များတွင် တွေ့ရလိမ့်မည်။ ကျွန်တော့်အိမ်၌ ကလေးများ နွေရာသီတွင် မိတ်ထွက်၍ ယားယံနေလျှင်လိမ်းရန် မန်ကျည်းခေါက်လေးက သနပ်ခါးခြင်းတောင်းထဲတွင် နေရာယူထားသည်။

နတ်မောက်နယ်ဇာတိအဖွားက မန်ကျည်းသီးစိမ်းချက်ချက်ပေးဖို့ မကြာခဏ အမေ့ကိုခိုင်းတတ်ပြီး ကျွန်တော်တို့ မောင်နှမများမှာ ကြက်ဥပြုတ်လေးစိတ်ခြမ်းထည့်ထားသော မန်ကျည်းသီးမှည့်ချက်ကို အလွန်ကြိုက်ခဲ့သည်။ လူငယ်ဘဝဖြတ်သန်းခဲ့ရစဉ်က 'မိန်းမမာယာသဲကိုးဖြာ' ဟု ရွယ်တူမိန်းကလေးများကို မခံချင်အောင်ပြောမိလေတိုင်း 'ယောကျ်ားမာယာကလည်း မန်ကျည်းကိုးပင်' ဟု မာယာများပုံကို မန်ကျည်းရွက်လေးများနှင့် ခိုင်းနှိုင်းပြော၍ တုံ့ပြန်တတ်ကြပုံကို မှတ်မိနေသေးသည်။ မန်ကျည်းပင်၏ ကိုင်းများမှာ ခိုင်မာသောအမျှင်များဖြင့် ဖုံးအုပ်ဖွဲ့စည်းထားဟန်ရှိပြီး 'မန်ကျီးတစ်ညို့ လူတစ်ခို' ဟုလည်း ကြားဖူးနားဝရှိခဲ့ဖူးသည်။

မန်ကျည်းသီးမှည့်သည် အပူဒဏ်ကိုကောင်းစွာခံနိုင်ပြီး ချဉ်သောသတ္တိရှိသည့် အသီးများတွင် အပူဒဏ်ကို လုံးဝမမှုသည့်အသီးဖြစ်ကြောင်း တွေ့ရသည်။ သံပရာသီးတစ်လုံးနှင့် ရွယ်တူ၊ အလေးချိန်တူ မန်ကျည်းသီးမှည့်တစ်လုံးတို့အား နေပူပူရှိ သံပြားပေါ်တွင် ပြိုင်တူချ၍ထားကြည့်ပါက တစ်ပတ်ခန့်ကြာသော် သံပရာသီးမှာ ပိန်လိန်ရှုံ့တွသွားသော်လည်း မန်ကျည်းသီးအမှည့်အလုံးမှာ ထူးခြားသောပြောင်းလဲမှုမရှိကြောင်း တွေ့ရပေလိမ့်မည်။ ခန္ဓာကိုယ်အပူများကို အံတုနိုင်သောအသီးဖြစ်ကြောင်းကိုကား ယုံမှားသံသယဖြစ်ဖွယ် မမြင်ပေ။

ကျွန်တော်သိသော မန်ကျည်းသီးမှည့်အကြောင်းများက နည်းလွန်းလှသည်။ သို့သော် လူသားတစ်ဦး၏ ကိုယ်တွင်းကိုယ်ပအပူဟူသမျှကို နိုင်နင်းသောအရာဟူ၍လည်းကောင်း၊ မြတ်ဘုရား၏ ရွှေအဆင်းမျက်နှာတော်ကို ဖူးတွေ့ခွင့်ရ၍ သောကအပူမီးများကို ငြိမ်းအေးစေတတ်သော အရာဟူ၍လည်းကောင်း ကျွန်တော်သိသည်။ ကျွန်တော့်အဖို့ အပူအပင်ကင်းစေသော မန်ကျည်းသီးမှည့်လေးများ ရှိကြောင်း လောကနှင့်လူ့ပတ်ဝန်းကျင်မှ သင်ကြားခွင့်ရခဲ့ပြီ ဖြစ်သည်။


## ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဆိုင်းဘုတ်များကို သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျ စိုက်ထူထားရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ထူထားပြီး ကြော်ငြာဆိုင်းဘုတ်များထဲမှ ထပ်မံအငှားချထားရန်ရှိသော ကြော်ငြာဆိုင်းဘုတ်များအား လုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက ၂၇-၄-၂၀၁၅ ရက်မှ ၆-၅-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ လုပ်ငန်းရေးရာဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင်လာရောက်ဆက်သွယ်၍ အသေးစိတ် စုံစမ်းလျှောက်ထားနိုင်ကြောင်းနှင့် ကြော်ငြာဆိုင်းဘုတ်အရေအတွက်နှင့် နေရာဖော်ပြချက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ Website(www.ycdc.gov.mm)၊ စီမံရေးရာဌာန (Home Page)နှင့် စီမံရေးရာဌာန၊ ကြော်ငြာသင်ပုန်းတွင် ကြည့်ရှုနိုင်ပါကြောင်းအသိပေးအပ်ပါသည်။

စီမံရေးရာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"CNG TAXI ရောင်းမည်"
Toyota Corolla Van (2001), CNG (70L)
Ph : 09-5174219

၉/၁၀တန်း
(Teaching Guide)
(Phys:,Chem:,Maths) အိမ်လိုက်သင်သည်။
Ph: 09-73047267, 09-798479259

ရောင်းမည်
အထည်ချုပ်လုပ်ငန်းသုံး(သို့) အိမ်သုံးအပ်ချုပ်စက်ကောင်းကောင်းရှာနေပါသလား---
Brother တံဆိပ်ရိုးရိုးဆင်းဂါးမော်တာ အပ်ချုပ်စက် လက်လီလက်ကား ရောင်းရန်ရှိ သည်။ ပစ္စည်းစုံပါသည်။
အသင့်သုံးအနေအထားရမည်။ အရည်အသွေးကောင်းသည်။
ဆက်သွယ်ရန်ဖုန်း-09-73041174, 09-73159330

မီးသတိပြု

**Senorita Fashion Class (M~S)**
Fashion Design များကို Japan Centimeter နည်းဖြင့်ကိုယ်တိုင် ဆိုင်ဖွင့်နိုင်ရန် အခြေခံမှစ၍ နောက်ဆုံးပေါ် Design များအထိ တတ်မြောက်အောင် သင်ကြားပေးနေပါသည်။ **9-5-2015** သင်တန်းဖွင့်မည်။
**Ph: 09-450042142, 09-972182114**
No.(110), 27 လမ်း၊ ဒုတိယထပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

သင်္ကြန်ပြီးဆန်ပို့ပါပြီ

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေးအား ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များအတွက် သင်္ကြန်ပြီး ဆန်ပို့ပါပြီ။
09 4333 4111 ☎ 01-682844
09 4333 4222 ☎ 01-682944

**သုခဆည်းဆာပုဂ္ဂလိက ဘိုးဘွားရိပ်သာ(၂)**
လူကြီးမင်းတို့ အလုပ်လုပ်နေတဲ့အချိန်များနဲ့ ခရီးသွားနေတဲ့ အချိန်တွေမှာ လူကြီးမင်းတို့ကိုယ်စား ဘိုးဘွား၊ မိဘများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ပြီး၊ ယုံကြည်စိတ်ချစွာ ခေတ္တအပ်နှံထားနိုင်တဲ့ နေရာလေးတစ်ခုရှိပါတယ်ရှင်၊ အဲ့ဒီနေရာကတော့ သုခဆည်းဆာပုဂ္ဂလိက ဘိုးဘွားရိပ်သာပဲ ဖြစ်ပါတယ်ရှင်။
ဖုန်း-၀၁-၅၆၃၃၉၀၊ ၀၉-၃၁၀၃၅၁၁၆၊ ၀၉-၂၅၁၁၅၉၈၈၄
လိပ်စာ - အမှတ် (၂၃၃/၁)၊ ဒေါင်းမင်းလမ်း၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

MYANMAR INSTITUTE OF EDUCATION
GATEWAY TO SUCCESS
**MBA** **PhD**
MAY INTAKE IS NOW OPEN FOR REGISTRATION!
CALL US FOR MORE INFORMATION!
01667009
09254045682
09972656540

MBA:
- ၁၈ လ သင်တန်း
- ဘွဲ့တစ်ခုခု ရရှိထားသူ (သို့) အသက် ၃၅နှစ်ပြည့်ပြီး အလုပ်အကိုင်အတွေ့အကြုံရှိသူ
- သင်တန်းပြီးဆုံးပါကAeUမှ ပေးအပ်သော ဘွဲ့လက်မှတ်ကို ရရှိပါမည်။

PhD:
- ၃နှစ် (Research Base)
- MA/MBA ဘွဲ့တစ်ခုခုရရှိထားသူ၊ အလုပ်အကိုင်အတွေ့အကြုံရှိသူ
- သင်တန်းပြီးဆုံးပါက AeU မှ ပေးအပ်သော ဘွဲ့လက်မှတ်ကို ရရှိပါမည်။

Email Us at: info@myanmarinstituteofeducation.com
In collaboration with Asia E University, Malaysia.
AeU asiaeuniversity

# IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

**ENGLISH Language** | **AutoCAD - 3ds Max** | **VIDEO EDITING** | **Computer Basic** | **LCCI I-II**



**MOBILE PHONE** မိုဘိုင်းဖုန်းအထူးပြုပြင်သင်တန်း Software + Hardware

**DESKTOP PUBLISHING** | **Service Technician** | **GRAPHIC DESIGN**

HOT LINE - 0949290778, 395353, 253293

10%OFF

---

ဆရာကြီး ဦးထူးအောင် တည်ထောင်အုပ်ချုပ်၍ အင်္ဂလိပ်စာ ဆရာမဒေါ်ခင်ဦးသာ (B.E) ဦးစီးသင်ကြားသည်၊

မြမြင်းမိုရ်ဘော်ဒါကျောင်းသားတို့ ၁၉၉၄၊ ၉၅၊ ၉၆၊ ၉၇... ၂၀၀၄ စတဲ့ နှစ်စဉ်...နှစ်စဉ် အောင်မြင်ထူးချွန်သူများ နှင့် ၂၀၁၅ စာမေးပွဲကြီးမေးခွန်း ၆ - လွှာကို သက်သေသက်သာ ဖြေဆိုနိုင်ကြခြင်း ဂုဏ်သတင်းက တမဟုတ်ချင်း ပြန့်ကာ နေရာစုံမှာ ကျယ်လောင်စွာ မြည်ဟိန်းလာပြီး၊ တိုက်တွန်းတောင်းဆိုမှုများ ကြီးထွားများပြားလာ၍ နဂိုမူရင်းစခန်းသွင်းလေ့ကျင့်ခြင်းအပြင်...

# မြမြင်းမိုရ်

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ၂၁-နှစ်ပြည့် ဘော်ဒါ

ကိုပါ တိုးချဲ့ဖွင့်လှစ်လိုက်ပါပြီ

ခြံအမှတ် (၈၅-B) ပတ္တမြားနှင်းဆီလမ်း၊ ရွှေပင်လုံအဆင့်မြင့်အိမ်ရာ၊ အပိုင်း (၃)၊ Rose Park-3၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) နှင့် တောင်ဥက္ကလာ၊ လမ်းမတော်မြို့နယ်၊ 09-73238230, 09-5160046, 09-36193766

ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်မှတ်ပုံတင်အမှတ်(ကက-၁၃/၁၉/၀၂၉)

၈၆၊ ၈၇၊ ၈၈၊ ၁၀ တန်းနှင့် တက္ကသိုလ်ဝင်တန်း

# တက္ကသိုလ်ဝင်တန်း နှင့် အငှမတန်း (ဂုဏ်ထူးရအာမခံ) ပိုင်း

ဤကြော်ငြာဖတ်ပြီးပြီးချင်း စဉ်းစားသုံးသပ်ဆုံးဖြတ်၍ အမြန်ပြေးအပ်မှ စိတ်ချရလိမ့်မည်၊

- ဘာသာရပ်ဆိုင်ရာ စိတ်အချရဆုံး၊ အသေချာဆုံး၊ ပါမောက္ခ(ငြိမ်း)၊ Ph.D,M.Sc,B.Com,B.Ed,M.A,B.A,B.Sc ဘွဲ့ရဆရာ၊ ဆရာမများနဲ့ အဆင့်အတန်း၊ မြင့်မြင့်မားမား၊ လေ့ကျင့်မှု၊ အားကောင်းကောင်း၊ ကျောင်းနှင့်တူသောဗိုင်း၊ ဗိုင်းနှင့်တူသောကျောင်း၊ အကောင်းဆုံးအစီအမံများ၊ အားထားလောက်ဖွယ်သင်နည်းမှတ်စုများဖြင့်ပြီးပြည့်စုံစေရမည်၊ စိတ်ချ၊
- စည်းကမ်းလိုက်နာ လေ့ကျင့်ပါလျှင် အောင်မြင်ရမည်၊ ထူးချွန်ရမည်၊ ယုံကြည်စွာတက်၊ အခက်ပြေမည်၊ စိတ်ချ၊
- မြမြင်းမိုရ်၏ စနစ်စည်းကမ်းအတွင်း ကစနစ်မှန်တပည့်အားလုံး၊ အောင်မြင်ကြသည်၊ (၁၀၀%) ဂုဏ်ထူး (၈၀%)

၂၁ - နှစ်တိုင်တိုင် ဂုဏ်ထူးရှင်များပေါ်ထွက်ခဲ့တဲ့ အစဉ်အလာ ကောင်း၊ ထိန်းချင်လို့ (၁၀)ဦးပိုင်း၊ (၁၅)ဦးပိုင်း၊ နှင့် စခန်းသွင်းလေ့ကျင့်ဘော်ဒါ
- စာသင်ခန်း၊ အိပ်ခန်းများ၊ တွင်ပန်ကာ၊ Air con တပ်ဆင်ထားရှိပါသည်၊
- ဧပြီလ(၂၇)ရက်နှင့်မေလ(၃)ရက်တန်းခွဲသစ်များ စဖွင့်မည်၊

---

# ပညာရေးရှင်းလင်းပွဲဖိတ်ကြားလွှာ

ပြောင်းလဲတိုးတက်နေပြီဖြစ်သော အနာဂတ်မြန်မာနိုင်ငံမှ ရင်သွေးငယ်လေးများ၏ ဘဝခိုင်မာမှုအတွက် ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်နိုင်ရန် ပညာရေးရှင်းလင်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် ■ ၂-၅-၂၀၁၅ (စနေနေ့) | နေ့ရက် ■ ၃-၅-၂၀၁၅ (တနင်္ဂနွေနေ့) | နေ့ရက် ■ ၄-၅-၂၀၁၅ (တနင်္လာနေ့) |
| အချိန် ■ နံနက် (၉း၀၀) နာရီမှစတင်၍ | အချိန် ■ မွန်းလွဲ (၁း၀၀) နာရီမှစတင်၍ | အချိန် ■ မွန်းလွဲ (၁း၀၀) နာရီမှစတင်၍ |
| နေရာ ■ Mingalar Garden Hotel ပြည်မြို့ | နေရာ ■ တိုက် (A-3-2)၊ အခန်း (၁၀၂) မြန်မာ့ဂုဏ်ရည်အိမ်ယာ အထက်ပန်းဆိုးတန်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ | နေရာ ■ ပတ္တမြားခန်းမ Park Royal Hotel ရန်ကုန်မြို့ |

စုံစမ်းရန် - (၀၁) ၃၉၃၃၇၀၊ ၀၉-၄၂၁၀၄၇၀၇၀ Email : tokyo.fukushi.myanmar@gmail.com

---

**ကျေးဇူးဆပ်ပါမည်**

စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း ဘူတာရပ်ကွက်၊ ပန်းလှိုင်(၂)လမ်း၊ အမှတ်(၈၁) နေအိမ် ဆောက်လုပ်ခွင့်ပါမစ်နှင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၅၂)၊ ဒုတိယထပ်(ယာ)၊ တိုက်ခန်းပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ ဦးသူရဇော်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ယာဉ်မောင်းလိုင်စင်တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။ ဖုန်း ၀၉-၄၄၈၀၁၉၉၇၈

**Key ဂျပန်စကားပြောသင်တန်း**

ဂျပန်ဘာသာ

သဒ္ဒါ၊ အရေး၊ အပြော၊ အဖတ် အတတ်သင်သည်။

ညေ့လမ်းညွှန်များအတွက် အထူးသင်သည်။

တိုက် 23, 7(B)၊

မင်္ဂလာလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊

ရန်ကုန်မြို့။

Ph-09 41003385

**ကားငှားမည်။ (ပိုင်ရှင်ကိုယ်တိုင်) ဖုန်း-၀၉၅၁ ၁၀ ၁၇၃**

စင်းလုံးငှား (မြို့တွင်း/မြို့ပြင်) နယ်ဝေးခရီးစဉ်များအတွက်

(၁) HI-ACE (အံစာတုံး) ခေါင်မြင့် (၁၄) ယောက်စီး

(၂) ALPHARD (၇) ယောက်စီး (၃) X-COROLLA Saloon

**အမည်ပြောင်း**

အဖ ဦးစိုးရန်နောင်၏သမီးဖြစ်သူ မယွန်းယမုံသွယ်အား မမေပန်းချီရန်နောင်ဟု ပြောင်းလဲခေါ် ဆိုပါရန်။

မမေပန်းချီရန်နောင်

**အက်တို(လ်)လို အဆင့်မြင့်ခရီးသွားကုမ္ပဏီ**

မော်လမြိုင်--ဘားအံ (၂ ညအိပ် ၃ ရက်) APR 30 - MAY 2

တောင်ငူ--သံတောင်ကြီး--မိုးကျား (နေ့ချင်းပြန်) MAY 1 / MAY 16

ပြည်--အကောက်တောင် ၊ ဘားအံ--ဇွဲကပင် MAY 1 / MAY 30

01-389187, 09-32109138, 09795418474

**အမည်ပြောင်း**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဦးလှရွှေ[၁၂/ပဇတ(နိုင်)၀၂၀၆၁]၏ သား အထက(၁)ဒဂုံ၊ စတုတ္ထတန်း(F)မှ မောင်ဘုန်းပြည့်စုံအား မောင်မြတ်လင်းဟု ပြောင်းလဲခေါ် ပါရန်။

မောင်မြတ်လင်း

---

PUN HLAING HOSPITAL

# အရိုးအကြောနှင့်ကျီးပေါင်းရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း

အရိုးအကြောနှင့် ကျီးပေါင်းရောဂါဆိုင်ရာစစ်ဆေးကုသမှုများအတွက် နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ..... ဧပြီလ (၂၉) ရက်နေ့မှမေလ (၃) ရက်နေ့အထိ

မလေးရှားနိုင်ငံမှ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော အထူးကုဆရာဝန်ကြီးမှ



- လည်ပင်းအရိုးကျီးပေါင်းဝေဒနာ၊ ခါးဆစ်ရိုးနာ၊ အကြောညပ်စသောကျောရိုးဆစ်ရောဂါများ (Minimally Invasive Spine Surgery)
- မှန်ပြောင်းဖြင့်အဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးကုသခြင်းများ (Total Hip and Knee Replacement) နှင့်
- အခြားအရိုးအကြောဆိုင်ရာကုသခြင်းများကိုလာရောက်ဆွေးနွေးတိုင်ပင်ကုသပေးမည်ဖြစ်ပါသည်။

LIKE US ON facebook Pun Hlaing Hospital

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၄၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၀၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : marketing-phih@spa-mm.com

ကြော်ငြာ

## မြရတနာမာရ်အောင် ငွေရတုပူဇာပင့်လျှောက်လွှာ

မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီးမြို့၊ မြကံသာစံပြရွာ၊ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီမဟာထေရ် တည်ထောင်ဖွင့်လှစ်သော မြရတနာမာရ်အောင်စာသင်တိုက် တိုက်တည် (၂၅)နှစ်ပြည့် ငွေရတုပူဇာ သဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ဆရာတော်ကြီး၏ သမဂ္ဂ(သဟာယက) သံဃာတော်များ၊ ကျောင်းသားဟောင်းတပည့်များအားလုံး (၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း၁၅ရက်)၊ ၂-၅-၂၀၁၅ (စနေနေ့)၊ နံနက် ၉နာရီ၊ မြရတနာမာရ်အောင်စာသင်တိုက်၊ မြကံသာ-သို့ ဆွမ်း၊သင်္ကန်းအစရှိသော ဒါနဝတ္ထုအလှူခံ ချီးမြှင့်ကြွရောက်ပါရန် ရိုသေလေးမြတ်စွာ ပင့်လျှောက်အပ်ပါသည်ဘုရား။

အစီအစဉ်။ ။၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်မှ (၁၅)ရက်ထိ၊ ညစဉ် ၇နာရီတွင် ပဋ္ဌာနတာရုံနွယ်ဝင် တိပိဋကထေရ်ရှင်လေးပါးတို့မှတိပိဋက ဓမ္မသဘင် ဟောကြားချီးမြှင့်၍ ကဆုန်လဆန်း (၁၅)ရက်၊ ၂-၅-၂၀၁၅ (စနေနေ့)၊ နံနက် ၉နာရီ၊ ငွေရတုစာချကျောင်းရေစက်ချ အခမ်းအနားကျင်းပမည်။

ဆက်သွယ်ရန်ဆရာတော် **Ph:** ၀၉-၄၀၂၅၁၈၇၁၀

## ရွှေတိဂုံစေတီတော် (၃၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကျင်းပမည်

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၂)ကြိမ်မြောက် မဟာဗောဓိကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကြီးကို (၁၃၇၇ခုနှစ်၊ ကဆုန်လပြည့်နေ့) ၂-၅-၂၀၁၅(စနေနေ့) နံနက် ၇နာရီမှ စတင်၍ စေတီတော်ရင်ပြင် အင်္ဂါထောင့် မဟာဗောဓိညောင်ပင်၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများဖြင့် ဖွင့်ပွဲအခမ်းအနားကို စည်ကား သိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပါသည်။

ယင်းနေ့တွင် ဘုရားဖူးပြည်သူများက ရင်ပြင်တော်ထောင့်လေးထောင့်ရှိ မဟာဗောဓိညောင်ပင်များ၌ လွယ်ကူစွာညောင်ရေသွန်းလောင်းပူဇော်နိုင်ရန်လည်း ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ကုသိုလ်ယူကူညီဆောင်ရွက်ပေးရန် စီစဉ်ထားရှိမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**


## စိန်ပင်လယ် စိန်ရွှေရတနာဆိုင်

မြန်မာ့နှစ်သစ်ကူး အထူးအစီအစဉ်ဖြင့် စိန်ဖြူစိန်သန့်များနှင့် ပြုလုပ်ထားသော လက်ဝတ်ရတနာဒီဇိုင်းမျိုးစုံ White gold (750)ပလက်တီနမ် ဒီဇိုင်းအသစ်အဆန်းများကို 5% မှ 20% အထူးလျှော့ဈေး (26.4.2015) မှ (20.5.2015) ထိ

1. Junction Square Center, မြေညီထပ်။ C-049
2. AKK Shopping Mall, ပထမထပ်။ B-1
3. Myanmar Culture Valley, ပထမဝင်ပေါက်။ G-50

မော်ဒယ်မြင့်ကားများနဲ့ခေတ်မီနည်းပညာတွေကိုစိတ်ဝင်စားတဲ့ လူငယ်များအတွက် ဘဝအာမခံချက်ပေးနိုင်သောပညာရပ်

**ကားကွန်ပျူတာစနစ်စစ်ဆေးပြုပြင်သင်တန်း**

အင်ဂျင်နီယာများကိုယ်တိုင်ကြီးကြပ်သင်ကြားသည်
စာတွေလက်တွေသင်တန်းကာလ(၃)လဖြစ်သည်
နယ်ကျောင်းသားများအတွက်အဆောင်စီစဉ်ပေးသည်

**Engine Doctor Engineering**
**No. 102, ground floor, 52nd st., Yangon**

Call: EDE
Engine Doctor
09421144495
09421144496
09421144497

မေလ(၃)ရက်နေ့ အမှတ်စဉ် (၇၀) (၇၁) တန်းခွဲသစ်များစတင်ပါမည်


### မွေးသက္ကရာဇ်အမှန်

ဝိုင်းမော်မြို့နယ်၊ အထက(ခတ်ချို)၊ နဝမတန်းမှမစုမြတ်ဝေ၏မွေးသက္ကရာဇ် အမှန်မှာ ၃၀-၁၀-၂၀၀၀ဖြစ်ပါသည်။

### မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက(ခတ်ချို)၊ ဒသမတန်းမှ မောင်အောင်ထွေး၏ မိဘအမည်မှန်မှာ ဦးရန်လင်ဖန်-ဒေါ်မန်းကျူဖြစ်ပါသည်။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံ(မူလွန်)ကျောင်းမှ သတ္တမတန်းအောင်မြင်ပြီးသူ မဂီသာ၏ ဖခင်အမည်မှန်မှာ ဦးလီလာရမ်း [၁/မကန (နိုင်) ၀၉၀၄၄၆] ဖြစ်ပါသည်။




အူရီဒူး မိသားစု နဲ့အတူ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းသစ်များ

၂၀၁၅ မှာ အူရီဒူး ကွန်ရက်ကို ပိုမိုကျယ်ပြန့်စွာ ဖြန့်ကြက်နေပြီဖြစ်၍ လက်ကား အရောင်းကိုယ်စားလှယ်များ အဖြစ် ပူးပေါင်းလုပ်ကိုင်ရင်း အူရီဒူး မိသားစုထဲကို ပါဝင်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။


ooredoo

အူရီဒူးက စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ် နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့မှာ ဖြန့်ချိရေး ကိုယ်စားလှယ်များ ခန့်အပ်ရန် ရှာဖွေနေပါတယ်။အူရီဒူး နှင့် ပူးပေါင်းလုပ်ကိုင်ဖို့ စိတ်ဝင်စားတယ်ဆိုရင် partnerregistration@ooredoo.com.mm ကို အောက်ပါအချက်အလက်များ ရေး၍ပို့ပေးပါ။

- ကုမ္ပဏီအမည်
- လက်ရှိ လုပ်ငန်းရဲ့သဘောသဘာဝ
- လုပ်ငန်းလုပ်ကိုင်လိုသည့် နေရာဒေသ
- ဆက်သွယ်ရမည့် ပုဂ္ဂိုလ်
- ဆက်သွယ်ရမည့် ဖုန်းနံပါတ်
- လုပ်ငန်းစတင်နိုင်မယ့်နေ့

သတ်မှတ်ချက်များ

သတ်မှတ်ထားသော အရည်အချင်းများနဲ့ ကိုက်ညီသော လျှောက်လွှာရှင်များကိုသာ စဉ်းစားမှာ ဖြစ်ပါတယ်။
အူရီဒူး မြန်မာအနေနဲ့ ပူးပေါင်းလုပ်ကိုင်ရန်စိတ်ဝင်စားသော လျှောက်လွှာရှင်များကိုသာ ဆက်သွယ်မှာ ဖြစ်ပါတယ်။


YumYum
Xcite
အတာသင်္ကြန်နှစ်ကူး အထူးကံစမ်းမဲအစီအစဉ်မှ
ကံထူးရှင်များပေါ်ထွက်လာပါပြီ...
iPhone 6 ကံထူးရှင်
ဒေါ်ခင်ခင်ဦး (မရမ်းကုန်းမြို့နယ်)
Honda Wave S ကံထူးရှင်
မဖြူဖြူမြင့် (မင်္ဂလာဒုံမြို့နယ်)
Samsung Note 3 Neo ကံထူးရှင်
ဒေါ်ဝေနင်းပွင့် (ကြည့်မြင်တိုင်မြို့နယ်)
Honda Wave S ကံထူးရှင်
ဒေါ်သင်းသင်းယု (သုံးခွမြို့နယ်) (ကိုယ်စား)
ကံထူးရှင်များအား စောင့်မျှော်လျက်ရှိသည့်ဆုမဲများ . . . . . .
BMW ကားအသစ် (၂) စီး
Brand New BMW 316i
BMW316i
၁ စီး &
Brand New BMW 2 Series Active Tourer
၁ စီး
ဝယ်ယူထားပြီးဖြစ်သည့် Brand New BMW 316i နှင့် Brand New BMW 2 Series Active Tourer တို့မှာ မြန်မာပြည်သို့
ရောက်ရှိလာပြီဖြစ်၍ ကံထူးရှင်များအား စောင့်ကြိုလျက်ရှိပါသည်။
ငွေသားဆုကြီးများ
သိန်း ၁၀၀ ၁ ဆု
သိန်း ၅၀ ၃ ဆု
သိန်း ၃၀ ၅ ဆု
Honda Wave S
၈ စီး
iPhone 6
၁၉ လုံး
SAMSUNG GALAXY Note 3 Neo
12:45
၂၉ လုံး
Customer Service Hot Line - 09 8635250
YumYum

## Invitation of Tender

Tender Announcement for Construction of 1000 M³ Water Reservoir at MITT

Myanmar International Terminals Thilawa Co.,Ltd is now seeking a well known contractor to construct Semi underground type Water Reservoir (Capacity-1000 M³)at the Port.

We would like to invite you to submit tender bid complete with your company profile and experience reference on the relevant work. The Tender Document and relevant information will be available at the MITT office. The Tender Bids should be sent to the following address to arrive not later than 25 May 2015.

Myanmar International Terminals Thilawa Co.,Ltd
Berth 5~9, Thilawa, Kyauktan Township,Yangon, Myanmar.
e-mail:- engg@mitt.com.mm, khinmaunglatt@mitt.com.mm
Phone:- (95)98613909, 98613929, 9977246672
Fax:- (95)98617168, 98618364

The bidder needs to deposit US$1500 to MITT as Bid Bond for guarantee of tender Bid. It will be returned back when the tender result is announced.

You can contact to the Engineering Department of MITT for further information and tender document.

Tender Committee
MITT

## Tender Announcement

**Tender Announcement for Construction of Full Container Yard at MITT**

Myanmar International Terminals Thilawa Co.,Ltd is now seeking a well known Contractor to construct Full Container Storage Yard (area = approximated 60m×330m) at the Port.

We would like to invite the companies who are intersted in construction of FCY Yard to submit prequalification information about your company for the project.

The prequalification questionnaire will be available at the MITT office. You can contact to the Engineering Department of MITT for further information and getting questionnaire.

The prequalification documentation requested should be sent to the following address to arrive not later than 5 May 2015.

Myanmar International Terminals Thilawa Co.,Ltd
Berth 5~9, Thilawa, Kyauktan Township,
Yangon, Myanmar.
e-mail:- engg@mitt.com.mm, khinmaunglatt@mitt.com.mm
Phone:- (95)98613909, 98613929, 977246672
Fax:- (95) 98617168, 98618364

Tender Committee
MITT

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ရဲမှူး ကျော်ညွန့်လှိုင်**

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၂၆-၄-၂၀၁၅ ရက်တွင် (၁)လပြည့်ခဲ့သော်လည်း မမေ့နိုင်ပါ။ ဖခင်ကြီးအား ရည်စူး၍ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု အစုစုနှင့် သံဃာတော်အရှင်မြတ်တို့အား တစ်လပြည့်ဆွမ်းကပ်လှူခြင်းတို့ကို မြင့်မြတ်သော ဘုံဘဝမှ ဖခင်ကြီး ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**ဇနီး-ဒေါ်မာမာတင်**
**သမီး-ဗိုလ်ကြီးညီထက်အောင် (ခွဲစိတ်ပါရဂူ)-ဒေါ်ကျော့ကျော့လှိုင်**
**သမီး-ဒေါ်သူသူလှိုင် (ဒုလဝကမှူး)**
**သား-ဗိုလ်ကြီးဘုန်းမြင့်ကျော်(DSMA)**
**မြေးလေး- ပူးပူး(ခ)သီရိမေထက်လှိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးထွေးမောင်**

**အသက်(၉၁)နှစ်**

မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ် ဦးကျော်ဝင်း-ဒေါ်နွဲ့နွဲ့တို့၏ချစ်လှစွာသောဖခင်ကြီးသည် ၂၁-၄-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းရပါကြောင်း။

**စီးပွားရေးတက္ကသိုလ်(၁၉၇၁-၇၅)ကျောင်းသူ/သားများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယရဲမှူးဉာဏ်ဝင်း(ငြိမ်း)**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့နေ ဒုတိယရဲမှူးဉာဏ်ဝင်း(ငြိမ်း)သည် ၂၀-၄-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း။

**ပြည်သူ့ရဲအရာရှိလောင်းသင်တန်း**
**သူရ(၁၂)မှ တပ်ဖွဲ့ဝင်ဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**မောင်စံမင်းမောင်**

**အသက်(၂၃)နှစ်**

ဦးဝဏ္ဏမောင်-ဒေါ်ခင်ပပတို့၏သားကြီးဖြစ်သူ မောင်စံမင်းမောင် အသက်(၂၃)နှစ်သည် ၂၃-၄-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ SAMITIVEJ SRINAKARIN ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းကို-ဒေါ်မာလာလှိုင်**
**သမီး-မအေးမြတ်မွန်**
**WIN MARLAR AUNG TRADING Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**ဦးတန်ထျန်ပို့**

**အသက်(၉၇)နှစ်**

မြန်မာ-ဂျပန်အသင်း(MJA) အလုပ်အမှုဆောင်အဖွဲ့ဝင်၊ Shwe Me Co.,Ltd. ၏ Managing Director ဦးထွန်းလွင်-ဒေါက်တာရင်ရင်လှတို့၏ဖခင် ဦးတန်ထျန်ပို့သည် ၁၄-၄-၂၀၁၅(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဥက္ကဋ္ဌ ဦးစောလှမင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာ-ဂျပန်အသင်း(Myanmar Japan Association)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဲမှူးကျော်ဇောမြင့်**

**ရဲ/၂၂၃၉-Cadet-17**

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇောမြင့်သည် ၂၂-၄-၂၀၁၅ရက် ၈း၃၀နာရီတွင် ထားဝယ်မြို့ ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၇/၁၉၈၆)**
**သင်တန်းဆင်းသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဒေါ်ခင်ငြိမ်းလင်း**

**မျက်စိအထူးကုဆရာဝန်ကြီး**

**အသက်(၅၇)နှစ်**

ဒေါက်တာ ဒေါ်ခင်ငြိမ်းလင်း မျက်စိအထူးကုဆရာဝန်ကြီး ဆေးရုံအုပ်ကြီး(ရန်ကုန်မျက်စိဆေးရုံကြီး) အသက်(၅၇)နှစ်သည် ၂၁-၄-၂၀၁၅ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မျက်စိအထူးကုဆရာဝန်များ**
**မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြတ်ဆွေ (Kitty Ba Toke)**

**အသက်(၆၇)နှစ်**

B.Ed(1971)၊ M.Ed (Tokyo)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ကျောင်းလမ်း၊ အမှတ်(၂၂)နေ ဦးမောင်မောင်ကြီး(ဗနက-ငြိမ်း)၏ဇနီး ဒေါ်ခင်မြတ်ဆွေသည် ၂၂-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၁ B.Ed သူငယ်ချင်းများ**

## သံဝေဂတရားပွားများရပါကြောင်း

**ဦးဘတုတ်**

မင်္ဂလာဗျူဟာ အသင်းချုပ်၏ ဘာသာရေး၊ သာသနာရေးဆိုင်ရာများကို လက်တွဲဆောင်ရွက်နေစဉ် နာယကတစ်ဦးဖြစ်သော ဦးဘတုတ်သည် ၇-၄-၂၀၁၅ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် အသင်းချုပ်အမှုဆောင်များနှင့် အသင်းဝင်များအနေဖြင့် သံဝေဂတရားပွားများရပါကြောင်း။

**အမှုဆောင်အဖွဲ့၊ မင်္ဂလာဗျူဟာအသင်းချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်တင်ကြီး**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၂-ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၃)နေ ဒုရဲမှူးကြီး အေးအေးကျော်(မူခင်းတပ်ဖွဲ့-နေပြည်တော်) ၏မိခင် ဒေါ်တင်တင်ကြီးသည် ၉-၄-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**နယ်ဖြစ် ဒုရဲအုပ်လောင်း(၉/၈၄)**
**သင်တန်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

စီးပွားရေးတက္ကသိုလ် ၁၉၈၅-၉၂ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်ကြသော ကိုမျိုးမင်း(ဟန်လင်း)နှင့် မနွဲ့နွဲ့ဝင်း(နှင်းဆီ)တို့၏သမီးလေး မဖြူနှင်းသန့် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းတို့မိသားစုများနှင့် ထပ်တူ နှမြောတသ ဝမ်းနည်းရပါသည်။

**၁၉၈၅-၉၂**
**ဟန်လင်းဆောင် ကျောင်းသားဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်မြ(မြင်းခြံ) အသက်(၈၂)နှစ်**

**ဦးရဲမင်းထွန်း အသက်(၆၂)နှစ်**

သူငယ်ချင်း ဒေါ်သောင်းသောင်းနု(ဝါဝါဝင်းဆောက်လုပ်ရေး)၏ဖခင်ကြီး ဦးစိန်မြ(မြင်းခြံ)သည် ၂၀-၄-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင်လည်းကောင်း၊ သူငယ်ချင်း ဒေါ်ကြိုင်ကြိုင်ထွန်း (Zeya & Associate Co.,Ltd.) ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲမင်းထွန်း(B.Sc, Morine Biology) သည် ၂၀-၄-၂၀၁၅(တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် လည်းကောင်း ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းတို့ မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းကြရပါသည်။ **ဦးစိန်ထွန်း-ဒေါ်လင်းလင်းထွန်း**

**ဦးတင်အောင်-ဒေါ်စောရီ**
**ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ဂျီစပင်း**
**ဒေါ်သန်းမြင့်၊ ဒေါ်ခင်မျိုးဦး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းဌေး(Bravo World Co.,Ltd)-ဒေါ်မြကေသီ(ခ) ဒေါ်ပြုံးပြုံးဦးတို့၏ မွေးသမိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ပစ္စည်းလေးပါး ဒါယိကာမကြီး ဒေါ်ကေသီဦး(ကျုံမငေး) (၆၈)နှစ်သည် ၁၁-၄-၂၀၁၅ရက်(စနေနေ့)ညနေ ဂျပန်စံတော်ချိန် ၇း၅၈နာရီတွင် Japan နိုင်ငံ Toyo မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မွေးမြူရေးအစာလုပ်ငန်းရှင်များအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြတ်ဆွေ (Kitty Ba Toke)**

**အသက်(၆၇)နှစ်**

**B.ED (1971)၊ M.Ed (Tokyo)**

ရန်ကုန်မြို့နေ ဦးစည်သူမောင်+ဒေါ်စန္ဒာရည်ဝင်းတို့၏မိခင် ဒေါ်ခင်မြတ်ဆွေ (Kitty Ba Toke) အသက်(၆၇)နှစ်သည် ၂၂-၄-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ည (၈း၀၀) နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာထွန်းမင်းလတ်+ဒေါက်တာဝင်းမင်းစိုး**
**နှင့် ဝန်ထမ်းများ၊**
**Star Sapphire Group of Companies**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကျော်လှိုင် - တပ်မတော်(လေ)(ငြိမ်း) (၅၉)နှစ်**

B.E (Electronics) (1979) OTS (63)

လ/ထ အထွေထွေမန်နေဂျာ (အမှတ် - ၂ - သံမဏိစက်ရုံ၊ ပင်းပက်)

စက်မှုဝန်ကြီးဌာန။

ဗိုလ်မှူးကျော်လှိုင်(ငြိမ်း)(၅၉)နှစ်သည် ၂၀.၄.၂၀၁၅(တနင်္လာနေ့) မွန်းလွဲ ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ၊ ၁၉၇၃-၁၉၇၉ခုနှစ်၊ ရန်ကုန်စက်မှုတက္ကသိုလ်

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလှဆန်း(တောင်သာ)**

**အကောက်ခွန်ဦးစီးမှူး(ငြိမ်း)**

**အသက်(၆၆)နှစ်**

သူငယ်ချင်း ဦးလှဆန်းသည် ၂၂-၄-၂၀၁၅ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အကောက်ခွန်အရာရှိဟောင်းသူငယ်ချင်းများ**
**(၁၉၈၀)ခုနှစ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

**ဦးကျော်ဝင်း**

**အသက်(၉၀)**

**ဒုတိယမန်နေဂျာ-ငွေ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

သူငယ်ချင်း ဗိုလ်ချုပ်တင်မောင်ဝင်း-ဒေါ်တင်လေးနွယ် တို့၏ဖခင် ဦးကျော်ဝင်းသည် ၂၀-၄-၂၀၁၅ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS(61) မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင့်ကျော်(ခ)ဦးစစ်ဗိုလ်**

**အသက်(၇၃)နှစ်**

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

ရန်ကုန်မြို့၊ O-150၊ ယမင်းရွှေဝါသစ်ခွလမ်း၊ FMI အိမ်ရာနေ ဒေါ်တူးတူး၏ ခင်ပွန်း ဦးတင့်ကျော်(ခ) ဦးစစ်ဗိုလ်သည် ၁၂-၄-၂၀၁၅(တနင်္ဂနွေနေ့)ည (၈း၃၅)နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထွေထွေမန်နေဂျာ(သစ်ထုတ်ရေး)နှင့် သစ်ထုတ်ရေးဌာန**
**ဝန်ထမ်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာအောင်လှသန်းညွန့်**

**အသက်(၅၈)နှစ်**

**ရွှေဘိုမြို့**

သူငယ်ချင်း ဒေါက်တာအောင်လှသန်းညွန့်သည် ၁၄-၄-၂၀၁၅ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းသွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာ သုဂတိလားပါစေ---

**ချစ်သူငယ်ချင်းများ (၁၉၇၄-၈၂)**
**ဆေးတက္ကသိုလ်၊ မန္တလေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုနေထက်အောင်ကျော်(ခ)ဖိုးထက်**

**အသက်(၃၁)နှစ်**

**အာယုသာဆိုင်ကယ်ရောင်းဝယ်ရေး၊ မြို့မဈေး၊ နေပြည်တော်**

နေပြည်တော်မြို့မဈေး ပ/၈၃၊ မြတ်ပန်းတော်ဝင်ကုမ္ပဏီလီမိတက် ဦးအောင်ကျော်-ဒေါ်ဆန်းဆန်းဌေးတို့၏သား၊ မမြတ်သန္တာခိုင်(ခ)မသဲစု၏ ခင်ပွန်း ကိုနေထက်အောင်ကျော်သည် ၁၃-၄-၂၀၁၅ရက်ညတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **Jianshe ဆိုင်ကယ်မိသားစု**
**Astro Nova International Co.,Ltd**

Hot Line No-0930500100





နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူတွင် ပြင်းအား ၇ ဒသမ ၉ ရှိသည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့မှုကြောင့် ဒါရာဟာရာ မျှော်စင်ကြီး ပြိုကျပျက်စီးသွားမှုကို တွေ့ရစဉ် (အပေါ်ဝဲပုံ) နှင့် မပျက်စီးမီတွေ့ရစဉ်(အပေါ်ပုံ)။ [အန်ဒီတီဗွီ]

သတင်း စာမျက်နှာ - ၄

# နီပေါ၌ အင်အားပြင်းမြေငလျင်လှုပ်၊ လူပေါင်း ၁၀၀၀ ကျော် သေဆုံး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက် မြန်မာနိုင်ငံ၏ နိုင်ငံတကာရေးရာ ပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍ ပိုမိုမြင့်မားလာ

စာမျက်နှာ - ၈

ဒီမိုကရေစီရွေးကောက်ပွဲစနစ်၌ မဲဆန္ဒရှင်စာရင်းအမည်ပါရှိရေးသည် ပဓာနကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်

စာမျက်နှာ - ၁၀



## ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ပွဲကျပ်နှစ်ပွဲ ဆက်တိုက်ကစားရမည်

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲနှစ်ပွဲဆက်တိုက် ပွဲကျပ်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့်အဖွင့်ပွဲ ကစားရမည်ဖြစ်သလို ဒုတိယပွဲ၌လည်း အိမ်ရှင်စင်ကာပူနှင့် တွေ့ဆုံနေသည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု(က) တွင် အိမ်ရှင်စင်ကာပူ၊ အင်ဒိုနီးရှား၊မြန်မာ၊ ကမ္ဘောဒီးယား၊ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ ဘရူနိုင်း၊ တီမောအသင်းတို့ ပါဝင်လျက်ရှိသည်။ မြန်မာအသင်းသည်အုပ်စုပွဲစဉ်များအဖြစ် ဇွန် ၂ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဇွန် ၄ ရက်တွင် အိမ်ရှင်စင်ကာပူ၊ ဇွန် ၇ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇွန် ၁၀ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(က) ပွဲစဉ်များကို

စာမျက်နှာ ၇ ကော်လံ ၄ သို့



ဒေါ်ခင်သီတာ (မူလတန်းပြ)

မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ

ကျွန်မက မူလတန်းပြ ဆရာမတစ်ဦးဖြစ်ပါတယ်။ ကျွန်မအိမ်ကနေ တွံ့တေးမြို့နယ် လာကပုံကျေးရွာလေးမှာ စာသွားသင်ရပါတယ်။ အဲဒီမူလတန်းကျောင်းကို ကားအဆင့်ဆင့် စီးပြီးသွားရပါတယ်။ နေပူထဲ သွားလာရတော့ အသားအရေတွေ နေလောင်ဒဏ်တော့ခံရပါတယ်။ ဒီကြားထဲ မျက်နှာက အဆီပြန် ဖုန်မှုန့်က ကပ်ပေါ့ရှင်။ ချွေးပေါက်တွေပိတ်တော့ ဝက်ခြံလည်းထွက်တယ်လေ။ ကံကောင်းချင်တော့ အစ်မတစ်ယောက်က ရွှေပြည်နန်း(၂)ဘူးပေးတယ်။ တစ်ဘူးက ကုံကော်ဝတ်ဆံသနပ်ခါး ၊ နောက်တစ်ဘူးက အသားဖြူသနပ်ခါး အစိမ်းဘူးလေးပေါ့။ ကုံကော်သနပ်ခါးကို နေ့ဘက်မှာလိမ်း၊ အသားဖြူသံပရာသနပ်ခါးကို ညဘက်မှာလိမ်းလို့ဆိုပြီး အကြံဉာဏ်ပေးပါတယ်။ အဲ့ဒီလိုနဲ့ ကျွန်မ နေ့စဉ်ဂရုတစိုက် မှန်မှန်လိမ်းတာ (၂)ပတ်ကြာတော့ အဆီပြန်တာပျောက်သွားတယ်။ ဝက်ခြံလည်းပျောက်လာပါတယ်။ အသားကတင်းပြီး ဝင်းမွတ်လာပါတယ်။ သနပ်ခါးရနံ့ကလည်း သင်းသင်းလေးမွှေးနေတော့ စိတ်ကြည်နူးမှုလည်းရပါတယ်။ သနပ်ခါးဘူးပေးတဲ့ အစ်မကို ကျေးဇူးတင်သလို ကောင်းမွန်တဲ့နည်းပညာနဲ့ ထုတ်လုပ်ပေးတဲ့ ရွှေပြည်နန်း သနပ်ခါးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ရွှေပြည်နန်းသနပ်ခါး အောင်မြင်ပါစေလို့...

ဒေါ်ခင်သီတာ (မူလတန်းပြ) အ.မ.က (မူလွန်) လာကပုံကျေးရွာ၊ တွံ့တေးမြို့နယ်။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်ခင်မာသန်း၊ မူလတန်းပြ၊ အ.လ.က(ခွဲ) ပန်းလှိုင်၊ တွံ့တေးမြို့နယ်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)


themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

တနင်္ဂနွေ

SUNDAY SPECIAL

2015 APRIL 26, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872



# လိုဏ်ဂူပေါ်များ တောင်ကြီး၊ ပင်းတယ ရွှေဥမင်ဘုရား ရောက်အောင်ဖူးမြော်သွား

အေးသန်း(စိန်တုံးကြီး)

အင်းလေးဖောင်တော်ဦးစေတီတော်။

## ခရီးသွား

စာရေးသူသည် ရုံးသုံးရက်ပိတ်သည့်ရက်နှင့် ဆွေမျိုးသားချင်းတစ်စု လူစု၍ ကားစီးလုံးငှားကာ တောင်ကြီးဘက်သို့ ဘုရားဖူးသွားကြမည့်ရက်တိုက်ဆိုင်ခဲ့၍ မိသားစုနှင့်အတူ တောင်ကြီးဘက်သို့ ဘုရားဖူးလိုက်ဖြစ်ခဲ့သည်။ ပူပြင်းခြောက်သွေ့သည့် ယခုလို နွေရာသီကာလတွင် အေးချမ်းသာယာလှသည့် ရှမ်းပြည်ဘက်ကို သွားရမည်ဆို၍ ပျော်လည်းပျော်နေမိသည်။ တစ်ခါမျှမရောက်ဖူးသေးသောဒေသကို သွားရမည်ဖြစ်၍ မိမိဝါသနာပါရာ ခရီးသွားမှတ်တမ်းရေးခြင်း၊ ဒေသန္တရဗဟုသုတများရရှိခံစားရမည်မို့ ဤခရီးသည် မိမိအတွက် အကျိုးရှိမည့်ခရီးစဉ်တစ်ခုဖြစ်လိမ့်မည်ဟုလည်း ယုံကြည်နေမိပါသည်။

စာရေးသူတို့အဖွဲ့သည် ရန်ကုန်-သာစည်-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးအတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာလာကြပြီး သာစည်မြို့နယ်အတွင်းရှိသည့် "ယင်းမာပင်ကျေးရွာ"ကို ကျော်လွန်လာသည်နှင့် ရှမ်းရိုးမတောင်တန်းကြီး၏ တောင်စဉ်တောင်တန်းများ၊ လျှိုမြောင်ချိုင့်ဝှမ်းများကို တက်လိုက်ဆင်းလိုက် ကွေ့ကာဝိုက်ကာဖြင့် ဖြတ်သန်းလာခဲ့ပြီး ရှမ်းပြည်နယ်၏ သာယာအေးချမ်းလှသည့် တောတောင်သဘာဝနှင့် ထင်းရှူးပင်၊ ချယ်ရီပင်များကို သာယာလှပစွာ ရှုမြင်ခံစားခဲ့ရပါတော့သည်။

သာစည်မြို့မှ လေးနာရီခန့် မော်တော်ယာဉ်ဖြင့် မောင်းနှင်လာခဲ့ရာ သာယာအေးချမ်းလှသည့် ထင်းရှူးပင်၊ ချယ်ရီပင်များကြား ပင်လယ်ရေမျက်နှာပြင်အထက် ၃၈၁၅ ပေအမြင့်တွင်ရှိသည့် ကလောမြို့ကို ရောက်ရှိခဲ့ပေသည်။ ကလောမြို့လေးသည် သာယာအေးချမ်းသည့် တောင်စခန်းမြို့လေးဖြစ်ပြီး နွေရာသီတွင် အပန်းဖြေလာရောက်သူများနှင့် စည်ကားလှသည့် မြို့လေးတစ်မြို့ဖြစ်ပေသည်။ ထို့ပြင် ကလောမြို့တွင် နီးဘုရားစံကျောင်းတော်နှင့် နီးဘုရားပုံတော်တို့ကိုလည်း ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ခဲ့ပါသည်။ ထိုမှတစ်ဖန် ဆက်လက်ထွက်ခွာခဲ့ကြရာ ကလောနှင့် အောင်ပန်းအကြားရှိ ပင်လောင်းမြို့သို့သွားရာလမ်းရှိ "မြင်းမထိဂူ"သို့လည်း ဝင်ရောက်လေ့လာခဲ့ပြီး ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကိုလည်း ဖူးမြော်ကြည်ညိုနိုင်ခဲ့ရာ ဂူအပေါ်တွင် ကြီးမားသော နေအလင်းရောင်ဝင်ပေါက်ကြီးတစ်ခုရှိပြီး ဂူအတွင်း နေအလင်းရောင်များရရှိနေသည်ကိုလည်း ထူးဆန်းအံ့သြဖွယ်ရာ တွေ့ရှိခဲ့ရပေသည်။

ကလောမြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ ခြောက်မိုင်ခန့်အကွာတွင်ရှိသည့် အောင်ပန်းမြို့သို့ ရောက်ရှိခဲ့ပေသည်။ အောင်ပန်းမြို့လေးသည် မြန်မာပြည်အရပ်ရပ်သို့ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ကုန်သီးနှံများတင်ပို့ရာ လမ်းဆုံမြို့လေးဖြစ်ပြီး အလွန်စည်ကားသည့်"ကုန်သွယ်မြို့လေးတစ်မြို့"ဖြစ်သည်ကိုလည်း တွေ့ရှိခဲ့ရပေသည်။

အောင်ပန်းမြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ ပင်းတယမြို့သို့ ရောက်ရှိခဲ့ပေသည်။

ပင်းတယမြို့လေးသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၈၈၀ အမြင့်တွင်ရှိပြီး မြို့ကိုဝင်လိုက်သည်နှင့် "သာယာလှပသည့် မောင်နှံခုနစ်ဖော် ဒွေးမယ်နော်တို့ ပျော်စံရာ ပုန်းတလုတ်ရေကန်ကြီး"ကို တွေ့မြင်ရမည်ဖြစ်သည်။ ရေကန်ဘေးလမ်းမှဖြတ်ပြီး ရွှေဥမင်ဘုရား၏ ခြေတော်ရင်းသို့ သွားရောက်နိုင်ကြောင်းကိုလည်း တွေ့ရှိခဲ့ရပေသည်။ ပင်းတယမြို့သည် ချယ်ရီပန်းအလှနှင့်တောင်ကြားများတွင် ရှိနေခြင်းကြောင့် မြို့လေး၏အလှသည် ရင်သပ်ရှုမောဖွယ် ဆောင်းနှင်းဖွေးဖွေးများပြည့်နေသည့် ရှမ်းပြည်နယ်၏ အလှများစုစည်းရာမြို့လေးဟုဆိုက မှားမည်မဟုတ်ပေ။ပင်းတယမြို့၏ မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် ဇော်ဂျီမြစ်၏ ရေထွက်ရှိပြီး ဇော်ဂျီမြစ်စီးဆင်းရာ တစ်ဖက်တစ်ချက်မြစ်ဝှမ်းဒေသတွင် ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်နှင့် လိမ္မော်ပင်များစိုက်ပျိုးလျက်ရှိကြောင်းကိုလည်း တွေ့မြင်ခဲ့ရပေသည်။ ဇော်ဂျီမြစ်သည် ရပ်စောက်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့ကိုဖြတ်ပြီး ဧရာဝတီမြစ်ထဲသို့ စီးဝင်သွားသည်ကိုလည်း ထပ်မံလေ့လာသိရှိခဲ့ရပြန်ပါသည်။

ပင်းတယမြို့သို့ရောက်ရှိလျှင် မဖြစ်မနေဖူးမြော်ရမည်မှာ "ရွှေဥမင်လိုဏ်ဂူတော်ကြီးအတွင်း တည်ထားကိုးကွယ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များပင်ဖြစ်သည်။" ရွှေဥမင်သဘာဝလိုဏ်ဂူတော်ကြီးသည် အဝင်ဝမှ အဆုံးအထိ ပေပေါင်း ၄၉၀ ရှိပြီး လိုဏ်ဂူအတွင်း ဝက်ပါလမ်းတစ်လျှောက် ဗုဒ္ဓရုပ်ပွားတော်များဖြစ်သည့် ဗောဓိတစ်ထောင် တံခွန်တိုင်၊ ဆင်ငါးကောင်ခံဘုရားများ၊ ကျောက်စက်ပန်းများ၊ ကျောက်စက်တိုင်များနှင့် နတ်ရေကန်များကိုလည်း ထူးဆန်းအံ့သြဖွယ်ရာ တွေ့မြင်ဖူးမြော်ကြရမည်ဖြစ်သည်။

ရွှေဥမင်သဘာဝလိုဏ်ဂူအဝင်ဝတွင် တစ်လက်မခန့် ဗုဒ္ဓရုပ်ပွားတော် ၁၇၈၄ ဆူအား ကျောက်နံရံများတွင် တစ်နေရာတည်း စုစည်းကိုးကွယ်ထားသည်ကို တွေ့မြင်ရပြီး လိုဏ်ဂူအတွင်းတွင်လည်း ပုဂံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သည့် ဆုတောင်းပြည့်စေတီတော်နှင့် စေတီပတ်လည်ရှိ မြောက်ဘက်နံရံများမှ ဗုဒ္ဓရုပ်ပွားတော်များမှာလည်း တစ်ဆူနှင့်တစ်ဆူထိလျက်၊ ကပ်လျက်ဖြင့် အဆင့်ဆင့်တည်ထားကိုးကွယ်ထားသည်ကို ကြည်ညိုဖွယ်ရာ တွေ့မြင်ရကာ လိုဏ်ဂူအတွင်း ဗုဒ္ဓရုပ်ပွားတော်ပေါင်း ၈၀၉၄ ဆူနှင့် စေတီတော်ပေါင်း ၁၆၄ ဆူရှိနေပေသည်။ ဗုဒ္ဓရုပ်ပွားတော်အားလုံးသည် မျက်လွှာချပြီး တရားအားထုတ်နေသည့် ဗုဒ္ဓရုပ်ပွားတော်များဖြစ်ကြောင်း သိရှိမှတ်သားခဲ့ရပေသည်။

ရွှေဥမင်သဘာဝလိုဏ်ဂူ၏ တောင်ဘက်ဆုံးလိုဏ်ဂူမှာ "ရွှေဥမင်ဘုရား"ဖြစ်ပြီး ဒုတိယလိုဏ်ဂူနှင့် တတိယလိုဏ်ဂူများလည်းရှိနေကြောင်း တွေ့ရှိခဲ့ရပေသည်။ ဒုတိယလိုဏ်ဂူအတွင်းမှ "ရန်ကြီးအောင် ဗုဒ္ဓရုပ်ပွားတော်သည်လည်း ကြည်ညိုဖွယ်ရာကောင်းသည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူဖြစ်ကြောင်း၊ လိုဏ်ဂူအတွင်းရှိ "ပျားအုံဘုရား"နှင့် ရှမ်းစော်ဘွားတစ်ဦးတည်ထားခဲ့သည့် မဟာမြတ်မုနိဘုရား၊ မြောက်ဘက်နံရံအပေါ်ပိုင်းတွင် "ဘယ်ဘက်လက်ပေါ်တွင် တရားရေအေးတိုက်ကျွေးနေသည့် အမြိုက်အိုးနှင့် ညာဘက်လက်ပေါ်တွင် သစ်သီး၏အစေ့ကို လက်ဖြန့်ကိုင်ထားသည့် "ဘိသိကဂုရုပ်ပွားတော်"တို့ကိုလည်း သပ္ပာယ်စွာဖူးတွေ့ရမည်ဖြစ်ပေသည်။ သမိုင်းအထောက်အထားများအရ အဆိုပါ ဘိသိကဂုရုရုပ်ပွားတော်ကို ပူဇော်ထားရှိခြင်းဖြင့် "အိုးနှင့် သစ်စေ့နှစ်ခုပေါင်းထားခြင်းဖြစ်၍ ပြန်လည်နုပျိုစေပြီး အသက်ရှည်နိုင်ခြင်း၊ အနာကင်းစေခြင်း၊ အစေ့အပင်များ ရှင်သန်တိုးတက်ကြီးပွားစေကြောင်း၊ ထို့ကြောင့်လည်း ဘုရားပုံတော်ကိုးကွယ်ခြင်းဖြင့် စီးပွားဥစ္စာတိုးတက်စေပြီး ကျန်းမာဖို့ နှစ်မျိုးလုံးအတွက် ဆုတောင်းပြည့်သည်ဟု ဖွင့်ဆိုထားကြပေသည်။

ရွှေဥမင်လိုဏ်ဂူတော်အတွင်းသို့ ဆက်လက်ဝင်ရောက်ခဲ့လျှင် ခြွေးထွက်ကိုယ်စားတော်၊ ဆင်ချည်တိုင်၊ မြင်းချည်တိုင်၊ ကျောက်စည်၊ ကျောက်မောင်း၊ နတ်သမီးရက်ကန်းစင်နှင့် နတ်ရေကန်များကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ ဂူအတွင်းဝက်ပါလမ်းအတိုင်း ဆက်လျှောက်ပါက ဗုဒ္ဓရုပ်ပွားတော်များ တစ်ဆူနှင့် တစ်ဆူ ဆက်လျက်၊ ကပ်လျက် တည်ထားကိုးကွယ်ထားသည်။ ဘိသိကဂုရုဆင်ထိရုပ်ပွားတော်၊ ကြွက်လက်ထိရုပ်ပွားတော်၊ ဖီးကွက်လက်ထိရုပ်ပွားတော်နှင့် ခြသေ့်လက်ထိရုပ်ပွားတော်များကို ဖူးမြော်တွေ့မြင်ရမည်ဖြစ်သည်။ "ရွှေဥမင်သဘာဝလိုဏ်ဂူတော်ကြီးအား ပင်းတယမြို့ ၁၂ ရပ်ကွက်၊ ကျေးရွာ ၂၇ အုပ်စုတို့မှ တစ်ရပ်ကွက်လျှင် တစ်ဦးကျစီဖြင့် အလှည့်ကျဂေါပကအဖွဲ့ဝင်အဖြစ် လေးနှစ်တစ်ကြိမ် ရွေးချယ်တာဝန်ပေးစီမံခန့်ခွဲပြီး နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဂူတံခါးကြီးကို ဖွင့်ပေးထားပြီး ဘုရားဖူးလာခရီးသည်များ ဖူးမြော်ကြည်ညိုနိုင်အောင် စီစဉ်ဆောင်ရွက်ထားသည်ကိုလည်း လေ့လာသိရှိခဲ့ရပြန်ပေသည်။ ရွှေဥမင်ဘုရားဖူးခရီးသည်များ အတက်အဆင်းလွယ်ကူစေရန် အတွက်လည်း ဓာတ်လှေကားနှစ်စင်းတပ်ပေးထားသည်ကို တွေ့ရှိရပြီး ဓာတ်လှေကားပေါ်မှ အရှေ့ဘက်သို့ လှမ်းမြော်ကြည့်ပါက တောင်ကုန်းတောင်တန်းများ၊ စိုက်ပျိုးခင်းများနှင့် တောင်တန်းပေါ်မှ စေတီပုထိုးများ၊ ကျေးရွာများ၊ ပုန်းတလုတ်ရေကန်နှင့် ပင်းတယမြို့၏ အလှတို့ကို "သဘာဝပန်းချီကားတစ်ချပ်အလား" စိတ်ကြည်နူးဖွယ်ရာတွေ့မြင်ရမည်ဖြစ်ပေသည်။

ပင်းတယမြို့မှ မြောက်ဘက် ကားလမ်းမကြီးအတိုင်း မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ကျေးဇူးတော်ရှင် ကိုးလုံဆရာတော်ကြီး သီတင်းသုံးရာ သာသနိကအဆောက်အအုံများနှင့် ကိုးလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကိန်းအောင်းစံမြန်းသည့်

စာမျက်နှာ ၂ သို့ »»



မွေတော်ကက္ကူဘုရား။

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၌ ငှက်မျိုးစိတ်နှင့် နို့တိုက်သတ္တဝါမျိုးစိတ်များ ဆန်းစစ်လေ့လာ

**နေပြည်တော် ဧပြီ ၂၅**

သစ်တောဦးစီးဌာနနှင့် အီတလီနိုင်ငံ အခြေစိုက် IstituKo Oikos တို့ပူးပေါင်း၍ ဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်အကောင်အထည်ဖော်ရန် MOA လက်မှတ်ရေးထိုးပြီး စီမံချက်အကောင်အထည်ဖော်ခြင်းအဖြစ် Oikos မှ ကျွမ်းကျင်ပညာရှင်များနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း လန်ပိကျွန်းမကြီးနှင့် အရန်ကျွန်းများတွင် **ငှက်မျိုးစိတ်များနှင့် နို့တိုက်သတ္တဝါမျိုးစိတ်**များ ဆန်းစစ်လေ့လာခြင်း စနစ်ရေးဆွဲရေးဆိုင်ရာ ကွင်းဆင်းလုပ်ငန်းကို မတ် ၉ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းလေ့လာချက်အရ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် ငှက်မျိုးစိတ် ၁၂၀ နှင့် နို့တိုက်သတ္တဝါမျိုးစိတ် ၁၉ မျိုးရှိကြောင်းသိရပြီး မျိုးစိတ်များ စာရင်းကောက်မှတ်တမ်းတင်ခြင်း၊ အချက်အလက်များအား ကွန်ပျူတာဖြင့် သိမ်းဆည်းခြင်း၊ အဆင့်မြင့်နည်းပညာဖြစ်သည့် မျိုးစိတ်ဆန်းစစ်လေ့လာခြင်း (Monitoring Protocol) ကိုအသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း နို့တိုက်သတ္တဝါများအတွက် ကင်မရာထောင်ချောက်များတပ်ဆင်သည့် နည်းပညာနှင့် ခြေရာအမှတ်အသားများ လေ့လာသည့် နည်းစနစ်များအား ဒေသခံဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကင်မရာထောင်ချောက်များမှ ဓာတ်ပုံများအား မျိုးစိတ်ခွဲခြားခြင်း ဆောင်ရွက်ခဲ့သဖြင့် ဝန်ထမ်းများ၏ ဘာသာရပ်ဆိုင်ရာ ပညာရပ်များတိုးတက်မြင့်မားလာခဲ့ကြောင်း အခြားဘေးမဲ့တောဥယျာဉ်များတွင် ၎င်းနည်းပညာများကိုအသုံးပြု၍ တိရစ္ဆာန်မျိုးစိတ်များကို ဆန်းစစ်လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သစ်တောဦးစီးဌာန)**





# ဓမ္မရံကြီးဘုရားအနီး ထနောင်းပင်အောက်မှ ရုပ်သေးရုပ်များကို ဘုရားဖူးများ စိတ်ဝင်စားကာ နှစ်သက်သဘောကျ

**ပုဂံ ဧပြီ ၂၅**

နိုင်ငံတကာမှ ခရီးသွားဧည့်သည်များသည် ပုဂံကို ရောက်ပါမှ မြန်မာနိုင်ငံကိုရောက်သည်ဟုပင် ဆိုကြသည်။ ပြည်တွင်းဘုရားဖူးများသည်လည်း ပုဂံဒေသရှိ စေတီပုထိုးများကို အလေးအမြတ်ထား၍ ဖူးမြော်ကြသည်။ ပုဂံနှင့်ပတ်သက်သမျှ ရာဇဝင်များကို ပြောပါက တုတ်ထမ်း၊ ဓားထမ်းပြောဆိုရသည်ဟုပင် တင်စားထားကြသည်။

ရှေးလူကြီးများသည် ပုဂံဘုရားနှင့် ပတ်သက်၍ လှည်းဝင်ရိုးသံတည်းညံ ပုဂံဘုရားပေါင်းဟု မှတ်တမ်းပြုခဲ့သလိုပင် ရေတိုက်စား၍ ပျက်စီးသွားသောစေတီများကို ရွှေလသာဝါဝါဝင်းဘုရားရေချိုးဆင်းဟုလည်း မှတ်တမ်းပြုခဲ့ကြသည်။ နွေရာသီကျောင်းပိတ်ရက်များတွင် ပြည်တွင်းဘုရားဖူးများသည် ပုဂံ၊ ပုပ္ပားဒေသများသို့ ဘုရားဖူး သွားလေ့ရှိကြသည်။ လက်ရှိကာလတွင် ဘုရားဖူးသွားရာ၌ လိုက်ထရပ်ကားများကို အသုံးပြုမှုများပြားကြသည်။ မန္တလေးမှ ပုဂံ-ညောင်ဦး-ပုပ္ပားသို့ တစ်ညအိပ်နှစ်ရက်ခရီး ငွေကျပ် တစ်သိန်းသုံးသောင်းဖြင့် အငှားလိုက်ကြသည်။

ဘုရားဖူးထွက်နေကျကားများသည် ကျွမ်းကျင်စွာ ဘုရားစုံပို့ဆောင်ပေးကြသည်။ မြန်မာမှန်လျှင် ပုဂံရောက်ဖူးရမည်ဖြစ်ပြီး ပုဂံဘုရားဖူးလိုက်ပါမှ လူဖြစ်ကျိုးနပ်သည်ဟုပင် ခံယူထားသူများရှိနေသည်။ ဘုရားဖူးများသည် လက်ကိုင်ဖုန်းများဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးမှုများပြားကြသည်။ လက်ရှိကာလတွင် ပြည်တွင်းပြည်ပ ဘုရားဖူးများသည် ပုဂံဒေသရှိ ဓမ္မရံကြီးဘုရားအနီး ထနောင်းပင်အရိပ်တွင် အလှချိတ်ဆွဲထားသော ရုပ်သေးရုပ်ကလေးများကို စိတ်ဝင်စားကြသည်။ နွေရာသီထနောင်းပင်အရိပ်တွင် အလှချိတ်ဆွဲထားသော ရောင်စုံရုပ်သေးရုပ်မျိုးစုံဖြင့် အမှတ်တရဓာတ်ပုံရိုက်မှုများပြားလျက်ရှိသည်။ နွေရာသီ ထနောင်းပင်အရိပ်အေးမြသော ပုဂံလေနုအေးကလေးများကို ဘုရားဖူးသွားရင်း အရသာခံနားခိုလေ့ရှိကြသည်။ ထနောင်းပင်အရိပ်တွင် လှပသော မြန်မာ့ရိုးရာရုပ်သေးရုပ်ကလေးများ ချိတ်ဆွဲထားမှုမှာ ပြည်တွင်းဘုရားဖူးများသာမက နိုင်ငံတကာမှ ခရီးသွားဧည့်သည်များကပါ ဆွဲဆောင်နှစ်ခြိုက်ကြကြောင်း နယ်ခံတစ်ဦးက ပြောပြသည်။

**(တိမ်တမန်)**

# လိုဏ်ဂူပေါ်များ တောင်ကြီး၊ ပင်းတယ ရွှေဉမင်ဘုရား ရောက်အောင်ဖူးမြော်သွား

**»» တနင်္ဂနွေအထူးထုတ် ရှေ့ဖုံးမှ**

စံကျောင်းဗိမာန်တော်ကြီးကိုလည်း ဖူးမြော်ကြည်ညိုခဲ့ရပေသည်။ ကုံလုံဆရာတော်ကြီး၏ စံကျောင်းဗိမာန်တော်ကို ဖူးမြော်ပြီးပါက ညောင်ရွှေမြို့ရှိ အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ရာ ပင်းတယမှ အောင်ပန်းသို့ ပြန်လည်ထွက်ခွာရမည်ဖြစ်ပြီး အောင်ပန်းမှတစ်ဆင့် ရွှေညောင်သို့ ရောက်ရှိကာ ရွှေညောင်လမ်းခွဲမှတစ်ဆင့် ခြောက်မိုင်ခန့်ကွာဝေးသည့် "ညောင်ရွှေမြို့"သို့ ရောက်မည်ဖြစ်သည်။ ညောင်ရွှေမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၉၅၀ တွင်ရှိသော မြို့လေးတစ်မြို့ဖြစ်ပြီး လူဦးရေမှာ ညောင်ရွှေ၊ အင်းလေးဒေသတစ်ဝိုက်တွင် ခုနစ်သောင်းကျော်ခန့် နေထိုင်ကြကြောင်းနှင့် ပအိုဝ်း၊ တောင်သူ၊ ဓနု၊ အင်းသားများ စုပေါင်းနေထိုင်ကြသည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။ "ယခင်စော်ဘွားများ ရုံးစိုက်ရာဒေသဖြစ်၍ ယနေ့တိုင် ညောင်ရွှေစော်ဘွားပြတိုက်" ရှိရာကိုလည်း သွားရောက်လေ့လာနိုင်မည်ဖြစ်သည်။ ညောင်ရွှေမြို့မှ တစ်ဆင့် ပဲ့ချိတ်စက်လှေဖြင့် ၄၅ မိနစ်ခန့်စီး၍သွားပါက အင်းလေးကန်အတွင်းရှိ တန်ခိုးကြီးဖောင်တော်ဦးဘုရားသို့လည်း သွားရောက်ဖူးမြော်နိုင်သည်။

အင်းလေးကန်သည် အလျား ၁၁ မိုင်၊ အနံ လေးမိုင်ရှိပြီး အင်းလေးဒေသတွင် ငါးဖမ်းခြင်းလုပ်ငန်းနှင့် ရေပေါ်စိုက်ခင်းများတွင် ခရမ်းချဉ်၊ ဂေါ်ဖီစသည့် သီးနှံမျိုးစုံ စိုက်ပျိုးခြင်းလုပ်ငန်းများနှင့် အင်းသူအင်းသားများသည် ကျွန်းမျောများပေါ်တွင် အိမ်များဆောက်လုပ်နေထိုင်ကြပြီး ခြေတစ်ဖက်တည်းဖြင့်သာ လှေကို လှော်ခတ်ကာ တစ်နေရာမှ တစ်နေရာသို့ သွားရောက်ကြခြင်း၊ ငါးဖမ်းခြင်း စသည့်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေကြသည်ကိုလည်း စိတ်ဝင်စားဖွယ်ရာ တွေ့မြင်ကြရမည်ဖြစ်သည်။ အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရာ ရေလမ်းကြောင်းတစ်လျှောက် စက်လှေပေါ်မှနေ၍ အရှေ့၊ အနောက်တောင်တန်းများနှင့် ရေပေါ်စိုက်ခင်းများ၊ ခြေတန်ရှည်အိမ်များ၊ ရေပေါ်ဟိုတယ်များအပြင် ခုတ်မောင်းသွားလာနေသော စက်လှေများနောက်သို့ လိုက်၍ အစာတောင်းနေကြသည့် စင်ရော်ငှက်လေးများ၊ ရေဘဲလေးများစသည့် သဘာဝအလှရှုခင်းများကိုလည်း အားပါးတရကြည့်မဝအောင် ကြည်နူးဖွယ်ရာ တွေ့မြင်ခံစားရမည်ဖြစ်ပေသည်။ အင်းလေးဒေသသည် ရက်ကန်းလုပ်ငန်း၊ ငွေပန်းထိမ်လုပ်ငန်း၊ ပန်းဘဲလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ နှစ်ခြိုက်စွာ သွားရောက်လေ့လာလည်ပတ်နိုင်သည့် နေရာတစ်နေရာဖြစ်ကြောင်းကိုလည်း တွေ့ရှိခဲ့ရသည်။

အင်းလေးဖောင်တော်ဦးဘုရားဖူးပြီးပါက စက်လှေဖြင့် တစ်မိုင်ခန့်ဝေးသည့် "အလိုတော်ပေါက်ဘုရား" သို့လည်း ဆက်လက်သွားရောက်ဖူးမြော်နိုင်ကြောင်းကိုလည်း သိရှိခဲ့ရပေသည်။

ထို့နောက် ရှမ်းပြည်နယ်၏ မြို့တော်တောင်ကြီးမြို့သို့ ဆက်လက်လည်ပတ်သွားရောက်နိုင်မည်ဖြစ်သည်။ တောင်ကြီးမြို့သည် ကလောမြို့မှ မိုင် ၄၀ အကွာတွင်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၄၄၀ တွင် တည်ရှိသော သာယာအေးချမ်းလှပသည့် တောင်စခန်းမြို့တစ်မြို့ဖြစ်သည်။ နွေရာသီတွင် အပန်းဖြေလာရောက်ကြသူများ၊ ဒေသန္တရဗဟုသုတရှာမှီးကြသူများနှင့် ဘုရားဖူးများဖြင့် အလွန်စည်ကားလှသည့် ရှမ်းပြည်နယ်၏ မြို့တော်လည်း ဖြစ်ပေသည်။ ထို့ပြင် ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ သွားရာအဝင်လမ်းဆုံ မြို့တစ်မြို့လည်းဖြစ်သည်။

တောင်ကြီးမြို့အဝင် ကြိုးတံတားနှင့် စူလာမုနိစေတီတော်၏ ကုန်းပေါ်မှ တောင်ကြီးမြို့၏ အလှသဘာဝရှုခင်းများကိုလည်း ပန်းချီကားတစ်ချပ်အလား ကြည့်ရှုခံစားနိုင်သည်။ တောင်ကြီးမြို့သည် နှစ်စဉ် ဒီဇင်ဘာနောက်ဆုံးပတ်တွင် ချယ်ရီပန်းများဝေဆာစွာဖူးပွင့်သည့် မြို့လည်းဖြစ်သည်။ တောင်ကြီးမြို့၏ တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိ ပြီး မြို့လုံးကျွတ်ဘုံကထိန်လှည့်လည်ပွဲ၊ ကောက်ရိတ်သိမ်းပွဲတော်များ၊ နေ့အရုပ် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲများနှင့် ညအလှ မီးပုံးပျံလွှတ်တင်ပြိုင်ပွဲများကို ကျင်းပလေ့ရှိကြောင်းကိုလည်း လေ့လာသိရှိခဲ့ရသည်။

တောင်ကြီးမြို့မှ တစ်ဆင့် ၂၈ မိုင်ခန့်ဝေးသော မွေတော်ကက္ကူဘုရားသို့လည်း သွားရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။ မွေတော်ကက္ကူဘုရားစေတီသည် စေတီတော်ပေါင်း ၂၅၀၀ ကျော်ကို တစုတဝေးတည်း တည်ထားကိုးကွယ်ထားခဲ့သည့် စေတီပုထိုးတော်များဖြစ်ပြီး ပန်းတမော့လက်ရာများဖြင့် တည်ထားသည့် စေတီဘုရားများလည်းဖြစ်သည်။ မွေတော်ကက္ကူဘုရားသို့ သွားရာလမ်းတစ်လျှောက်တွင် ပအိုဝ်း၊ ရှမ်းလူမျိုးများစွာ နေထိုင်ကြပြီး ကြက်သွန်ဖြူ၊ သနပ်ဖက်၊ ကောက်ညှင်းစပါးများ စိုက်ပျိုးကာအသက်မွေးဝမ်းကျောင်းပြုလုပ်နေထိုင်ကြသည်ကိုလည်း လေ့လာမှတ်သားသိရှိရပါသည်။

တောင်ကြီးမြို့မှ တောင်ဘက်သို့ ခရီးဆက်လက်ထွက်ခွာခဲ့လျှင် ဟိုပုံးမြို့၊ မိုင်းပွန်မြို့၊ လွိုင်လင်မြို့၊ ပင်လုံမြို့၊ လဲချားမြို့၊ မိုင်းနောင်မြို့၊ မိုင်းရှုးမြို့၊ တန့်ယန်းမြို့နှင့် လားရှိုးမြို့များသို့ သွားရောက်နိုင်ပြီး လွိုင်လင်မြို့မှ အရှေ့ဘက်သို့ ခရီးဆက်လျှင် နမ့်စန်မြို့၊ မိုးနဲမြို့၊ ကွန်ဟိန်းမြို့၊ မိုင်းဆတ်မြို့၊ မိုင်းဖြတ်မြို့၊ ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့များသို့လည်း သွားရောက်နိုင်ပေသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ တောင်ကြီးမြို့သို့ သွားရောက်လည်ပတ်လိုပါက သာစည်မြို့မှ ကလော၊ အောင်ပန်း၊ ဟဲဟိုးနှင့် ရွှေညောင်မြို့တို့မှတစ်ဆင့် မော်တော်ယာဉ်ဖြင့်ဖြစ်စေ မီးရထားဖြင့်ဖြစ်စေ သွားရောက်နိုင်သည်။

တောင်ကြီးမြို့မှ ဆက်လက်ထွက်ခွာခဲ့လျှင် ဟိုပုံးမြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ဟိုပုံးမြို့မှ ၁၂ မိုင်ကွာဝေးသည့် "ထမ့်ဆန်းသဘာဝလိုဏ်ဂူတော်သို့လည်း သွားရောက်လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။ လိုဏ်ဂူအတွင်း ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များ၊ ကျောက်စည်ကျောက်မောင်းများကိုလည်း အံ့သြဆန်းကြယ်စွာတွေ့မြင်ခဲ့ရပေသည်။ ထမ့်ဆန်းလိုဏ်ဂူတော်ကြီးသည် တောင်ကြီး၊ ဟိုပုံးနှင့် မိုင်းပွန်မြို့တို့အကြားကားလမ်းဘေးတွင်ရှိပြီး နယ်မြေအေးချမ်းသာယာသည့်အတွက် လေ့လာသူများနှင့် ဘုရားဖူးခရီးသည်များ နေ့စဉ် စည်ကားလျက်ရှိသည်။ ထမ့်ဆန်းလိုဏ်ဂူနှင့် ဘုရားဖူးလာသူများကိုလည်း နယ်မြေခံတိုင်းရင်းသူများက ပျူငှာဖော်ရွေစွာကြိုဆိုကြပြီး သက်သတ်လွတ်ထမင်းဟင်းတို့ဖြင့် ဧည့်ခံကျွေးမွေးနေကြသည်ကိုလည်း တွေ့ရှိခဲ့ရပေသည်။

သို့ပါ၍ ရှမ်းပြည်နယ်၏ မြို့တော်တောင်ကြီးမြို့နှင့် အင်းလေးဖောင်တော်ဦးဘုရားမကျန်လိုဏ်ဂူအလွန်ပေါများလှသည့် ပင်းတယ ရွှေဉမင်ဘုရားများနှင့် ဟိုပုံးမြို့နယ်နှင့်မိုင်းပွန်မြို့အကြား ထမ့်ဆန်းသဘာဝလိုဏ်ဂူဘုရားများသို့ ဒေသန္တရဗဟုသုတရှာမှီးလို၍ဖြစ်စေ၊ ဘုရားဖူးဖြစ်စေ တစ်ခေါက်အလည်အပတ် သွားရောက်လိုပါက ရန်ကုန်၊ မန္တလေးမြို့ကြီးများမှ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ပင်လောင်းနှင့် ဟိုပုံးမြို့များသို့ မော်တော်ယာဉ်ဖြင့်ဖြစ်စေ မီးရထားဖြင့်ဖြစ်စေ သွားရောက်နိုင်ပါကြောင်း စေတနာထပ်လောင်း၍ ဗဟုသုတပွားလိုက်ရပေတော့သည်။ ။

မန္တလေးတိုင်းဒေသကြီး

# ရမည်းသင်းမြို့နယ် လက်ပံကုန်းရွာတွင် ယနေ့ထက်တိုင်ဝါးကိုနှီးဖြာ တောင်းအမျိုးမျိုးရက်လုပ်



**ရမည်းသင်း ဧပြီ ၂၅**

ဝါးကိုနှီးဖြာပြီး မြန်မာ့ရိုးရာလက်မှုပညာဖြင့် လူအသုံးအဆောင်ပစ္စည်း တောင်းအမျိုးမျိုးကို ရမည်းသင်းမြို့နယ် လက်ပံကုန်းအုပ်စု လက်ပံကုန်းကျေးရွာတွင် ယနေ့ထက်တိုင် လုပ်ကိုင်ရက်လုပ်ကြကြောင်း သိရသည်။

ယင်းလက်ပံကုန်းရွာတွင် ဝါးကိုနှီးဖြာကာ တောင်းအမျိုးမျိုးရက်လုပ်သောလုပ်ငန်းကို ရှေးယခင်ကပင် လုပ်ကိုင်ခဲ့သည်ဟုသိရပြီး တင်းတောင်း၊ ခွဲတောင်း၊ စိုက်တောင်း၊ ပြည်တောင်း၊ လက်ဆွဲခြင်းအမျိုးမျိုးနှင့် ပွဲတင်ခြင်း အစရှိသည်တို့ကို ပြုလုပ်ကြသည်။ အများအားဖြင့် မိသားစုလိုက် တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြခြင်းဖြစ်သည်။ ယင်းသို့ တောင်းအမျိုးမျိုး ရက်လုပ်ရန်အတွက် အဓိကကုန်ကြမ်းမှာ ဝါးဖြစ်သည်။ ကြသောင်းဝါး၊ တင်းဝါးကိုသာအများဆုံး အသုံးပြုကြပြီး ဝါးကို အဆစ်လိုက်ဖြတ်၍ မိမိပြုလုပ်လိုသော ပစ္စည်းအပေါ်မူတည်ကာ ဖြတ်ထားသော ဝါးဆစ်ပိုင်း ကိုနှီးအရွယ်အစားအမျိုးမျိုးဖြာရသည်။ ဝါး၏အူကို အတန်ငယ်ဖယ်၍ ဖြာရသည်။ သို့မှသာ ကျိုးပဲ့မှုနည်းမည်ဖြစ်ကာ ဝါးအကြောပိုင်းကို ပတ်နှီးအဖြစ် အသုံးပြုကြသည်။ ဝါးတစ်လုံးကို တင်းတောင်းရက်ပါက တင်းတောင်းနှစ်လုံး၊ စိုက်တောင်းရက်ပါက စိုက်တောင်းသုံးလုံး၊ ပွဲတင်တောင်းရက်ပါက အလုံးနှစ်ဆယ်နီးပါး၊ ပြည်တောင်းရက်ပါက ၂၅ လုံးခန့်ရရှိသည်ဟု သိရပြီး လူတစ်ယောက်တစ်နေ့လျှင် တင်းတောင်း၊ စိုက်တောင်းရက်ပါက သုံးလုံးပြီးအောင်ရက်နိုင်ပြီး ပွဲတင်တောင်းနှင့် ပြည်တောင်းရက်ပါက ဆယ်လုံးနီးပါးပြီးစီးသည်ဟု သိရသည်။

ငရုတ်သီးဆွတ်ခူးချိန်၊ ပဲတီစိမ်းကောက်ချိန်တွင် လက်ဆွဲခြင်း အများဆုံးပြုလုပ်ကြရပြီး စပါးပေါ်ချိန်တွင် တင်းတောင်း၊ စိုက်တောင်း၊ ခွဲတောင်းတို့ကို အများဆုံးရက်လုပ်ရပြီး အရောင်းသွက်သည်။ ပွဲတင်တောင်းမှာ ရာသီမရွေး ရက်လုပ်ကြရသည်။ တင်းတောင်းတစ်တောင်းလျှင် ကျပ် ၃၅၀၀၊ စိုက်တောင်းတစ်တောင်းလျှင် ကျပ် ၁၆၀၀၊ လက်ဆွဲခြင်းတစ်ခြင်းလျှင် ကျပ် ၁၁၀၀၊ ပြည်တောင်းတစ်လုံးလျှင် ကျပ် ၄၅၀၊ ပွဲတင်ခြင်းတစ်ခြင်းလျှင် ကျပ် ၄၀၀ ဝန်းကျင်ရောင်းချရသည်။

တောင်းရက်သူတစ်ဦးလျှင် ပြီးစီးမှုအတိုင်းအတာပေါ် မူတည်၍ ဝါးဖိုး၊ ကြိမ်ဖိုးနုတ်ပြီး တစ်နေ့လျှင် နေ့တွက် နှစ်ထောင်ကျော်မှ နှစ်ထောင်ငါးရာကျပ်ဝန်းကျင် ဝင်ငွေရရှိသည်။ လက်ပံကုန်းဒေသမှ ရက်လုပ်သော တောင်းအမျိုးမျိုးကို ရမည်းသင်းမြို့၊ ပျော်ဘွယ်မြို့၊ မိတ္ထီလာမြို့နှင့် တပ်ကုန်းမြို့ အစရှိသော မြို့များသို့ တင်ပို့ရောင်းချကြသည်။

ယင်းလက်ပံကုန်းကျေးရွာမှ ရက်လုပ်သောတောင်းများမှာ အရည်အသွေးကောင်းမွန်သပ်ရပ်ပြီး ကြာရှည်ခံသောကြောင့် လက်ပံကုန်းတောင်းမှာ ယနေ့ထက်တိုင် နာမည်ရရှိလျက် ပြောင်းလဲလာသော ခေတ်အလိုက် ပလတ်စတစ်တောင်းများ၊ လက်ဆွဲခြင်းများ အစားထိုးဝင်ရောက်လာသော ပစ္စည်းများနှင့်ယှဉ်ကာ လက်ပံကုန်းဒေသထွက် တောင်းအမျိုးမျိုးကို ယနေ့ထက်တိုင် လူကြိုက်များကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



မွန်ပြည်နယ်

# ဝင်းပကျေးရွာ၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**သထုံ ဧပြီ ၂၅**

နှစ်စဉ်ကျင်းပခဲ့သော ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို အသက် (၁၅)နှစ်မှ (၂၅)နှစ်အရွယ်အထိ ကျောင်းသားကျောင်းသူများ၊ လူငယ်လူရွယ်များသည် မြန်မာ့ယဉ်ကျေးမှုများ၊ အသိဉာဏ်ပညာများတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအုပ်စု ဝင်းပကျေးရွာ ဝင်းပကျောင်းတိုက်၌ နဝမအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၁၉ ရက် ညနေ ၆ နာရီမှစတင်၍ ဧပြီ ၂၂ ရက်အထိ တက်ရောက်သင်ကြားခဲ့သည်။ အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို ဝင်းပကျောင်းတိုက်ဆရာတော် ဦးပညာအားအမှူးထား၍ အရှင်စန္ဒောဒယ (ဓမ္မဒူတ)တိုက်အုပ်ဆရာတော်၊ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက် မှော်ဘီမြို့ ရန်ကုန်တိုင်းဒေသကြီးက ဦးဆောင်တရားပြ၍ ယဉ်ကျေးလိမ္မာ သင်တန်း ဆရာ ဆရာမ လေးဦးတို့က သင်တန်းသားသင်တန်းသူ ၁၀၅ ဦးတို့အား အချိန်ပိုင်းသင်ကြားပို့ချပေးပြီး ဝင်းပကျေးရွာ၊ ဒညင်းကုန်းကျေးရွာ၊ ရေတွင်းဖြူကျေးရွာ အစရှိသော အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များသည် ဝင်းပကျောင်းတိုက်၌ ရှစ်ပါးသီလခံယူ၍ ယဉ်ကျေးလိမ္မာသင်တန်းကို တက်ရောက်သင်ကြားကြသည်။ **ခွန်(ဝင်းပ)**

ရန်ကုန်တိုင်းဒေသကြီး

# သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကို ဖြေဆိုသူ ၂၅၀၀ စာဖြေဌာန ကိုးခုတွင်ဖြေဆိုခဲ့

**ရန်ကုန် ဧပြီ ၂၅**

စတုတ္ထအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကို တိုင်းဒေသကြီးလေးခုရှိ စာဖြေဌာနကိုးခုတွင် ဧပြီ ၁၁ ရက်နှင့် ၂၀ ရက်တို့တွင် ပိဋကဂုဏ်ဆောင်ဆရာတော်များ၊ ဓမ္မာစရိယဆရာတော်များ ဦးစီးဖွဲ့စည်းထားသည့် သုတစုံလင်ဗုဒ္ဓဝင်ဗဟိုအဖွဲ့မှ ကျင်းပလျက်ရှိကြောင်း သိရသည်။

ပထမအဆင့်ကို ဧပြီ ၁၁ ရက်တွင်လည်းကောင်း၊ ဒုတိယအဆင့်ဖြေဆိုမှုကို ဧပြီ ၂၀ ရက်တွင်လည်းကောင်း နေပြည်တော်ကောင်စီနယ်မြေစာဖြေဌာန ပျဉ်းမနားနှင့် တောင်ငူမြို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကန်တော်ကြီးဝင်းရှိ ဓမ္မရေဝါဆိုကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အထက(၁)လသာမြို့၊ ကျောက်တန်းမြို့၊ ကော့မှူးမြို့၊ ငါန်းဇွန်မြို့တို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၊ ဓနုဖြူမြို့များရှိ စာဖြေဌာနကိုးနေရာတွင် နံနက် ၈ နာရီခွဲမှ ၁၁ နာရီအထိ အသီးသီးဖြေဆိုကြပြီး ဖြေဆိုသူပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၅၀၀ ရှိကြောင်း သိရသည်။

ဖြေဆိုသူများတွင် အသက် (၁၅)နှစ်အောက် ပဥ္စမတန်းမှ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူ လူငယ်များ၊ ဓမ္မစကူးဖောင်ဒေးရှင်းကျောင်းများမှ ဗုဒ္ဓဝင်ဗဟုသုတလေ့လာထားသူ လူငယ်များ ပါဝင်ပြီး စာလိုက်နိုင်သူများကိုသာ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။ ပထမအဆင့် ဖြေဆိုသူလူငယ် ၂၅၀၀ ဖြေဆိုပြီး ဒုတိယအဆင့်တွင် ဖြေဆိုသူ ၂၇၁ ဦးရှိပြီး ၎င်းတို့အနက်မှ အကောင်းဆုံးအောင်မြင်သူ ၂၄ ဦးကို ရွေးချယ်ခဲ့သည်။ ဖြေဆိုသူများထဲမှ ဂုဏ်ထူးအောင်သူများကို တစ်ဦးလျှင်ငွေကျပ်သုံးသောင်းစီနှင့် ဆုတံဆိပ်များကိုလည်းကောင်း၊ အထူးအောင်မြင်သူများကို ငွေကျပ်တစ်သောင်းနှင့် ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ အရှင်မဏ္ဍလက မိန့်ကြားသည်။

နောက်ဆုံးစာမေးပွဲနှုတ်ဖြေကို မေ ၅ ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် MCC ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး သုတစုံလင်သံတမန်များက ဓမ္မပူဇာသီချင်းများ၊ တေးသီချင်းများဖြင့်လည်း ထည့်သွင်းဖျော်ဖြေသွားမည်ဟု သိရသည်။ ထိုနောက်ဆုံး စာမေးပွဲဖြေဆိုသူ ၂၄ ဦးထဲမှ ပထမဆုကို ၁၂ သိန်း၊ ဒုတိယဆုကို ခုနစ်သိန်း၊ တတိယဆုကို ငါးသိန်း၊ နှစ်သိမ့်ဆု သုံးသိန်းနှင့် ဆုတံဆိပ်များ၊ ကျန် ၂၀ ကို ဆုငွေကျပ်တစ်သိန်းစီနှင့် သင်တန်းဆိုင်ရာ အခွင့်ထူးများ ပေးအပ်သွားမည်ဖြစ်ကြောင်း သုတစုံလင်ဗုဒ္ဓဝင်ဗဟိုအဖွဲ့မှ သိရသည်။ ပြိုင်ပွဲတွင် အလှူရှင်များထံမှ ရရှိသောငွေကြေးများဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခဲ့ရာ ကုန်ကျငွေပေါင်း သိန်း ၃၅၀ ရှိကြောင်း သိရသည်။

**(သန့်ဇင်ဝင်း)**

မကွေးတိုင်းဒေသကြီး

# ဓမ္မတာမျိုးဆက်ခြင်းဆောင်ရွက်ရာမှ ထွက်ရှိလာသောထင်းများအား ဒေသခံကျေးရွာသို့ဝေငှ

**နတ်မောက် ဧပြီ ၂၂**

နတ်မောက်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ် သဘာဝတောထိန်းလုပ်ငန်းစဉ် (၈)ရပ်မှ တစ်ခုအပါအဝင်ဖြစ်သော ဓမ္မတာမျိုးဆက်ခြင်း ဧက(၁၀၀)မှ ထွက်ရှိသည့်ထင်းများအား နတ်မောက်မြို့နယ် လျှော်ချောင်းကြီးကျေးရွာအုပ်စု လ/တံခွန်တိုင်ကျေးရွာသို့ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တက်ရောက်လာကြသော လ/တံခွန်တိုင်ကျေးရွာနေပြည်သူများအား နတ်မောက်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးထိုက်လွင်ဦးနှင့် ဝန်ထမ်းများ၊ လျှော်ချောင်းကြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဘိုဝင်း၊ လ/တံခွန်တိုင်ကျေးရွာ ရာအိမ်မှူးတို့က ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့်ထင်း ၅ ဒသမ ၇၀၂၄ တန်ကို အိမ်ထောင်စု ၁၀စုသို့ တစ်အိမ်ထောင်လျှင်သည ဒသမ ၅၇၀၂၄တန်နှုန်းဖြင့် ထင်းများ အခမဲ့ဝေငှခဲ့ကြောင်း သတင်းရရှိသည်။

**(ဇင်ဝေယံလင်း)**

မကွေးတိုင်းဒေသကြီး

# မိုးမကျခင် နှမ်းများကြိုကြဲခြင်းဖြင့် အလုပ်လှိုင်နေသောကျေးရွာ

**မကွေး ဧပြီ ၂၅**


မကွေးမြို့အထွက် တောင်တွင်းလမ်းပေါ်ရှိ မကြီးကန်ကျေးရွာတွင် သင်္ကြန်အတက်နေ့မှ ယနေ့အချိန်အထိ မိုးမရွာခင်နှမ်းများကို ကြိုကြဲကြရာ နွားရှင်များနှင့်တောင်သူများ အလုပ်လှိုင်နေကြောင်း သိရသည်။

"မကြီးကန်ကျေးရွာမှ တောင်သူများသည် မိုးမကျခင် နှမ်းကြိုကြဲစနစ်ကို ကျင့်သုံးလာတာ ၁၀ နှစ်ခန့်ရှိပါပြီ။ မကြီးကန်ကျေးရွာမှ တောင်သူများ ကြိုကြဲစနစ်ကိုကျင့်သုံးလာတဲ့ ၁၀ နှစ်အတွင်း ၂၀၁၄ ခုနှစ်က မိုးဦးကျနည်းခြင်း၊ မိုးဦးကျမညီမျှခြင်းကြောင့် တချို့တောင်သူများ နှမ်းကြိုကြဲထားသည်များကိုဖျက်၍ ပြန်ကြဲကြရပါတယ်။ မနှစ်က တစ်နှစ်ပဲ ကျန်နှစ်များကတော့ အဆင်ပြေခဲ့ကြောင်း သိရှိရပြီး ပတ်ဝန်းကျင်ကျေးရွာများကတော့ နှမ်းကြိုကြဲစနစ်ကို ဘယ်ကျေးရွာမှ မကျင့်သုံးပါ။ မိုးဦးကျ မိုးဖြိုင်ဖြိုင်ကျမှ နှမ်း၊ မြေပဲများကို ကြဲကြပါတယ်"ဟု တောင်သူတစ်ဦးက ပြောပြသည်။

နှမ်းများကို မိုးမကျခင် ကြိုကြဲခြင်းဖြင့် နွားများမြေအစိုကိုမရှုန်းရ၍ နွားများသက်သာခြင်း၊ မိုးရွာမှကြဲသည့် နှမ်းထက် ငါးရက်စော၍ အပင်ပေါက်ခြင်း၊ ကြိုကြဲနှမ်းများသည် မိုးဦးကျသဲသဲမည်းမည်း ရွာလိုက်သည်နှင့် အပင် ပေါက်များပိုသန်ခြင်း၊ အပင်ပေါက်များသန်၍ မြေဩဇာလျှော့သုံး၍ရကြောင်း မကြီးကန်ကျေးရွာမှ တောင်သူတစ်ဦးကပြောပြ၍ သိရပြီး မကြီးကန်ကျေးရွာ နှမ်းထွက်နှုန်း၊ မြေပဲထွက်နှုန်းများသည် ပတ်ဝန်းကျင်ကျေးရွာများမှ အံ့သြလောက်အောင် နှစ်စဉ်ထွက်ရှိ၍ မကွေးတိုင်းဒေသကြီးအတွင်းတွင် မကြီးကန်ကျေးရွာသည် နှမ်းထွက်နှုန်း၊ မြေပဲထွက်နှုန်းအများဆုံးကျေးရွာဟု ပြောပြကြောင်း တောင်သူတစ်ဦးက ပြောပြသည်။ ရာသီဥတုကောင်းလျှင် နှမ်းထွက်နှုန်းသည် တစ်ဧကလျှင်တင်း ၂၀ ခန့်ထွက်ရှိပြီး မြေပဲဆန်တစ်တင်း ကြဲလျှင် မြေပဲတောင့် ၄၅ တင်းအထိ ထွက်ရှိကြောင်း သိရသည်။

**ဇာဇာ(မကွေး)**

# တစ်ပိုင်တစ်နိုင်မွေးမြူဖို့ အကြံဉာဏ်ကောင်းပေးပါရစေ



ခင်ကျေးလက်

**ကျေးလက်ဒေသမှ မိဘပြည်သူများ တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်သော အိမ်တွင်းစီးပွားရေးလုပ်ငန်းတစ်ခု၊ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ရရှိနိုင်သော အပိုဝင်ငွေတစ်ခုကို မိမိသင်ယူခဲ့ရသည့် အခြေခံမွေးမြူရေးသင်တန်း၏ အသိပညာကိုမျှဝေပေးရင်း အခြေခံစီးပွားရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူနိုင်သည့် ဆိတ်မွေးမြူခြင်းအကြောင်းကို အရပ်သုံးစကားလေးဖြင့် အကြံဉာဏ်ကောင်းပေးကြပါစို့။**

**မွေးမြူရေးဆိုသည်မှာ -** လူတို့မစားသုံးဘဲ ပိုလျှံသော၊ ဈေးပေါသော ပစ္စည်းများဖြစ်သည့် သီးနှံထွက်ကုန်နှင့် ဘေးထွက်ပစ္စည်းများ၊ တိရစ္ဆာန် ဘေးထွက်ပစ္စည်းများကို အိမ်မွေးတိရစ္ဆာန်များအား ကျွေးမွေးခြင်းဖြင့် ၎င်းတို့မှ အသား၊ နို့၊ သားရေ၊ အမွေး၊ လုပ်အား စသည့် တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများကို ထုတ်လုပ်ပေးသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ မွေးမြူသည့် ရည်ရွယ်ချက်အမျိုးမျိုးရှိသော်လည်း ကျေးလက်နေပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် မိသားစုဝင်ငွေတိုးရေးအတွက် မွေးမြူရေးလုပ်ငန်းသည် အဓိကအခန်းကဏ္ဍမှပါဝင်နေပါသည်။

**ဆိတ်မွေးမြူခြင်း -** ဆိတ်မွေးမြူခြင်းကို ရွေးချယ်တင်ပြရခြင်းမှာ အခြား တိရစ္ဆာန် ကြက်၊ ဘဲ၊ ဝက် စသည့် တိရစ္ဆာန်များမွေးမြူခြင်းထက် ငွေကုန်ခံ၍ နေရာသီးသန့်မလိုအပ်ပေ။ ဆိတ်ကို ပူပြင်းခြောက်သွေ့သောနေရာနှင့် တောင်ကုန်းတောင်တန်းဒေသများတွင် မွေးမြူနိုင်ပါသည်။ ကာကွယ်ဆေး အထူးထိုးရန်မလို၊ ဆေးအထူးကျွေးရန်မလို၊ အစာအထူးမလိုအပ်ပေ။ အိမ်တွင် လေလွင့်သည့် အစာများ၊ အသီးအရွက်များနှင့် တစ်ပိုင်တစ်နိုင်မွေးမြူနိုင်ပါသည်။ အရင်းအနှီး အများကြီးရင်းနှီးစရာမလိုဘဲ ထွက်ကုန်များမှာ ဈေးနှုန်းကောင်းကောင်း ရရှိသောကြောင့်ဖြစ်ပါသည်။

**ဆိတ်မွေးမြူရခြင်းရည်ရွယ်ချက် -** ဆိတ်ကိုမွေးမြူရသည့် ရည်ရွယ်ချက်မှာ အသား၊ နို့၊ သားရေ ရရှိရန်အတွက် ဖြစ်ပါသည်။ အိမ်တွင်းစားသုံးမှုမှ ပိုလျှံသည်ကို အပိုဝင်ငွေရရှိစေရန် ဈေးကွက်တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်ပါသည်။

**ဆိတ်မွေးမြူရေးအား ရွေးချယ်မွေးမြူရခြင်းကို သုံးသပ်ကြည့်မည်ဆိုလျှင်**

(က) နွားမွေးမြူရေးထက် အရင်းအနှီးနည်းခြင်း
(ခ) စားကျက်မကောင်းသော်လည်း ကောင်းစွာရှင်သန်ကြီးထွားနိုင်ခြင်း
(ဂ) အချိန်ကာလအနည်းငယ်အတွင်း အကျိုးအမြတ်ရရှိခြင်း
(ဃ) နွားထက်အစာကြမ်းတမ်းမှုဒဏ်ခံနိုင်ခြင်း
(င) အစာကြမ်းများကို နွားထက်ချေဖျက်နိုင်စွမ်းရှိခြင်း
(စ) ကွင်းပြင်ထက် ကုန်းမြင့်များကိုနှစ်သက်ခြင်း
(ဆ) အသားသည်နူးညံ့၍အရသာရှိခြင်း
(ဇ) နို့ညှစ်ရလွယ်ကူခြင်း၊ နို့ထွက်နှုန်းကောင်းခြင်း
(ဈ) မျိုးအောင်မြင်မှုကောင်းသဖြင့် ကောင်ရေတိုးပွားနှုန်းကောင်းခြင်း
(ည) ဆိတ်အဆီသည်လူတို့၏ ကျန်းမာရေးအတွက် အန္တရာယ်မရှိခြင်း

စသည်တို့ကြောင့် ကျေးလက်နေထိုင်သူများအတွက် အရင်းအနှီးမများဘဲ အရန်စားနပ်ရိက္ခာနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ရာတွင် အထောက်အကူပြုနိုင်ပါသည်။

**နွားမွေးမြူရေးနှင့် နှိုင်းယှဉ်ခြင်း**

ဆိတ်မွေးမြူခြင်းသည် နွားမွေးမြူခြင်းထက် အရင်းအနှီးနည်းသည့်အပြင် သဘာဝအရအကြမ်းခံနိုင်သည်။ အစာမရွေး စားသုံးနိုင်သည်။ ကွင်းပြင်ထက် ကုန်းမြင့်ဒေသများကို နှစ်သက်သည်။ တောင်ကုန်းနှင့် ကျောက်တောင်များပေါ်တွင် သွားလာကျက်စားနိုင်သည်။ မြက်၊ သစ်ရွက်အမျိုးမျိုးနှင့် သစ်ပင်များ၏ အခေါက်များကို ခွာ၍စားတတ်သည်။ ဆီးပင် အပါအဝင် ဆူးပင်များကို ကြိုက်နှစ်သက်သည်။ အစာကြမ်းများကို နွားထက် ချေဖျက်နိုင်စွမ်းရှိသည်။ သို့ဖြစ်၍ ဆိတ်များသည် စားကျက်မကောင်းသော်လည်း ကောင်းစွာမွေးမြူနိုင်သည့် တိရစ္ဆာန်ဖြစ်သည်။ ထို့အပြင် ဆိတ်သည် မျိုးအောင်မြင်မှုနှုန်းကောင်းသဖြင့် ကောင်ရေပွားများမှုနှုန်းများပါသည်။

**ထုတ်လုပ်မှုကို နှိုင်းယှဉ်ခြင်း (နို့၊ အသား၊ သားရေ)**

ဆိတ်နို့သည် နွားနို့ထက်ပရိုတိန်းနှင့် အဆီဓာတ်ပါဝင်မှု ပိုမိုများသော်လည်း ဆိတ်နို့အဆီရှိအဆီခဲကလေးများသည် ပိုမိုသေးငယ်သဖြင့် အစာကြေလွယ်သည်။ ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ လူနာများအတွက် ပိုမိုသင့်လျော်သည်။ ဆိတ်နို့တွင် ဗက်တီးရီးယားပါဝင်မှုနှုန်းသည် နွားနို့ထက် နည်းသည်။ နို့ညှစ်ရ လွယ်ကူသည်။ နို့ထွက်နှုန်းကောင်းသည်။ ဆိတ်နို့သည်သာ အာဟာရဓာတ်များပြည့်ဝသည်မဟုတ် ဆိတ်သားသည်လည်း အရသာရှိ၍ နူးညံ့သည့်အတွက် လူတို့ကြိုက်နှစ်သက်ကြသည်။

ထို့အပြင် ဆိတ်သားရေမှာလည်း ဖိနပ်၊ လက်အိတ်၊ လက်ဆွဲအိတ်၊ ဂျာကင်အင်္ကျီ စသည်ဖြင့် အသုံးပြုနိုင်ခြင်းကြောင့် ဆိတ်မွေးမြူရေးသည် ကုန်ကျစရိတ်နည်းနည်းဖြင့် အကျိုးအမြတ်များများရရှိနိုင်သည့် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းအဖြစ် မွေးမြူရန်ကောင်းသည်။

**တစ်ပိုင်တစ်နိုင် မွေးမြူသင့်သောအချက်**

(က) နေရာအတွက် သီးသန့်ငွေကုန်ခံစရာမလို၊
(ခ) မိမိဘာသာ ဝလင်အောင်ရှာဖွေစားသောက်နိုင်၊
(ဂ) အစာအထူးကျွေးရန်မလို၊ အိမ်မှလေလွင့်သည့်အရာများဖြင့် ကျွေးမွေးနိုင်သည်၊
(ဃ) ကာကွယ်ဆေးကို အထူးသုံးစွဲရန်မလို၊ (ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်ပါသည်။)
(င) အခြားတိရစ္ဆာန်များထက် ရာသီဥတုဒဏ်ခံနိုင်သည်၊
(စ) မြေဆီလွှာအလွန်ညံ့သောဒေသတွင်ပင် မွေးမြူနိုင်သည်၊
(ဆ) မြက်ရင့်၊ သစ်ရွက်မျိုးစုံ၊ သစ်ခေါက်များကို စားသောက်နိုင်သည်၊
(ဇ) အရင်းအနှီးအများကြီးသုံးရန်မလို၊
(ဈ) အချိန်ကာလအနည်းငယ်အတွင်း အကျိုးအမြတ်ရရှိခြင်း၊
(ည) ဈေးနှုန်းကောင်းခြင်း

စသည်တို့ကြောင့် တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်မွေးမြူခြင်း၊ ပြည်တွင်းစားသုံးမှုမှသည် ပိုလျှံသည်ကို ပြည်ပသို့တင်ပို့၍ နိုင်ငံခြားငွေရှာဖွေနိုင်သည်အထိ အမြတ်ရရှိအောင် ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ရပါသည်။

ကျေးလက်ဒေသမှ မိဘပြည်သူများ တစ်ပိုင်တစ်နိုင်မွေးမြူရေးအတွက် လုပ်ကိုင်နိုင်သော အိမ်တွင်းစီးပွားရေး လုပ်ငန်းတစ်ခု၊ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ရရှိနိုင်သော အပိုဝင်ငွေဖြစ်ပါကြောင်း မိမိသင်ယူခဲ့ရသည့် အခြေခံမွေးမြူရေးသင်တန်း၏ အသိပညာကို မျှဝေပေးရင်း အခြေခံမွေးမြူရေးသင်တန်းမှ ဆရာ ဆရာမများကို ဂါရဝပြုကျေးဇူးတင်ရင်း ဤစာဖြင့် ကျေးဇူးဆပ်ပါသည်။

❖ ❖ ❖

## မနောသုခစပါးများ စတင်ရိတ်သိမ်း၊ တစ်တင်း ကျပ် ၄၀၀၀ ဖြင့် ရောင်းချ

**မြင်းမူ ဧပြီ ၂၅**

မြင်းမူမြို့ ရွှေစောလူးအင်း ကွင်းအမှတ်(၁၂)တွင် မနောသုခစပါးများအား ဧပြီ၂၁ရက် နံနက်ပိုင်းမှ စတင်၍ ရိတ်သိမ်းနေကြောင်းသိရသည်။

"မနောသုခစပါးမျိုးကို ပြီးခဲ့တဲ့နှစ် တန်ဆောင်မုန်းလပြည့်ကတည်းက မျိုးစေ့လေးအိတ်ပျိုးထောင်ခဲ့ပါတယ်။ တစ်အိတ်ကို ငွေကျပ် ၁၅၀၀၀ (လမ်းစရိတ်မပါ) ပုသိမ်ကြီးမြို့နယ် မျိုးသန့်စက်ရုံကို သွားရောက်ဝယ်ယူခဲ့ပါတယ်။ ပြာသိုလဆန်းထဲမှာ အလုပ်သမား ၁၅/၁၆ ဦးလောက်နဲ့ ပျိုးနုတ်၊ ပြန်စိုက်ခဲ့တာ အခုရိတ်သိမ်းချိန်မှာတော့ အလုပ်သမား ၅၀ ခန့်နဲ့ရိတ်သိမ်းခွေလှေ့ရပါတယ်။ ရိတ်သိမ်းခွေလှေ့ခက တစ်ဦးကို ကျပ်၂၅၀၀ နှုန်းနဲ့ နေ့ဝက်အပြီးလုပ်ကိုင်ရပြီး နေ့လယ်စာထမင်းကျွေးကာ လက်ဖက်ရည်တိုက်ရတယ်။ စပါးတင်းရေ ၁၅၀ ခန့်ထွက်ရှိမယ်လို့ခန့်မှန်းပါတယ်။ မနှစ်ကလည်း စပါးတင်းရေ ၁၅၀ ခန့် ထွက်ရှိပါတယ်။ အခု စပါးတစ်တင်း ကျပ် ၄၀၀၀နှုန်းနဲ့ ဝယ်ယူနေတယ်။ တစ်ဦးစနှစ်ဦးစလောက်ပဲ ရောင်းချသေးတာ။ မနောသုခစပါးမျိုးကိုစိုက်ရသည့်အကြောင်းရင်းက ရေဖူလုံမှုမရှိခြင်းကြောင့်ဖြစ်ပါတယ်"ဟု စပါးစိုက်တောင်သူ ကိုလင်းလင်းအောင်က ပြောပြသည်။

"အဆိုပါ မနောသုခစပါးကို ပြာသိုလဆန်းမှာစိုက်ပြီး ၁၅ ရက်ခန့်တွင် ခါးဆန့်ရေတင်ရသည်ဆိုသော်လည်း လယ်ကွက်ထဲရေအနေအထားကို ကြည့်ပြီး တင်ပေးရတယ်။ တစ်လခွဲသားမှာ အောင်ရေယူရတယ်။ ဧရာဝတီမြစ်မှတစ်ဆင့် မြစ်ရေတင်ရသည့်အခါ နာရီ ၃၀ ကြာအောင်တင်ပါမှ ကိုယ့်အကွက်ကို ၁၅ နာရီအတွက်သာ ရေချိန်ရပါတယ်။ စက်ခ တစ်နာရီ ကျပ် ၁၀၀၀နှုန်း၊ ဒီဇယ်ဆီက တစ်နာရီနှစ်ပုလင်းကုန်ပါတယ်။ တစ်ပုလင်းကို ကျပ် ၇၀၀ကျော် ကျပါတယ်။ မြေဆီ/ဆေးဖိုးကုန်ကျငွေက ကျပ် ၇၀၀၀၀/၈၀၀၀၀ ခန့်ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။ အင်းထဲမှာ ရိတ်သိမ်းခွေလှေ့စက်ဖြင့်လုပ်ကိုင်နေတာမြင်၍ တောင်သူဦးမျိုးသန့်ကိုမေးကြည့်ရာ တစ်ဧက ကျပ် ၄၀၀၀၀ ပေးရကြောင်း ပြောပြသည်။ (၆၂၄)

## ဒေါ်သူဇာဝင်း (စာရင်းကိုင်သင်တန်း)

B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc

# LCCI 1, 2, 3
## MYOB & AutoCount

Nov/2015 Series တန်းခွဲသစ်များ ကျောင်းအပ်လက်ခံပြီ

| | |
|---|---|
| ခုံနံပါတ် ကြိုယူနိုင်ပြီ | အမှတ်(၃၀)၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ တာမွေမြို့နယ်။ (မြလမ်းမှတ်တိုင်၊ဦးချစ်မောင်အိမ်ရာရှေ့) |

Ph: 09-5029621, 09-5402724, 09-250371045

**Holiday** အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၅ - မေလ (၃) ရက်နေ့ ဖွင့်မည်
- အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
- စက်ပြင်အထူးသီးသန့် (၂)လသင်တန်း

(နယ်ဝေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)
အမှတ် ၄၉ (ခ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၈၆၇၂၁၁၄၊ ၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၄၄၀၂၆၂၃၇

ဗုဒ္ဓံ ဓမ္မံ သံဃံ ပူဇေမိ

# သစ္စာ အာမခံ စိန်၊ ရွှေ၊ ပလပ်တီနမ် ဆိုင်

"နှစ်သစ်တွင် မိတ်ဟောင်းမိတ်သစ်များ မင်္ဂလာအပေါင်းနှင့် ထာဝရပြည့်စုံနိုင်ကြပါစေ"

- ရောင်းသူနှင့် ဝယ်သူကြား သစ္စာတရားကို လက်ကိုင်ထား၍ ရောင်းချပေးနေသော သစ္စာရွှေဆိုင်မှ ဆိုင်သစ်ကြီးကို ထပ်မံဖွင့်လှစ်လိုက်ပါသည်။
- ဆိုင်သစ်ကြီးတွင် အရည်အသွေးမြင့် ခေတ်မီဆန်းပြားဒီဇိုင်းဆန်း ပလက်တီနမ်၊ စိန် နှင့် ရွှေထည် လက်ဝတ်ရတနာများကို တိကျမှန်ကန်သော Digital စက်ဖြင့်ချိန်တွယ်၍ ပစ္စည်းမှန် ၊ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆိုင်(၁)- အမှတ် (၄၉၆)၊ မဟာဗန္ဓုလလမ်း၊ ၂၉-လမ်းထိပ်၊ ဖုန်း - ၀၁-၃၈၄၈၆၆၊ ၀၉-၄၄၈၂၀၇၇၇၇
ဆိုင်(၂)- အမှတ် (၅၃၀)၊ မဟာဗန္ဓုလလမ်း၊ ၂၇-လမ်းထိပ်၊ ဖုန်း - ၀၁-၂၄၆၁၂၀၊ ၀၉-၂၅၉၂၅၉၁၈၈

တိုးတက်ပြောင်းလဲလာသော ပညာရေးစနစ်သစ်ကို မျက်ခြည်မပြတ်လေ့လာနေသည့် မိဘများနှင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူအားလုံး ယုံကြည်စိတ်ချစွာ အပ်နှံဖို့ရန် N-3 မှ ကြိုဆိုလိုက်ပါသည်။

**ကိုယ်တိုင်သင်ကြား၊ တည်ထောင်၍ တာဝန်ယူစီစဉ်ဖွင့်လှစ်သော**

- ဦးညွှန့်လွင် (ရူပဗေဒ)
- ဦးညီညီ (ဓာတုဗေဒ)
- ဒေါက်တာဇော် (ဇီဝဗေဒ)

# N-3
(PRIVATE SCHOOL)

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့် ထူးချွန်ရေးဘော်ဒါ (၅ တန်း မှ ၁၀ တန်းအထိ)

၂၀၁၅-၂၀၁၆ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံနေပါပြီ

ဘော်ဒါဆောင်တာဝန်ခံ ဆရာနှင့် ဆရာမ များ အလိုရှိသည်။ လျှောက်လွှာအမြန်တင်ပါ။

အမှတ်(၁၃၄)၊ လွတ်လပ်ရေးလမ်း(ခရိုင်တရားရုံးလမ်း)၊ သုဝဏ္ဏဈေးအနီး၊ သင်္ဃန်းကျွန်းမြို့နယ်။
Ph: 01-577874, 09-73180267, 09-421167047, 09-420046938


■
ကိုယ့်အသက်ရှင်နေသမျှ
မျှော်လင့်လို့ရတဲ့
မနက်ဖြန်တွေအတွက်
ဒီနေ့တွေ အမြဲရှိနေပါတယ် ညီမလေး..
လူ့ရဲ့အစွမ်းအစကို
လျှော့ချမပစ်ဖို့သာ လိုတာပါ..
(ခင်လန်းဆန်း)

ဖြန့်ချိရေး – စာပေခရီးသွားများ
ဖုန်း – ၀၉ ၅၄၀၃၃၆၉ ၊ ၀၉ ၅၄၁၅၃၀၉




# CAREER OPPORTUNITIES;
## WANT TO JOIN THE WINNING TEAM

We want to work with the best people, who are engaged and passionate about our business, our products and our customers.



**APPLY NOW**

| | | |
|---|---|---|
| (1) Marketing Manager | F | (1) Post |
| (2) Marketing Executive | M/F | (7) Posts |
| (3) Sales Executive | M/F | (7) Posts |
| (4) Accountant | F | (1) Post |
| (5) Auto CAD Draftman | M/F | (2) Posts |
| (6) Store Keeper | M/F | (1) Post |

Please visit **www.richlife.com.mm** for more about us.
Walk-in-interviews for all posts will be held on
25 April 2015 to 20 May 2015 at office hours.

**RICH LIFE** COMPANY LIMITED
1017(C), Pyay Road, Saw Bwar Gyi Gone, Insein Township, Yangon.
09 250440315, 09 43181157, 09 250190379, 09 420255330

